www.burmeseclassic.com

# မှားသူ

# ရနံ့ရဲ့ ကိုယ်ရေးကိုယ်တာ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ်- ၅၀၀၅၄၅၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၅၀၁၀၈၀၀၉၁၁

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) ၃၈၊ (၃ လွှာ)၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မြင့်ဝင်း (ကာလာပုံနှိပ်တိုက်) ၁၈၄(ဘီ)၊ ၃၁ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - | America |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၁၁ ခုနှစ်၊ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

၈၉၅.၈၃

မျှားသူ

ရန်နဲ့ရဲ့ကိုယ်ရောင်ကိုယ်ဝါ / မျှားသူ။
- ရန်ကုန် ၊ အိပ်မက်အသစ်၊ ၂၀၁၁။
(၁၇၈) စာ၊ ၁၂.၂ × ၁၈.၁ စင်တီ။
(၁) ရန်နဲ့ရဲ့ကိုယ်ရောင်ကိုယ်ဝါ


www.burmeseclassic.com

www.burmeseclassic.com

# မျှားသူ

# ရန်နိုင်၏ကိုယ်ရောင်ကိုယ်ဝါ

www.burmeseclassic.com

www.burmeseclassic.com



၂၁ ရာစု မိဆိုးလေးများအတွက်...



www.burmeseclassic.com

www.burmeseclassic.com



(၁)

ဝသန်ကာလရဲ့ နောက်ဆုံးမိုးစက်တွေ ဖြည်းဖြည်းချင်း လျော့နည်း လွင့်ပျောက်စပြုနေပြီဖြစ်တဲ့ ဟောဒီလို စက်တင်ဘာလဆန်း ရက်တစ်ရက်မှာ ကိုကိုနဲ့ ကျွန်မ တို့နှစ်ယောက် စတင်ဆုံတွေ့ခဲ့ကြတာကို ကျွန်မ ခုထက်ထိ ပြန်သတိရမိပါသေးတယ်...ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



ဒီကဖေးဆိုင်မှာရှိတဲ့ ဟောဟိုပြတင်းပေါက်ကလေးကနေ လှမ်းကြည့်လိုက်စမ်းပါ ကိုကို။

ဘယ့်နှယ်လဲ...ကိုကို။

ဒီကဖေးဆိုင်ရဲ့ ပြတင်းပေါက်ကလေးကနေတစ်ဆင့် ကိုကို ဘယ်အရာတွေကို မြင်ရသလဲ။

ပြာလွင်ပြန့်ကျယ်နေတဲ့ ဆုံးစမဲ့ကောင်းကင် လွင်ပြင်ကြီးကို ကိုကိုအရင်ဆုံး မြင်ရမှာပေါ့။

အဲဒါပြီးရင် အနည်းငယ်ညိုရောင်သန်းနေပေမယ့် ငွေရောင် အနားသတ်မျဉ်းတွေကြောင့် အသက်ဝင်နေတဲ့ တိမ်စိုင်တိမ်ခဲတချို့ကို လည်း ဆုံးစမဲ့ကောင်းကင်လွင်ပြင်ကြီးထဲ ရွေ့မျောနေတာ ကိုကို တွေ့ ရလိမ့်ဦးမယ်။ ပြောရင်းဆိုရင်း ငွေတိမ်စိုင်တွေပေါ်ကို ဖြတ်ပျံနေကြတဲ့ အမျိုးအမည်မသိငှက်တွေလေ...။

တော်တော့ ကိုကို။

ပြတင်းပေါက်ဆီ လှည့်ထားတဲ့ ကိုကို့မျက်နှာကို ကျွန်မဖက်ကို ပြန်လှည့်လိုက်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com



စောစောက မြင်ရတဲ့ ငှက်တွေထက် ပိုပြီးဝေးလံတဲ့အရပ်ကနေပြီး ကိုကို့ဆီ မနားတမ်းပျံသန်းလာခဲ့တဲ့ ကျွန်မရဲ့မျက်နှာကို တစ်ချက်လောက်တော့ စိတ်ဝင်တစား စိုက်ကြည့်သင့်တာပေါ့ ကိုကိုရယ်။

တစ်ချိန်က ကိုကို့အပေါ် နည်းလမ်းမျိုးစုံအောင် အနိုင်ယူခဲ့ဖူးတဲ့ ကိုကိုသိပ်ချစ်ခဲ့တဲ့ နမော်နမဲ့နိုင်တဲ့ ကောင်မလေးတစ်ယောက်ရဲ့ မျက်နှာပါ ကိုကို။

တကယ်လို့ အဲဒီကောင်မလေးရဲ့ မျက်နှာကို စိုက်မကြည့်ချင်ဘူးဆိုရင်တောင် ကျေးဇူးပြုပြီး ကိုကို့မျက်နှာကို တခြားဖက်တော့ လွှဲဖယ်မပစ်လိုက်ပါနဲ့နော်။

ကိုကိုက မမြင်ချင်တော့ပေမယ့် ကျွန်မကတော့ ကိုကိုနဲ့ ပြန်ဆုံးဖို့ ဟိုးအဝေးကြီးကနေ လာခဲ့ရတာလေ။ ကိုကို့မျက်နှာကို တဝကြီး ငေးပစ်လိုက်ချင်ပါသေးတယ်…ကိုကိုရယ်။

ကိုကို ဝလာတယ်နော်။

အင်းလေ…ကိုကိုနဲ့ကျွန်မ အဆက်အသွယ်ပြတ်သွားပြီးနောက်ပိုင်းမှာ ကျွန်မ မရှိတော့လို့ ကိုကို စိတ်ချမ်းချမ်းသာသာ နေထိုင်နိုင်တဲ့နေ့ရက်တွေ ပိုများလာတယ်ထင်ပါရဲ့။

ကျွန်မကလည်း ကျွန်မပါပဲ။ ကိုကို့ကို စိတ်ဆင်းရဲဒုက္ခတွေ ပေးဖို့များ မွေးဖွားလာသလားမသိဘူး။ ဟိုတုန်းက ကျွန်မကြောင့် ကိုကို သိပ်ပင်ပန်းခဲ့မှာပဲနော်။

ပင်ပန်းဆို…ကိုကိုနဲ့ကျွန်မတို့ရဲ့ ပထမဆုံးအကြိမ် တွေ့ဆုံမှုမှာတင် ကျွန်မကြောင့် ကိုကို စိတ်ဒုက္ခရောက်ခဲ့ရတယ်လေ။ တချို့ ကိစ္စရပ်တွေဟာ ဘယ်လိုပဲ မဖြစ်နိုင်ဘူးပြောပြော ဘယ်လိုပဲ ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်မှုတွေ လုပ်ထားလုပ်ထား ထူးဆန်းပြီးပြောရခက်တဲ့ ကျိုးကြောင်းတိုက်ဆိုင်မှုတွေ ကြုံကြိုက်ဖြစ်ပေါ်လာရင် အဲဒီဖြစ်ရပ်ကို ဘယ်တန်ခိုးရှင်ကမှ တားမရဘူး။ ဘယ်နတ်ဆိုးကမှလည်း ဖျက်ဆီးမရဘူး။ ကိုကိုနဲ့ကျွန်မ ဆုံဆည်းခဲ့တဲ့ ကိစ္စလိုမျိုးပေါ့။

ခုပဲ ကြည့်လေ…ကိုကို။

ကိုကိုရှိရာဆီ မောပန်းတကြီး လိုက်လံရှာဖွေနေခဲ့တဲ့ နေ့ရက်အများကြီးထဲကနေ ကိုကို့ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ခွင့်ရတဲ့ ဒီနေ့ဟာ ဘာဖြစ်လို့များ ဟိုအရင် ကိုကိုနဲ့ကျွန်မ စပြီးဆုံတွေ့ခဲ့တဲ့ နေ့တုန်းကလို ရာသီဥတုမျိုး ရှိနေရတာလဲဟင်။

အဲဒီနေ့က ကျွန်မအတွက် လိုအပ်တဲ့ ပစ္စည်းပစ္စယတွေအပြင် မြို့ထဲက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတဲ့ ကျွန်မရဲ့အဒေါ်ဖြစ်သူ အန်တီစန္ဒာကပါ အိမ်အတွက် ပစ္စည်းတချို့ ဝယ်ပေးလိုက်တာကြောင့် မြို့ထဲကနေ မြောက်ဥက္ကလာကိုအပြန်မှာ ကျွန်မလက်ထဲ ပလပ်စတစ်လက်ဆွဲအိတ်တွေရယ် စက္ကူလက်ဆွဲအိတ်တွေရယ်ဟာ ရှုပ်ယှက်ခတ်လို့ပေါ့။

ရန်ကုန်မြို့ကြီးမှာ အမြဲတမ်း လိုင်းကားစီးရတာကိုပဲ နှစ်သက်ခဲ့တဲ့ ကျွန်မဟာ လက်ထဲက ပစ္စည်းပစ္စယတွေကြောင့် တက္ကစီငှားစီးဖို့ စိတ်ကူးရမိသေးပေမယ့် ရှေ့ကို အသင့်ထိုးရပ်လာတဲ့ ၄၃ အဲကွန်းဘတ်စ်ကြီးကိုမြင်တော့ ထုံးစံအတိုင်း လွယ်လွယ်ကူကူ တက်လိုက်မိတာဟာ ကျွန်မနဲ့ပတ်သက်ပြီး ရှေ့လျှောက် ဆက်တိုက်ကံဆိုးတော့မယ့် ကိုကို့ကို စတင်တွေ့ရှိဖို့ အကြောင်းဖန်လာခြင်းပါပဲ။

ကားပေါ်ကိုတက်ပြီး ခဏကြာတော့မှ ကျွန်မရဲ့ရွှေးချယ်မှု



www.burmeseclassic.com

www.burmeseclassic.com



ဟာ မှားယွင်းသွားမှန်း သိလိုက်ရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မတက်ပြီးနောက် တော်တော်ကြာတဲ့ထိ ရပ်ထားတဲ့ကားဟာ တဖြည်းဖြည်းချင်း ခရီးသည်တွေ ကျပ်ခဲလာလို့ပါ။

စတက်ကတည်းက ထိုင်ခုံမရဘဲ မတ်တပ်ရပ်နေရတဲ့ ကျွန်မဟာ ပိုပြီးကျပ်ခဲလာတဲ့ ဘ၀တူခရီးသည်တွေရဲ့ တွန်းထိုးလှုပ်ရှားမှုတွေကြား ဟန်ချက်ညီအောင်ထိန်းရင်း လက်တစ်ဖက်ကလည်း အထုပ်တွေကို ကိုင်ထားရတာ သိပ်မလွယ်လှပါဘူး။

အဲဒီအချိန်မှာပဲ ရှေ့ကိုအနည်းငယ်ရွေ့သွားပြီး ဗြုန်းဆို ဆောင့်ရပ်ပစ်လိုက်တဲ့ ကားဒရိုင်ဘာရဲ့ဘရိတ်ကြောင့် ကျွန်မဟာ ရှေ့ခုံပေါ်က ကိုကို့အပေါ် အထုပ်တွေနဲ့ ပိပြိကျသွားတော့တာပါပဲ။

အခိုက်အတန့်အားဖြင့်တော့ ကျွန်မနဲ့ကိုကို့အနားမှာ လှုပ်လှုပ်ရှားရှား ရှုပ်ထွေးမှုလေး ဖြစ်သွားတာပေါ့။

ဒီအဖြစ်အပျက်ကြောင့်ပဲ ကိုကိုဟာ ကျွန်မလက်ထဲက အထုပ်တွေအားလုံးကို ယူလိုက်ရသလိုဖြစ်သွားတယ်။ ကျွန်မက ကိုကို့ဘေးမှာ မတ်တပ်ရပ်ရင်း အသက်ကို ၀၀ရှူမယ်တောင် မကြံသေးခင် နောက်ထပ်တက်လာတဲ့ ခရီးသည်တွေရဲ့ တွန်းတိုက်မှုနဲ့ အနောက်ဘက်ကို တစ်လှမ်းချင်း ရွှေ့ဆုတ်မျောပါသွားရပြန်ပါတယ်။ ကျွန်မရဲ့ ပလပ်စတစ်လက်ဆွဲအိတ်ထုပ်တွေနဲ့ စက္ကူအိတ်တွေကတော့ ခုံပေါ်မှာထိုင်နေတဲ့ ကိုကို့ပေါင်ပေါ်မှာ ကျန်ရစ်ခဲ့လေရဲ့။

+++



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ကိုယ်ဆင်းရမယ့်မှတ်တိုင် မရောက်ခင် ဖြူသွယ့်ကို လှည့်ကြည့်ပြီးတော့ ရှာသေးတယ်"

"ကိုကိုရှာတာ ကျွန်မမြင်တယ်၊ ဒါပေမယ့် ကျွန်မက လူတွေကြားညပ်နေတာ ကိုကိုရဲ့"

"အင်း...အဲဒါကို ကိုယ်လည်းတွေးမိပါတယ်၊ အဲဒီနေ့က ကိုယ်ဆင်းရမယ့် မှတ်တိုင်ရောက်တာတောင် ဖြူသွယ့်ကိုမတွေ့လို့ ဖြူသွယ်ဆင်းတဲ့ မှတ်တိုင်ထိလိုက်ခဲ့တယ်"

"ဟင်...ဟုတ်လား ဒါပေမယ့် ကျွန်မဆင်းတဲ့ မှတ်တိုင်မှာ ကိုကိုမဆင်းပါဘူး"

"ဟာ...အဲဒီလိုကြီး ကိုယ်ဆင်းလို့ ဘယ်ကောင်းမလဲ၊ ဖြူသွယ်ဆင်းပြီး နောက်မှတ်တိုင်မှ ကိုယ်ဆင်းတာပေါ့"

+++

ကိုကို့ရဲ့စကားတွေဟာ ရိုးသားမှန်း ကျွန်မသိပါတယ်။ ကျွန်မနေရာမှာ တခြားတစ်ယောက်ဖြစ်နေရင်လည်း ကိုကို ဒီလိုပဲ ဆုံးဖြတ်ဦးမှာပါ။

ဆင်းရမယ့် မှတ်တိုင်ရောက်နေတာတောင် ကိုယ်တာဝန်ယူလက်ခံထားတဲ့ ပစ္စည်းရှင် အနားမှာမရှိလို့ဆိုပြီး ကိုယ်နဲ့တစ်ခုံတည်းထိုင်တဲ့ ဘေးကလူကိုလည်း ကျိုးကြောင်းပြောပြပြီး ပစ္စည်းတွေ မပေးခဲ့ချင်ဘူးတဲ့။ ကိုယ့်ကြောင့် မဆိုင်တဲ့လူတစ်ယောက်ကို သပ်သပ်မဲ့ ဒုက္ခပေးသလို မဖြစ်စေချင်တာဟာ ကိုကို့ရဲ့ ချစ်စရာကောင်းတဲ့ စိတ်ထားတစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကျွန်မကတော့ အိမ်ကိုဖြောင့်ဖြောင့်တန်းတန်း ပြန်ရောက်ခဲ့ပေမယ့် ကိုကိုကတော့ သူငယ်ချင်းပန်းချီဆရာတွေဆီကို ချိန်းထားတဲ့အချိန်ထက် နောက်ကျပြီးမှရောက်လို့ ဝိုင်းပြီးကောတာခံလိုက်ရတယ်လေ။

ပထမဆုံးတွေ့ဆုံမှုမှာ ကျွန်မဟာ ကိုကို့ကို အမှတ်တမဲ့ပဲ သဘောထားခဲ့ပါတယ်။ ကိုကို့ဖက်ကလည်း ကျွန်မထက်ပိုပြီး သတိတရရှိပေမယ့် ဘယ်လိုမှ စိတ်ထဲမထားခဲ့တဲ့ တွေ့ဆုံမှုလေးပါ။

ဒါပေမယ့် နောင်အခါမှာ ကျွန်မနဲ့ ဒုတိယအကြိမ်ပြန်တွေ့တော့ ကျွန်မက ကိုကို့ကိုမမှတ်မိပေမယ့် ကိုကိုက ကျွန်မကို ချက်ချင်းမှတ်မိသွားတာကတော့ ကျွန်မနဲ့ကိုကိုရဲ့ ရှေ့ဆက်ခင်မင်မှုအတွက် အရေးပါတဲ့ အမှတ်တရလေးတစ်ခု ဖြစ်လာစေတော့တာပဲပေါ့။

❑



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကိုကို့မှာ တခြားယောကျ်ားလေးတွေနဲ့ မတူတဲ့အချက်တွေ အများကြီးရှိတယ်။ အဲဒီထဲက သိသာမြင်သာတဲ့ တစ်ချက်ကတော့ ဘယ်အချိန်ပဲကြည့်ကြည့် ပကတိ အပြစ်ကင်းစင်နေတတ်တဲ့ ကိုကို့မျက်နှာပါပဲ။ အထူး သဖြင့် ခုလိုမျိုး ကျွန်မကိုစိုက်စိုက်ကြည့်တတ်တဲ့ ဘယ်သူနဲ့မှမတူတဲ့ ရိုးသားလွန်းတဲ့ ကိုကို့ရဲ့ ချစ်စရာမျက်လုံးတွေလေ…။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမျက်လုံးတွေမှာ ညှို့နိုင်လွန်းတဲ့ မှော်ဆန်ဆန်ဓာတ်လှိုင်းတွေ ဘယ်လောက်တောင် စီးဆင်းဝင်းပနေသလဲဆိုတာ ဘယ်တုန်းကမှ တိကျမှန်ကန်စွာ ကျွန်မ မခန့်မှန်းတတ်လောက်ပါပဲ ကိုကိုရယ်။

ဒါဟာ ကျွန်မရဲ့ ညံ့ဖျင်းမှုသက်သက်တော့ ဟုတ်ဟန်မတူဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကိုကို့မျက်လုံးတွေရဲ့ မှော်ဆန်ဆန် ညှို့အားတွေဟာ ကျွန်မ ကြိုတင်ခန့်မှန်းထားတာထက် အမြဲတမ်းနီးပါး ပိုမိုရဲရင့်ရိုးသားနေတတ်လို့ပါ။ (နောက်ပိုင်း ကျွန်မနဲ့ပတ်သက်ပြီး အကြီးအကျယ် ကိုကို စိတ်ဓာတ်ကျဆင်းသွားခဲ့တဲ့ အချိန်တွေကလွဲရင်ပေါ့)

ကိုကို့ရိုးသားမှုမျက်လုံးတွေနဲ့ အပြစ်ကင်းတဲ့ ကိုကို့မျက်နှာအကြောင်းကို ကျွန်မ ဘာဖြစ်လို့များ ဒီလောက်ထိ တဖွဲ့တနွဲ့ပြောပြနေတယ်လို့ ကိုကိုထင်သလဲ။

ဟင့်အင်း…နေဦး။

မပြောနဲ့ ကိုကို။

အဲဒီအစား ကိုကို့ရှေ့မှာချထားတာ နည်းနည်းကြာနေပြီဖြစ်တဲ့ ကော်ဖီခွက်ကို ကောက်ကိုင်ပြီး တစ်ငုံလောက်သောက်လိုက်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့အတွက် ကိုကို့ကို ကျွန်မ စကား ပြောခွင့်မပေးနိုင်လို့ပဲ။

ကိုကိုနဲ့ကျွန်မ အနေဝေးခဲ့ရတဲ့ သုံးနှစ်တာကာလမှာ ကိုကို့ ဘက်က ကျွန်မကိုပြောခဲ့တာတွေ သိပ်များလွန်းလှပါပြီ။

ဒီနေ့တော့ သုံးနှစ်လုံးလုံး အသံတိတ်နေခဲ့ရတဲ့ ကျွန်မကပဲ ကိုကို့ကို စ(...)ားတွေ တဝကြီးပြောပါရစေနော်။

ဟော…ကြည့်။

အဲဒီမျက်လုံးတွေနဲ့ ကျွန်မကို ကိုကိုစိုက်ကြည့်နေပြန်ပြီ။ ကိုကိုနဲ့ ကျွန်မ ဒုတိယအကြိမ် ဆုံဆည်းတုန်းကအတိုင်း တစ်ထပ်တည်းတူတဲ့ အကြည့်ပေါ့။

+ + +

အဲဒီအချိန်တုန်းက ကျွန်မဟာ နာမည်ကြီးအင်္ဂလိပ်ဘာသာ သင်တန်းတစ်ခုကို ရှာမတွေ့လို့ နာရီအတော်များများ အူလည်ဂျာလည် ရိုက်နေတဲ့ အချိန်ပေါ့။

ရန်ကုန်မြို့ကို ရောက်လာတာ သိပ်မကြာသေးတဲ့ ကျွန်မ အတွက် ရန်ကုန်မြို့ထဲက သွားချင်တဲ့နေရာ သွားတတ်ဖို့နေနေသာသာ ဘတ်စ်ကားတွေရဲ့ နံပါတ်ကိုကြည့်ပြီး ဘယ်ရောက်မှန်းတောင် ကောင်း ကောင်းမခွဲခြားတတ်သေးဘူးလေ။

ဒီလိုနဲ့ လက်ထဲမှာ လိပ်စာစာရွက်ပိုင်းလေးကို ကိုင်ရင်း အင်္ဂလိပ်ဘာသာသင်တန်းကို ပန်းဆိုးတန်းတစ်ဝိုက်မှာ ကျွန်မ လိုက်ရှာ နေခဲ့မိတယ်။

ကျွန်မရှာနေတဲ့ အင်္ဂလိပ်ဘာသာသင်တန်းကို အချိန်တော်



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာကြာထိ မတွေ့ရပေမယ့် အနီးအနားကလူတွေဆီ ကျွန်မ မေးမြန်းစုံစမ်းပြီး အကူအညီမတောင်းမိပါဘူး။

ကျွန်မကို တောကတက်လာတဲ့ အ,အမလေးလို့ အထင်မခံနိုင်လို့ပါ။

အမှန်တော့ အဲဒီကတည်းက တစ်ယောက်ယောက်ကို မေးလိုက်ရင် အလွယ်ကလေး အဆင်ပြေသွားမှာသေချာတယ်။ တခြားလူဆီ မမေးလိုက်မိတာဟာ ကိုကိုနဲ့ကျွန်မ ဒုတိယအကြိမ်ဆုံဖို့ ဖြစ်လာတာပဲပေါ့။

နောက်ပြီး ကျွန်မနဲ့ပတ်သက်လို့ ကိုကို နောက်ထပ် စိတ်အနှောင့်အယှက်ဖြစ်ဖို့ အကြောင်းသင့်သွားတာလို့ ပြောရင်လည်း ရနိုင်ပါတယ်။

+++

"ခွေးမလေး အရင်တုန်းက ပန်းဆိုးတန်းကို မသွားတတ်လို့ ကိုယ်က လိုက်ပို့ပေးခဲ့ရတယ်…ခုတော့ ဒင်းက နိုင်ငံခြားမှာ ဂျင်ပေါက ထုံးစက်ဖြစ်နေပြီပေါ့"

+++

ဒါကတော့ ကျွန်မကို ပန်းဆိုးတန်းက အင်္ဂလိပ်ဘာသာ သင်တန်းဆီရောက်အောင် လိုက်ပြပေးခဲ့တဲ့ အဖြစ်ကိုရည်ရွယ်ပြီး နိုင်ငံခြား ရောက်နေချိန်မှာ ကျွန်မဆီပို့လိုက်တဲ့ ဟိုးအစောပိုင်းကာလ ကိုကို ဆီးမေးလ်ထဲက စကားတစ်ခွန်းပဲဖြစ်ပါတယ်။

ကိုကိုက တစ်ခါတလေ စိတ်ကူးပေါက်ရင် စောစောက စာထဲကလို 'ခွေးမလေး'လို့ ကျွန်မကိုခေါ်တတ်တယ်။ ကိုကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ စိတ်ဆိုးလို့မဟုတ်ပါဘူး။ ကျွန်မကို ချစ်လွန်းလို့ အသည်းယားပြီး ချစ်စနိုးခေါ်လေ့ရှိတဲ့စကားပါ။

အင်္ဂလိပ်ဘာသာ သင်တန်းကို ရှာမရတဲ့အဆုံးမှာ ကျွန်မလည်းတောကတက်လာတဲ့ အ,အ မလေးလို့ လူထင်ခံရမှာကို မရှက်တော့ပါဘူး။ နီးရာလူကိုပဲ မေးမြန်းဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ အဲဒီအချိန်မှာပဲ တိုက်ခန်းလေ့ကားတစ်ခုရဲ့ ခြေရင်းမှာထိုင်နေတဲ့ ကိုကို့ကို ကျွန်မမြင်တွေ့လိုက်ရတော့တာပါပဲ။

ကျွန်မ လှမ်းကြည့်လိုက်ချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ကိုကိုကလည်း ကျွန်မဆီတည့်တည့် မျက်လုံးကလေးလှန်ကြည့်လိုက်တာနဲ့ကြုံတယ်။ ကိုကို့မျက်လုံးထဲက မှော်ဆန်တဲ့ အခိုက်ခတ်လှိုင်းတွေကကျွန်မခန္ဓာကိုယ်တစ်လျှောက် ဖြတ်စီးသွားတယ်။

ကျွန်မတို့နှစ်ယောက် ခဏတော့ မင်တက်မိသွားကြတယ်နဲ့တူတယ်။

တကယ်တော့ ကိုကိုက ကျွန်မကို မထင်မှတ်ဘဲ တွေ့လိုက်ရတော့ တစ်နေရာရာမှာ မြင်ဖူးတွေ့ဖူးပြီး ဘယ်နေရာမှာ မြင်တွေ့ဖူးသလဲဆိုတာ စဉ်းစားနေလို့ ခဏမင်သက်သလို ဖြစ်နေတာပါ။ ကျွန်မကသာ အဲဒီလိုမဟုတ်ဘဲ ရုတ်တရက်တွေ့လိုက်ရတဲ့ အပြစ်ကင်းစင်တဲ့ကိုကို့မျက်နှာနဲ့ မှော်မျက်လုံးတစ်စုံအောက်မှာ အမှန်တကယ် မှင်သက်ခဲ့ရသူဖြစ်ခဲ့တာ။

အဲဒီမှင်သက်မှုရဲ့ နောက်ကွယ်မှာ ကျွန်မ တစ်ခုသိလိုက်ရတာက ကိုကိုဟာ သေချာပေါက် ကျွန်မကို ကူညီနိုင်မယ့်လူပဲဆိုတာပါ။

"ဒီမှာလေ ဟို ကျွန်မကို အကူအညီတစ်ခု ပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



မထုံတက်သေးပုံစံနဲ့ အနားကပ်လာတဲ့ ကျွန်မကို ကိုကိုက စူးစမ်းသလိုကြည့်တယ်။

"အင်း…ရပါတယ် ပြောပါ"

"ဒီလိပ်စာထဲက အင်္ဂလိပ်ဘာသာသင်တန်းကို ရှာမတွေ့ဘူး ဖြစ်နေလို့…အဲဒါ…"

လက်ထဲက လိပ်စာစက္ကူပိုင်းလေးကို ကျွန်မ ကိုကို့ဆီ ထိုးပေးလိုက်တယ်။

"သြော်…ဒီသင်တန်းက စောစောက ခင်ဗျားလာတဲ့ဘက်ကို ပြန်လျှောက်ရမှာပဲ…ခင်ဗျား ကျော်လာခဲ့ပြီ"

ကိုကိုက ခပ်လှမ်းလှမ်းမှာ ကျန်ခဲ့တဲ့ တစ်နေရာဆီ လက်ညှိုးညွှန်ပြတယ်။ ပြီးတော့…

"ဟိုးမှာ တွေ့လား၊ တရုတ်စားသောက်ဆိုင် ဆိုင်းဘုတ်၊ အဲဒီဆိုင်းဘုတ်ဘေးက လှေကားကနေ တက်သွား"

"ဘယ်မှာလဲဟင်…ဟင့်အင်း…ကျွန်မ မတွေ့သေးဘူး"

"ဟိုမှာလေဗျာ…စားသောက်ဆိုင် ဆိုင်းဘုတ်ကြီးကို မတွေ့ဘူးလား"

အနည်းငယ်စိတ်ပျက်သွားပုံနဲ့ ကိုကိုက ဆက်ညွှန်ပြတယ်။ ဒါပေမယ့် ထုံးစံအတိုင်း နမော်နမဲ့နိုင်တဲ့ ကျွန်မကတော့ ကိုကိုပြောတဲ့ တရုတ်စားသောက်ဆိုင် ဆိုင်းဘုတ်ကို မမြင်ပါဘူး။ အဲဒါကြောင့် ရှေ့နောက်သိပ်စဉ်းစားမနေတော့ဘဲ…

"မထူးပါဘူး အစ်ကိုရယ်၊ ကျွန်မကို အဲဒီနေရာ လိုက်ပို့ပေးပါလားရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…အဲဒီလို လိုက်ပို့လို့တော့ ဖြစ်မယ်မထင်ဘူး၊ ကျွန်တော်က ဟိုလေ"

ကိုကို စိတ်ညစ်သွားပုံရတယ်။ လှေကားရင်းမှာထိုင်ရင်း ခေါင်းတွေ ဘာတွေတောင်ကုတ်လို့။

"လုပ်ပါ အစ်ကိုရယ် ဟိုဘက်နားလေးတင် လိုက်ပြရမှာပဲကို"

"ဘာထူးလဲဗျာ ဟိုဘက်နားလေးတင် ခင်ဗျားမေးသွားလိုက်တော့ပေါ့ ကျွန်တော် လမ်းညွှန်ပြလိုက်မယ်"

အဲဒီအချိန်တုန်းက ကျွန်မ မသိခဲ့တာက ကိုကိုဟာ ပြီးခဲ့တဲ့ နှစ်ရက်နဲ့နှစ်ညလုံးလုံး ကောင်းကောင်းမအိပ်ရသေးတာကိုပါပဲ။

"အင်းလေ…ဟိုဘက်နားလေးတင်ပဲကို ပို့မယ့်ပို့ ခရီးဆုံးထိ လိုက်ပို့ပေါ့"

"မပို့ချင်လို့ မဟုတ်ပါဘူးဗျာ၊ ကျွတ်…ဘယ်လိုပြောရမလဲ မသိဘူး"

"လိုက်ပို့ပေးပါ အစ်ကိုရယ် ယောကျ်ားလေးဖြစ်ပြီး ဒါလေးကို ကပ်နေတယ်"

ကျွန်မရဲ့ တဖွတ်ထိုးဆန်တဲ့ စကားအဆုံးမှာ ကိုကိုက ဝေါက်ခနဲ မတ်တပ်ထရပ်တယ်။ ကိုကို့မျက်နှာဟာ လိုတာထက် ပိုတင်းမာနေသလိုပဲ။

"ဟုတ်ပြီလေ ကျွန်တော် ခင်ဗျားကို အဲဒီသင်တန်းအရောက် လိုက်ပို့ပေးမယ် ဟုတ်ပြီလား"

ဂျင်းဘောင်ဘီနောက်အိတ်ကပ်မှာ ပေနေတဲ့ဖုန်တွေကို လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခါရင်း ကိုကိုပြောတယ်။ ပြီးတော့ ကျွန်မရှေ့ကနေ လိပ်စာစက္ကူပိုင်း လေးကိုင်ပြီး လျှောက်သွားတယ်။

ကျွန်မကတော့ ပြုံးစားကြီး ထထွက်သွားတဲ့ ကိုကို့နောက်ကို ဒရောသောပါးလိုက်ရင်းနဲ့ 'ဘာလဲဟ…ကူညီမယ်ဆိုတော့လည်း ချက်ချင်းကြီးပါလား'လို့ စိတ်ထဲက တွေးမိနေပါတယ်။

နောက်ပိုင်းမှ ပြန်သတိရလာတာကတော့ ကိုကိုက သူငယ်ချင်း တွေနဲ့ စုပြီးနေတဲ့တိုက်ခန်းမှာမအိပ်ဘဲ ပန်းချီတွေဆွဲနေတာ နှစ်ညရှိခဲ့ ပြီတဲ့။ ကိုကို့သူငယ်ချင်းတွေနဲ့ စုပေါင်းပြမယ့် ပန်းချီပြပွဲက နီးနေလို့ ဆိုပဲ။ အဲဒါ အခုတိုက်ခန်းအောက်ကို ရေဆူဆေးပြား ဆင်းဝယ်ရင်း ပြန်အတက်မှာ မူးလာလို့ ခဏနားနေတုန်း ကျွန်မနဲ့သွားတွေ့ရတာပါ။

အစကတော့ ကျန်းမာရေး နည်းနည်းချို့ယွင်းနေလို့ လှေကား ရင်းမှာ ထိုင်နားနေတာပေါ့။ ကျွန်မကိုလည်း လမ်းညွှန်ရုံလောက်ပဲ ကိုကိုစိတ်ကူးထားခဲ့တာတဲ့။ ဒါပေမယ့် 'ယောက်ျားလေးဖြစ်ပြီး ဒါ လေးကိုကပ်နေတယ်'ဆိုတဲ့ ကျွန်မစကားကြောင့် မာနရှင်ကိုကို့ခမျာ မနေနိုင်တော့ဘဲ ကျွန်မကို ခရီးဆုံးထိ လိုက်ပြဖြစ်သွားတာဆိုပါတော့။

❑



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကိုကိုနဲ့ပတ်သက်လို့ မှတ်မှတ်ထင်ထင်ရှိခဲ့ပြီး ပျော်ရွှင်မှု ရခဲ့တာကတော့ ကျွန်မတို့ နှစ်ယောက်ရဲ့ တတိယ အကြိမ် ဆုံဆည်းခြင်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဘဝရဲ့ နောက်ပိုင်းအချိန်အတော်များများမှာ အဲဒီနေ့က အဖြစ်အပျက်တွေကို ပြန်ပြောင်းစဉ်းစားမိ တဲ့အခါ မကြာခဏ ပီတိဖြစ်ရတတ်လို့ပေါ့ ကိုကို ရယ်...။



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးတော့ အမှတ်တရဖြစ်သွားတာက ကိုကိုညွှန်ပြခဲ့တဲ့ အင်္ဂလိပ်စာသင်တန်းအတွက် တက်ရောက်စာရင်းပေးသွင်းရင်း အပြန်မှာ တိုက်တိုက်ဆိုင်ဆိုင် ကိုကိုနဲ့ ထပ်ဆုံမိခဲ့လို့ပါပဲ။

ဒီတစ်ခါတော့ တွေ့တွေ့ချင်းပဲ ကိုကို့ကို ကျွန်မချက်ချင်း မှတ်မိလိုက်ပါတယ်။ ကိုကိုနဲ့ကျွန်မ အကြည့်ချင်းအဆုံမှာ ဖြစ်ပေါ်ပြောင်းလဲသွားတဲ့ ကိုကို့ပုံစံကြောင့် ကိုကိုလည်း ကျွန်မကို မြင်မြင်ချင်း မှတ်မိသွားပုံရတယ်။

ကျွန်မ ကိုကို့ကို ပြုံးပြလိုက်တယ်။

"ဟီး…"

ကျွန်မ ပြုံးပြတာမြင်တော့ အတင်းတည်ထားရတဲ့ ကိုကို့မျက်နှာဟာ ပြုံးယောင်သန်းလာတယ်။

"အစ်ကို့…ဘယ်သွားမလို့လဲ…ဟီး"

"ဒီနားက လက်ဖက်ရည်ဆိုင် သွားမလို့၊ ဘယ်လိုလဲ သင်တန်းတက်ပြီလား"

"ဟုတ် အဲ့ ဟုတ်ဘူး"

ကျွန်မရဲ့ အူကြောင်ကြောင်အဖြေကြောင့် ကိုကိုတစ်ယောက်လည်း ရောယောင်ပြီး အူကြောင်ကြောင်ဖြစ်သွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ သင်တန်းက နောက်တစ်ပတ်မှ တက်မှာ၊ အခုက စာရင်းလာပေးတာ"

အူကြောင်ကြောင်ဖြစ်နေတဲ့ ကိုကိုဟာ ကျွန်မအဖြေစကား ကြောင့် ပြန်ပြီးတော့ ကြည်လင်လာတယ်။

"သြော်...အဲဒီလိုလား"

စကားအဆုံးမှာ အသိအမှတ်ပြုသဘောနဲ့ ကိုကိုက ကျွန်မကို ပြုံးပြပြီး ရှေ့ဆက်လျှောက်ဖို့ ဟန်ပြင်တယ်။ ကျွန်မနောက်ဖက်ကို ကိုကိုရောက်သွားသွားချင်းပဲ ဘာ့ကြောင့်မှန်းမသိရတဲ့ လှစ်ဟာမှုတစ်ရပ် ကို ကျွန်မခံစားလိုက်ရတယ်။

မမြင်ရတဲ့ အားအင်တစ်ခုရဲ့ ဖြန်းစားကြီး တွန်းပို့မှုကြောင့် အဆင်ခြင်ကင်းမဲ့စွာနဲ့ ကျွန်မ ကျောနောက်ရောက်သွားတဲ့ ကိုကိုရှိရာဆီ စကားတစ်ခွန်း လှစ်ခနဲလှည့်ပြောမိလိုက်တယ်။

"အစ်ကို ခဏ"

အဲဒီတုန်းက ကိုကို့ကို ခဏဆိုပြီး တားလိုက်မိတဲ့အချိန် ကလေးကို ကျွန်မ အခုထိ လွမ်းမိပါသေးရဲ့။

အဲဒီလိုနဲ့ အင်္ဂလိပ်ဘာသာသင်တန်းကို ရောက်အောင်လိုက်ပို့ ဖူးတာ အကြောင်းပြပြီး ကိုကို့ကို ကျွန်မ လက်ဖက်ရည်လိုက်တိုက်မိ ခဲ့ပါတယ်။ အရှက်အကြောက်ကြီးတဲ့ ကိုကိုဟာ ကျွန်မရဲ့ကျေးဇူး တုန့်ပြန်မှုကို အစပိုင်းမှာ လက်မခံဘဲ ပျာပျာသလဲ ငြင်းဆန်နေခဲ့ပါ သေးတယ်။

"ဟာ...ရပါတယ် မတိုက်ပါနဲ့၊ ကျွန်တော်က ဒီလိုပဲ သဘောရိုးနဲ့ ကူညီလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ အစ်ကိုရယ်၊ ကျွန်မက လက်ဖက်ရည်လေး သောက်မှ အစ်ကို့ကို ပြန်မတိုက်ရဘူးဆိုရင် ဒီနေ့တစ်နေ့လုံး စိတ်မကောင်းဖြစ်နေတော့မှာပဲနော်"

နောက်ဆုံးတော့ ကိုကိုဟာ ကျွန်မဆန္ဒကို မငြင်းဆန်နိုင်တော့ဘဲ လက်ခံလိုက်ရတယ်။ လက်ဖက်ရည်ဆိုင်ကို ရောက်တော့မှ…

"အစ်ကို့နာမည်က ဘယ်သူလဲ ကျွန်မနာမည်က ဖြူသွယ်"

"ကျွန်တော့်နာမည် ညိန်းကိုကိုပါ"

အဲဒီတုန်းက ကိုကို့အသံလေးက မပွင့်တပွင့်ရယ်။ တကတည်း ကျွန်မက ကိုကို့ကို ကိုက်စားမှာကျနေတာပဲ။ ကိုကို့အပေါ် ကျွန်မ အသည်းယားခဲ့တာဟာ အဲဒီအချိန်က စတင်ခဲ့တာထင်ပါရဲ့။ ဒီလိုနဲ့…

"ဒါဆို အစ်ကိုက ပန်းချီဆရာပေါ့"

"အင်း…ဘယ်လိုပြောရမလဲ ပန်းချီဆရာတော့ မဟုတ်ပါဘူး၊ မနေနိုင်မထိုင်နိုင်ဖြစ်တဲ့အခါ ပန်းချီ ထ,ထ ဆွဲတတ်တာ တစ်ခုပါပဲ"

ကိုကို အဲဒီစကားပြောတုန်းက သိပ်နှားမရှင်းဘူး။ ပန်းချီပစ္စည်းတွေ ထည့်ထားတယ်လို့ ယူဆရတဲ့ ကိုကို့ရဲ့ ကချင်လွယ်အိတ်ကြီးဆီကို အံ့သြစွာနဲ့ ကျွန်မ ငေးစိုက်ကြည့်မိခဲ့တယ်။

"အင်္ဂလိပ်ဘာသာသင်တန်းက ဘာဖြစ်လို့တက်တာလဲ"

"အင်း…ဒီလိုပါပဲ၊ ကျွန်မကိုယ်တိုင်ကလည်း အင်္ဂလိပ်ဘာသာစကားကို စိတ်ဝင်စားလို့"

"ဪ…အဲဒီလိုလား၊ ကောင်းတာပေါ့ဗျာ၊ ကျွန်တော်ကတော့ အင်္ဂလိပ်စာညံ့တယ်ဗျ။ အင်္ဂလိပ်လိုရေးထားတဲ့ ပန်းချီသဘော



www.burmeseclassic.com

www.burmeseclassic.com



တရားစာအုပ်တွေ ဖတ်ချင်တာတောင် မဖတ်နိုင်ဘူး"

ကိုကိုနဲ့ ကျွန်မ စကားကောင်းနေစဉ်မှာပဲ ဘယ်လိုမှ ထင်မှတ်မထားတဲ့ကိစ္စတစ်ခုဟာ ဖြစ်လာခဲ့တယ်။ အဲဒါကတော့ ကျွန်မနဲ့ ကိုကိုထိုင်နေတဲ့ လက်ဖက်ရည်ဆိုင် ခေါင်မိုးလေးပေါ် ဖိတ်စာမဲ့ မိုးစက်တွေကျဆင်းလာတာပဲပေါ့။

"အယ်… မိုးတွေရွာပြီတော့"

အနည်းငယ် အထိတ်တလန့်ဖြစ်သွားတဲ့ ကျွန်မပုံစံကိုကြည့်ပြီး ကိုကိုက…

"ဘာဖြစ်လို့လဲ မိုးတွင်းပဲ မိုးရွာတာ ဆန်းလို့လား"

"ဆန်းတော့ မဆန်းဘူး၊ ဒါပေမယ့်"

ကိုကို့ကို ချက်ချင်းစကားပြန်မပြောဘဲ မိုးစက်တွေကို လှမ်းကြည့်လိုက် ကိုယ့်ကိုယ်ကို ငုံ့ကြည့်လိုက်လုပ်နေတဲ့ ကျွန်မရဲ့ အမူအယာကြောင့်…

"ဘာဖြစ်လို့လဲဗျ"

ကလေးတစ်ယောက်လို ရိုးစင်းတဲ့ ကိုကို့မေးခွန်းကို ကျွန်မကလည်း ကလေးတစ်ယောက်လို ရိုးစင်းစွာပဲပြန်ဖြေလိုက်တယ်။

"ထီးမေ့ခဲ့လို့"

❑



www.burmeseclassic.com

www.burmeseclassic.com



(၄)

အရမ်းကြီး ခက်ခက်ခဲခဲ မကြိုးစားရဘဲနဲ့ ကိုကိုနဲ့ ကျွန်မရဲ့ဆုံဆည်းမှုဟာ တစ်ကြိမ်ဆုံပြီးရင် နောက်တစ်ကြိမ်ဆုံဖို့ လွယ်လွယ်ကူကူပဲ ဖြစ်လာခဲ့တယ်။ ဒါကပဲ ကိုကိုနဲ့ ကျွန်မအတွက် ကံကြမ္မာက ဖန်တီးလာတဲ့ အကျိုးအကြောင်းတရားတွေ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ဘာသာသင်တန်းကို စတက်ဖြစ်တဲ့ ပထမဆုံးနေ့မှာ ကိုကိုနဲ့ကျွန်မ ထပ်ဆုံကြပြန်တယ်။ အရိုးသားဆုံး ပြောရရင် ကိုကို့ကို တွေ့ဖို့ ကျွန်မဘက်က ချိန်းဆိုခဲ့တာပါ။ နောက်ထပ်တစ်ခါ အရိုးသား ဆုံးထပ်ပြောရရင် ကျွန်မရဲ့ နမော်နမဲ့နိုင်မှုကြောင့် ကိုကို့ကိုချိန်းဆိုလိုက် ရခြင်းပါပဲ။

ဟုတ်ပါတယ်။

ဟိုတစ်နေ့က ကိုကိုနဲ့လက်ဖက်ရည်ဆိုင် ထိုင်နေတုန်း ရုတ်တရက်မိုးရွာလာလို့ အပြန်မှာ ကိုကို့ဆီကထီးကို ကျွန်မငှားလာခဲ့ရ တယ်လေ။ အဲဒီကတည်းက အင်္ဂလိပ်ဘာသာသင်တန်း ကျွန်မစပြီး တက်မယ့်ရက်မှာ ပြန်တွေ့ကြဖို့ ကိုကို့ကို ကျွန်မချိန်းဆိုခဲ့တာပါ။

သင်တန်းချိန်ပြီးသွားတော့ ကိုကိုနဲ့ချိန်းထားတဲ့ ဟိုတစ်နေ့က လက်ဖက်ရည်ဆိုင်လေးဆီ ကျွန်မထွက်လာခဲ့တယ်။ ကျွန်မရောက်သွား တော့ စီးကရက်တစ်လိပ်ကို မီးညှိနေတဲ့ ကိုကို့ကို ဆိုင်ထဲမှာလှမ်း တွေ့လိုက်တယ်။

"အစ်ကို့ ရောက်တာကြာပြီလား"

"သိပ်မကြာသေးဘူး ခုလေးတင်ရောက်တာ"

ကိုကို့အပြောနဲ့ ကိုကို့အမူအယာကြောင့် စောစောလေးကတင်



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရွံ့အားနာစိတ်တွေ ပြည့်နေတဲ့ ကျွန်မရဲ့စိတ်ဟာ ချက်ချင်းပဲ တက်ကြွကြည်နူးလာရပါတယ်။ တကယ်တော့ အဲဒီချိန်ကတည်းက ကျွန်မသိသင့်တယ်။ ကိုကိုဟာ ကျွန်မရဲ့စိတ်ကူးတွေကို အချိန်တိုအတွင်း ပြောင်းလဲလတ်ဆတ်စေတဲ့သူလို့။

အဲဒီနေ့က ကိုကိုနဲ့ကျွန်မ စကားတွေအများကြီး ပြောဖြစ်ခဲ့တယ်။ အဲဒီစကားတွေထဲကနေတစ်ဆင့် တစ်ယောက်အကြောင်း တစ်ယောက် ကျွန်မတို့ သိခွင့်ရခဲ့ကြတယ်။ အဲဒီလိုသိလာလေ ကိုကိုဟာ ကျွန်မဘဝထဲကို တစ်လှမ်းချင်းဝင်လာလေပါပဲ။

"ရော့…ဒါက ကျွန်တော့်ဖုန်းနံပါတ်ပါ"

ကျွန်မရဲ့ဖုန်းနံပါတ်ကို စာအုပ်တစ်အုပ်ထဲ ရေးမှတ်ပြီးသွားတဲ့အခါ ကိုကိုက သူ့ဖုန်းနံပါတ်ရေးထားတဲ့ စက္ကူပိုင်းလေးကို ကျွန်မဆီလှမ်းပေးတယ်။

"ဒီဖုန်းက…"

"ကျွန်တော့်အိမ်ဖုန်းပါ၊ တွေ့ချင်ရင် ဖုန်းဆက်လိုက်လေ"

ကိုကို့စကားကြောင့် ကျွန်မရှက်သွားတာကို မြင်မှ သူ့စကားမှားသွားမှန်း ကိုကိုသိတော့တယ်။

"သြော် ဟို အရေးအကြောင်းရှိရင် ကျွန်တော့်ဆီ ဖုန်းဆက်လို့ရတာပေါ့"

ကျွန်မကို အားနာနေတဲ့ မျက်လုံးတွေနဲ့ကြည့်ပြီး ပြောတဲ့ ကိုကို့ပုံစံဟာ ကလေးတစ်ယောက်လိုပါပဲ။ ကျွန်မက ဘာမှပြန်မပြောဘဲ အသာပြုံးကာ ရှေ့က လက်ဖက်ရည်ခွက်ကို မ,ပြီး တစ်ငုံလောက် သောက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဒီနေ့တော့ မိုးမရွာလောက်တော့ပါဘူး"

ပြောပြောဆိုဆို ကျွန်မပြန်ပေးတဲ့ ထီးလေးကို ကျကျနနခေါက်ပြီး ကိုကိုက သူ့ရဲ့ မူလလက်ဟောင်း ကချင်လွယ်အိတ်ကြီးထဲ ထည့်လိုက်တယ်။

"ထီးငှားတဲ့အတွက် ကျေးဇူးပါပဲ အစ်ကို…ဟိုလေ ဒီလက်ဖက်ရည်ဖိုး ကျွန်မပေးမယ်နော်"

"ဟာ မဟုတ်တာ၊ ဟိုတစ်နေ့ကလည်း ဖြူသွယ် ကျွန်တော့်ကို လက်ဖက်ရည်တိုက်ပြီးပြီပဲ ဒီနေ့ ကျွန်တော် ပြန်တိုက်ရမှာပေါ့"

ပထမဦးဆုံးအကြိမ်အဖြစ် ကိုကိုက ကျွန်မနာမည်တပ်ပြီး စကားပြောလိုက်ခြင်းပါ။

"ဟိုတစ်နေ့က ကျွန်မကို အစ်ကိုက ကူညီလို့ ဒီနေ့လည်း ကျွန်မကို အစ်ကိုကူညီထားတာပဲလေ၊ ကျွန်မက အစ်ကို့ကို ဘာမှ ပြန်ကူညီနိုင်တာမှ မဟုတ်တာ"

"ကူညီတာက ကူညီတာပဲလေဗျာ၊ အခုဟာက ဖြူသွယ်နဲ့ ကျွန်တော် သူငယ်ချင်းဖြစ်သွားပြီလို့ပဲ သဘောထားလိုက်လေ၊ အဲဒီတော့ မိတ်ဖြစ်ခွေဖြစ် ကျွန်တော်ကပဲ ရှင်းပါရစေ ဟုတ်ပြီလား"

ကျွန်မရဲ့လိုက်လျောမှုကြောင့် အဲဒီနေ့က လက်ဖက်ရည်ဖိုးကို ကိုကိုရှင်းသွားပါတယ်။ အိမ်ကို ကျွန်မပြန်ရောက်တဲ့အခါ အင်္ဂလိပ်သင်ခန်းစာတွေထက် ကိုကို့အကြောင်းတွေကသာ ကျွန်မကို စိုးမိုးထားလို့ပေါ့။

+++



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မိဘတွေက ချမ်းချမ်းသာသာမဟုတ်ပေမယ့် မပူမပင်တော့ နေနိုင်ကြပါတယ်။ ကိုကို့အဖေက အစိုးရဌာနတစ်ခုမှာ ရာထူးကြီးကြီး တာဝန်ယူရတာကြောင့်လည်း ပါမယ်ထင်ပါတယ်။

ကိုကို့မှာ ညီအစ်ကိုမောင်နှမ သုံးယောက်ရှိပြီး ကိုကိုက အကြီးဆုံးသားပါ။ ကိုကို့အောက်မှာ ညီမတစ်ယောက်နဲ့ ညီတစ်ယောက်ရှိတယ်။ ထူးထူးခြားခြား မိသားစုထဲမှာ ကိုကိုတစ်ယောက်ပဲ ကွက်ပြီးတော့ အနုပညာသမား ဖြစ်လာခဲ့တာ။

အဲဒီညက ကိုကိုပြောတဲ့ ကိုကို့အကြောင်းတွေ စဉ်းစားမိရင်း သတိရလာလို့ ကိုကို့ဆီ ကျွန်မဖုန်းဆက်မိတယ်။

"ဟယ်လို…ကိုညိန်းကိုကိုနဲ့ စကားပြောချင်လို့ပါရှင်"

"ဘယ်သူဆက်တယ် ပြောလိုက်ရမလဲ"

"ဩော်…ဖြူသွယ်ဆက်တယ် ပြောပေးပါ"

"ခဏကိုင်ထားနော်"

ဖုန်းကိုင်တာ ကိုကို့ရဲ့ညီမ ဖြစ်ပုံရတယ်။

ကိုကို လာကိုင်မယ့်ဖုန်းကို စောင့်နေရင်း ဘာ့ကြောင့်မှန်းမသိ ကျွန်မရင်တွေ အခုန်မြန်လာတယ်။ အာခေါင်တွေခြောက်ပြီး ရင်ထဲက တလှပ်လှပ်နဲ့။

"ဟယ်လို ဖြူသွယ်လား"

ကိုကို့အသံ ကြားကြားချင်း မရည်ရွယ်ဘဲ ကျွန်မဘက်က ဖုန်းကို ချပစ်လိုက်မိတယ်။

"ဂလောက်"

တယ်လီဖုန်းနားမှာ ခဏကြောင်ငေးနေမိပြီးမှ ကျွန်မ အိမ်ရှေ့ဘက်ကို ပြေးထွက်လာခဲ့တယ်။ ထင်တဲ့အတိုင်းပဲ။ ကျွန်မ အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်ရောက်တော့ အိမ်ထဲက တယ်လီဖုန်းကလေးက ထမြည်လာ တော့တာပဲ။

"ကလင်…ကလင်…ကလင်"

အဆက်မပြတ်မြည်နေတဲ့ ဖုန်းသံကို လစ်လျူရှုပြီး သင်တန်း စာအုပ်တွေကို အရေးကြီးသယောင်ယောင်နဲ့ ကျွန်မထုတ်ဖတ်နေတုန်း မှာ…

"ဟဲ့…ဖြူသွယ် ဖုန်းကိုင်လိုက်လေ"

အနားရောက်လာတဲ့ အန်တီစန္ဒာက အလျှင်စလို လှမ်းပြော တယ်။ ဒါပေမယ့် ဖုန်းကိုင်ရမှာကို ကျွန်မ လေးတိလေးကန် ဖြစ်နေ မိတယ်။ ကိုကို့ဆီကဖုန်းမှန်း ကျွန်မကသိနေတယ်မဟုတ်လား။

အဲဒီအချိန်မှာပဲ အိမ်ထဲက တစ်ယောက်ယောက်က တယ် လီဖုန်းကို ကိုင်လိုက်လို့ ဖုန်းမြည်သံမကြားရတော့ဘူး။ ကျွန်မလည်း နေရာမှာ အသာပြန်ထိုင်ပြီး သင်တန်းစာအုပ်တွေ ပြန်ဖတ်နေလိုက်တယ်။ အန်တီစန္ဒာလည်း ကျွန်မနားကနေ ပြန်လှည့်ထွက်သွားတယ်။

"မိဖြူရေ နင့်ဖုန်း ညီန်းကိုကိုတဲ့"

အိမ်ထဲကနေ တယ်လီဖုန်းကိုင်လိုက်တာ ကျွန်မရဲ့ ဝမ်းကွဲအစ်မ ဖြစ်သူ မကျော့ရှင်းဝေပါ။ အန်တီစန္ဒာရဲ့ သမီးပေါ့။

"အစ်မ သမီးမရှိဘူးလို့ ပြောလိုက်ပါနော်"

အစ်မကျော့ရှင်းဝေက ကျွန်မကို သံသယဝင်တဲ့အကြည့်နဲ့ အကဲခတ်သလိုကြည့်ပြီး အိမ်ထဲလှည့်ဝင်သွားတယ်။ အဲဒီအခါကျမှ ကျွန်မရင်ထဲမှာ ဟာခနဲဖြစ်သလို ခံစားမိသွားတော့တာပဲ။

နောက်တော့မှ ဆုံတာပေါ့ ကိုကိုရယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



(၅)

ကျွန်မရဲ့ နှမော်နှမဲ့နိုင်မှုတွေဟာ ကိုကို့အတွက် ခံရခက်မယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ဒါတွေဟာ ကျွန်မရဲ့ကိုယ်ပိုင်သင်္ကေတပါ ကိုကို။ ဘယ်လိုပြောရမလဲ။ ကိုကိုက ပေါ့တီးပေါ့ဆတွေးခေါ်တတ်တဲ့ ကောင်မလေးကို ကံဆိုးစွာနဲ့ လာပတ်သက်မိခဲ့တာပါ ကိုကိုရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကြိုတင်ပြီး မျှော်လင့်ထားသလိုပါပဲ။

နောက်တစ်ခါဆုံတော့ ကိုကိုက ကျွန်မဖုန်းဆက်တဲ့ကိစ္စကို ဟန်မဆောင်နိုင်ဘဲ တွေ့တွေ့ချင်းဆိုသလို မေးမြန်းလာပါတယ်။

"ဟိုတစ်နေ့က ဖြူသွယ် ကျွန်တော့်ဆီ ဖုန်းဆက်သေးတယ် နော်၊ အဲဒါ ချက်ချင်းပဲ ကျွန်တော်ဖုန်းပြန်ခေါ်တော့ ဖြူသွယ် ဘယ် ရောက်သွားတာလဲ"

ကိုကို့ဆီ ပထမဆုံးအကြိမ် ဖုန်းဆက်ပြီးကတည်းက ကြားထဲ မှာ ကျွန်မတို့မတွေ့ဖြစ်တာ နှစ်ရက်ရှိသွားပါပြီ။ ကျွန်မက ကိုကို့ဆီ နောက်ထပ် ဖုန်းမဆက်ဖြစ်သလို ကိုကို့ဆီကလည်း ဖုန်းထပ်မလာတော့ ပါဘူး။

ပုံစံကြည့်ရတာ ကျွန်မရဲ့ မရှိးသားမှုကို အဲဒီနေ့က ကိုကိုရိပ်မိ သွားပုံရတယ်။ ပြီးတော့ နည်းနည်းလည်း ဒေါသဖြစ်သွားပုံရတယ်။ ကျွန်မထင်တာ မမှားဘူးဆိုရင် နည်းနည်းရှက်သွားပုံလည်း ရပါတယ်။

"အဲဒါလား…ဟို…ဟိုလေ…ဟို ကျွန်မဘက်ကဖုန်းက လိုင်းသိပ်မကောင်းလို့…အဲဒါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော်ပြန်ခေါ်တော့ ဘာလို့မရှိရတာလဲ"

ကျွန်မစကားမဆုံးခင် မနေနိုင်ဘဲ ကိုကို ဖြတ်မေးပြန်ပါတယ်။ ကိုကို့မျက်နှာကိုကြည့်ပြီး စကားမပြောရဲလို့ ကျွန်မမျက်လုံးတွေကို လွှဲလိုက်ရင်း…

"ဪ…အဲဒီအချိန်တုန်းက အန်တီစန္ဒာက ကိစ္စတစ်ခု ခိုင်းလို့ ကျွန်မ သွားလိုက်ရတယ်လေ"

"အန်တီစန္ဒာဆိုတာ…"

ကိုကိုက မယုံသင်္ကာပုံမျိုးနဲ့ ထပ်မေးပြန်တယ်။

"ခုမှပဲ လူဝင်မှုကြီးကြပ်ရေးအရာရှိမင်းနဲ့ တွေ့နေတယ်၊ အန်တီစန္ဒာဆိုတာ ကျွန်မရဲ့အဒေါ်ပါရှင် အဒေါ်ပါ၊ ကျွန်မ သူ့အိမ်မှာနေပါတယ်ရှင်…ကဲ ရှင်းပြီလား"

အဲဒီလို ကျွန်မ ခပ်ရွဲ့ရွဲ့ပြောလိုက်တော့မှ စောစောက မယုံတစ်ဝက်ဖြစ်နေတဲ့ ကိုကို့မျက်လုံးတွေဟာ အရယ်တစ်ဝက်အသွင် ကူးပြောင်းသွားတော့တယ်။ တယ်လီဖုန်းကိစ္စကို နောက်ထပ် ကိုကို ဆက်မမေးတော့ဘူး။

အဲဒီအစား မတွေ့ဖြစ်တဲ့နှစ်ရက်မှာ ကျွန်မဘယ်တွေသွားပြီး ဘာတွေလုပ်နေသလဲဆိုတဲ့အကြောင်းကို မေးတယ်။

"ကျွန်မ ဘယ်မှမသွားဖြစ်ဘူး အစ်ကိုရဲ့…အင်္ဂလိပ်စာတွေ ကြည့်တယ်၊ အိမ်အလုပ်တွေ ဝိုင်းကူတယ်၊ ကျွန်မ အဝတ်တွေလျှော်တယ်…နောက်ပြီးတော့…"

ကျွန်မက ချက်ချင်းမပြောသေးဘဲ မေးစေ့ကိုလက်ညှိုးကလေး နဲ့ပုတ်ပြီး စဉ်းစားနေလို့ ဘာဆက်ပြောမလဲဆိုတဲ့အကြည့်မျိုး ကိုကို ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီးတော့…အိပ်တယ်၊ စားတယ်၊ ဟိုဒင်း…အိမ်သာလည်းတက်တယ်…ဟဲ ဟဲ"

စကားလည်းဆုံးရော ကိုကို့ခမျာ ခေါင်းကြီးငုံ့သွားပြီး ရှက်ရယ်ရယ်နေတော့တယ်။ ကိုကိုရှက်တာမြင်မှ ကျွန်မလည်း ကိုယ့်ပြောစကားအတွက် ကိုယ်ပြန်ရှက်ဖို့ သတိရမိတော့တယ်။

ကျွန်မက အဲဒီလို နမော်နမဲ့နိုင်တာ။

ခဏကြာတော့မှ ကိုကိုရော ဒီနှစ်ရက်အတွင်း ဘာတွေလုပ်သလဲဆိုတာ ပြန်စပ်စုရတယ်။

"ကျွန်တော် ပန်းချီကားတစ်ချပ်ဆွဲဖို့အတွက် နှစ်ရက်လုံးလုံး စိတ်များနေခဲ့တယ်"

"ဘာလဲ စိတ်များတယ်ဆိုတာ ဆွဲတာလား မဆွဲတာလား"

တစ်ခါတလေ ကိုကို့ဆီက ခုလိုမျိုး နားလည်ရခက်တဲ့ စကားတွေကြားရတတ်တယ်။

"စိတ်များတယ်ဆိုတာ ဘယ်လိုပြောရမလဲ ဆွဲချင်ပြီး ဆွဲလို့မရသေးတာပေါ့၊ ပန်းချီဆွဲချင်စိတ် ရှိပေမယ့် တကယ်ချဆွဲတော့ မရတဲ့အဖြစ်ကိုပြောတာ"

"သြော်"

အနုပညာဆိုတာကို ကျွန်မက ကောင်းကောင်း နားမလည်တော့ ကိုကို့စကားကို ကျွန်မ ဘာမှပြန်မပြောနိုင်ဘူး ဖြစ်နေတယ်။

"ဒါပေမယ့် ဆွဲတော့ဆွဲဖြစ်မှာပါ…တစ်ချိန်ချိန်ပေါ့"

ဒီတစ်ခါလည်း ကိုကိုပြောတာကို ကျွန်မ နားမရှင်းလိုက်ပြန်ဘူး။ အဲဒီအတွက် ပြန်လည်းမမေးမိပါဘူး။ ကိုကို စိတ်အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်အောင်သာ ပြောသမျှ အသာငြိမ်ပြီး နားထောင်နေလိုက်တယ်။

မတွေ့ဖြစ်တဲ့နှစ်ရက်မှာ စဉ်းစားမိတာ ကိုကိုနဲ့ပြန်တွေ့ရင် စကားတွေအများကြီး ပြောမယ်ဆိုတဲ့အတွေးက ခုကျတော့လည်း ထင်သလောက်မဟုတ်တော့ပြန်ဘူး။

ကိုကို့ကိုတွေ့ရင် ပြောမယ်လို့ စိတ်ကူးထားတဲ့ အကြောင်းအရာတွေဟာ ဘာဖြစ်လို့များ ကိုကို့ရှေ့ရောက်တဲ့အခါ ကျွန်မခေါင်းထဲက ထွက်ကျမလာတော့ရတာပါလိမ့်။

"ပန်းချီကားတစ်ချပ်ရဲ့ အလှကို ဘယ်လိုကြည့်သလဲဆိုတော့ အင်း...အနီးစပ်ဆုံးပြောရရင် ဟိုလေဗျာ...အခုချက်ချင်း ပြောလို့မရဘူးဗျ၊ နောက်မှ ဖြည်းဖြည်းချင်းပြောမှ ရမယ်"

ကျွန်မတို့နှစ်ယောက်ရဲ့ စကားဝိုင်းက မျှော်လင့်ထားသလို မဟုတ်ဘဲ နည်းနည်းခြောက်ကပ်ကပ်နိုင်တယ်လို့ ထင်မိတယ်။ အမှန်တော့ ကိုကိုနဲ့ကျွန်မကြားမှာ အဲဒီအနုပညာအကြောင်းတွေ ပြောလာပြီဆို ခံစားချက်ချင်းမနီးစပ်တာက စကားဝိုင်းကိုမစိုပြည်စေတဲ့ အကြောင်းရင်းတစ်ခုပါပဲ။

ဒါကို ကိုကိုလည်း ရိပ်မိပုံရတယ်။

ပန်းချီအကြောင်းတွေ သိပ်မပြောဘဲ ငြိမ်သက်သွားတယ်။ ပြီးတော့မှ ကျွန်မကို ခပ်အမ်းအမ်းကြည့်တယ်။

"ဖြူသွယ် ပြန်ချင်ပြီလား"

"အင်း"

ကျွန်မစကားအဆုံး ကိုကိုက လက်ဖက်ရည်ဖိုးကို ထုတ်ရှင်းလိုက်တယ်။ ဒီတစ်ခါတော့ ကိုကို ပိုက်ဆံရှင်းတာကို ကျွန်မ မတား



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ (လက်ဖက်ရည်ဖိုး လှုရှင်းရတာကို အလုပ်တစ်ခုအဖြစ် ကိုကိုနဲ့ကျွန်မကြားမှာ မရှိသင့်တော့ဘူးလို့ ယူဆလိုက်တဲ့အတွက် ကြောင့်ပါ)

"အစ်ကို…ကျွန်မကို ကားဂိတ်ထိ လိုက်ပို့ပေးပါလား"

ရုတ်တရက်…

ဒီစကားကိုပြောလိုက်တာ ကျွန်မမှ ဟုတ်ရဲ့လား။ ကျွန်မကိုယ် ကျွန်မ အံ့ဩတုန်လှုပ်စွာ သံသယဖြစ်မိလိုက်တယ်။

ကိုကိုကလည်း ဒီစကားကြောင့် အံ့အားသင့်ပြီး ကျွန်မကို စိုက်ကြည့်တယ်။ ပြီးမှ အဲဒီလိုမကြည့်သင့်မှန်း သတိပြန်ရသွားလို့ အကြည့်ကို ကမန်းကတန်း လွှဲလိုက်တယ်။

တကယ်တော့ ဒီစကားကို ပြောခဲ့တာဟာ ကျွန်မမှ ဟောဒီ ကျွန်မစစ်စစ်ပါပဲ ကိုကိုရယ်။ ဒါပေမယ့် မရည်ရွယ်ဘဲ ပြောလိုက်မိ တဲ့ စကားလေးတစ်ခွန်းပါ ကိုကို။

ဒီလိုနဲ့…။

+++

ဒီလိုနဲ့ ကောင်မလေးရဲ့ အိမ်အပြန်ခရီးကို ကောင်လေးက နီးစပ်ရာကားဂိတ်ထိ လိုက်ပို့ပေး။

ကားထွက်သွားတော့ ကောင်မလေးက အလွမ်းမျက်ဝန်းလေး တွေနဲ့ မှတ်တိုင်မှာရပ်ကျန်နေတဲ့ ကောင်လေးကိုလက်ပြ။

မှတ်တိုင်က ကောင်လေးကလည်း ကောင်မလေးကို လွမ်း ဆွတ်စွာ ပြန်လက်ပြ။

ဟင့်အင်း…ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ကျွန်မရဲ့ စိတ်ကူးယဉ်မှုသပ်သပ်ပါ။ လက်တွေ့မှာတော့ စိတ်ကူးယဉ်သလို မဟုတ်ခဲ့တာ ကိုကိုအသိဆုံးပါပဲလေ။

“ဟုတ်ပြီလေ၊ ကျွန်တော် ဖြူသွယ့်ကို ကားဂိတ်ထိ လိုက်ပို့ပေးသင့်တာပေါ့”

ကိုကို့အဖြေကြောင့် ကျွန်မ အရဲစွန့်ရကျိုးနပ်သလို ခံစားရပြီး ပျော်ရွှင်သွားမိတယ်။ ဒါပေမယ့် ကိုကို့ရဲ့စကားထဲမှာ စိတ်အလိုလိုက်မှု တစ်ခုကို ဝတ္တရားအသွင် ပြောင်းလဲလိုက်တဲ့ အဓိပ္ပာယ်ကိုလည်း ကျွန်မ သတိထားလိုက်မိပါရဲ့။

ကားဂိတ်ဆီအသွားမှာ ကိုကိုနဲ့အတူ လမ်းတွဲလျှောက်ရတဲ့ အရသာက ချိုမြိန်လိုက်တာ။ ကိုကို့ကို ခိုးကြည့်တော့ ကိုကိုလည်း ပျော်နေပုံရတယ်။

ဒါပေမယ့် ဒီနေ့သင်တန်းကိုအလာမှာ ဖိနပ်နှစ်ရံရှိတဲ့အနက် အခြေအနေမကောင်းတဲ့ တစ်ရံကိုမှ ရွေးစီးလာခဲ့တဲ့ ကျွန်မရဲ့ပေါ့ဆမှု ဟာ စောစောက ကျွန်မဆီက ချိုမြိန်မှုနဲ့ ကိုကို့ဆီက ပျော်ရွှင်မှုတွေကို တစ်ခါတည်း အဝေးဆီ လွင့်ပစ်လိုက်တော့တာပါပဲ။

“ဟောတော့ ဖိနပ်ပြတ်သွားပြီ”

ကိုကိုနဲ့ကျွန်မ ပလက်ဖောင်းပေါ်မှာ ခဏတော့ ကြောင်ပြီး ရပ်နေမိကြသေးတယ်။

နောက်မှ သတိပြန်ဝင်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသွားတော့ ကိုကို့ကို ကျွန်မ ရှက်ရယ်လေးရယ်ပြလိုက်တယ်။

ကိုကိုကတော့ မရယ်ဘဲ…

“ဖိနပ်ဆိုင်…ဖိနပ်ဆိုင်”လို့ တတွတ်တွတ်ပြောတယ်။ ခက်တာက အနီးအနားမှာ ဖိနပ်ဆိုင်နဲ့တူတာဆိုလို့ တစ်ဆိုင်မှ ရှိမနေခဲ့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



.. "ဖိနပ်ဆိုင်က ဒီကနေ လမ်းတော်တော်လေး လျှောက်ရဦး မှာ...ကျွန်မသိတယ်"

ပြောလည်းပြီးရော ကျွန်မမျက်လုံးတွေက ကိုကို့ရဲ့ သန့်ရှင်းတဲ့ ခြေထောက်အောက်က ကွင်းထိုးဖိနပ်ကလေးဆီ အကြည့်ရောက်သွား တယ်။

ဖြစ်ချင်တော့ ကျွန်မရဲ့အကြည့်ကို ကိုကိုက မြင်ဖြစ်အောင် မြင်သွားပြီး တစ်ချက် နောက်တွန့်သွားပါတယ်။

+++

အဲဒီနေ့က ကျွန်မရဲ့ နမော်နမဲ့နိုင်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေက ကိုကို့အတွက် ကံဆိုးမှုတွေများလား။ ဒါမှမဟုတ် ကိုကိုနဲ့ကျွန်မ နှစ်ယောက်စလုံးအတွက် အမှတ်တရတွေများလား။

အစကတော့ ကားဂိတ်ဆီ လိုက်ပို့ခိုင်းမိခဲ့တာပါ။

နောက်တော့ ကိုယ်နဲ့မတော်တဲ့ ကွင်းထိုးဖိနပ်ကြီးကိုစီးပြီး ဈေးမှာလည်း ခြေဗလာနဲ့လိုက်လာတဲ့ ကိုကို့မျက်နှာကို ရှက်ဝံ့ဝံ့ခိုး ခိုးကြည့်ပြီး ဖိနပ်ဆိုင် မြန်မြန်ရောက်ဖို့ ကျွန်မ ကြိတ်ပြီး ဆုတောင်းခဲ့ ပုံတွေက ဈေးကမြင်သမျှလူတွေအတွက် ဟာသတစ်ခု ဖြစ်နေမှာ သိပ်သေချာတယ်နော်။

ကိုကိုရယ်...

ကိုကိုက ပေါ့တီးပေါ့ဆကောင်မလေးတစ်ယောက်ကို လာ ပတ်သက်မိခဲ့တာပါ။ ဩော်...ဒါနဲ့ ကိုကိုနဲ့ကျွန်မ မတွေ့ဖြစ်တဲ့ ကြား နှစ်ရက်ဆိုတာ ကျွန်မရဲ့ အင်္ဂလိပ်စာသင်တန်းပိတ်တဲ့ ဗုဒ္ဓဟူးနေ့နဲ့ ကြာသပတေးနေ့ပေါ့ ကိုကို။

❑



www.burmeseclassic.com

www.burmeseclassic.com



(၆)

ကျွန်မသိတာပေါ့... ကိုကို၊ ကျွန်မတို့ရဲ့ ဇာတ်ကြောင်းကို ပြန်လှန်ပြောတဲ့အခါ တယ်လီဖုန်းတွေရဲ့ အရေးပါမှု မဟုတ်လား။ ဒါဆိုရင် ကျွန်မရဲ့ ညစ်ကျယ်ကျယ် အနိုင်ယူမှုတွေကိုလည်း ကိုကို မှတ်မိနေမှာပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို...ပြောပါ"

"မဖြူသွယ်ရှိလား မသိဘူး"

"ခုပြောနေတာ ဖြူသွယ်ပါ...ဘယ်သူလဲမသိဘူး"

"ဪ...ဖြူသွယ်လား...ကျွန်တော်ပါ ညိန်းကိုကိုပါ"

"ဟာ...အစ်ကိုလား အတော်ပဲ ကျွန်မတောင် အစ်ကို့ဆီ ဖုန်းဆက်ရင်ကောင်းမလားလို့ စောစောကပဲ စိတ်ကူးနေမိသေးတယ်"

"ဟုတ်လား...မသိပါဘူး၊ ကျွန်တော်က ခုလိုဆက်တာကို တောင် ဖြူသွယ် စကားပြောချင်စိတ်များ ရှိပါ့မလားလို့"

"ရှိပါတယ် အစ်ကိုရဲ့၊ စောစောက အလုပ်လေးနည်းနည်း ရှုပ်နေလို့ အစ်ကို့ဆီ ကျွန်မ မဆက်ဖြစ်တာ"

"စောစောက ဖြူသွယ်က ဘာအလုပ်တွေ ရှုပ်နေတာလဲ"

"အစုံပါပဲ အစ်ကိုရယ်...အိမ်အလုပ်တွေကိုလည်း ကူလုပ် ပေးရတယ်၊ အိမ်စာပေးလိုက်တဲ့ အင်္ဂလိပ်စာတွေကိုလည်း လုပ်ရ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူသွယ်က တကယ်ပဲ အလုပ်တွေရှုပ်နေတာကိုး"

"အစ်ကိုရော…ဒီနေ့ အိမ်မှာ ဘာတွေလုပ်သလဲ"

"ကျွန်တော် ဒီနေ့ ဖြူသွယ့်အကြောင်း စဉ်းစားတာပါ"

"ဟာ…အစ်ကိုကလည်း ကျွန်မအကြောင်းစဉ်းစားတာ အလုပ်မှမဟုတ်တာဘဲ"

"အဲ့ဒါဆိုရင် အလုပ်လို့ ခေါင်းစဉ်တပ်ရမယ့် ဒီနေ့ ကျွန်တော့်ကိစ္စတွေ ပြောပြမယ်"

"အလုပ်ကိုများ ခေါင်းစဉ်က အမျိုးမျိုးခွဲနေသေးတယ် အစ်ကိုရယ်…ကဲ ပြောပါအုံး၊ အဲဒီခေါင်းစဉ်နဲ့ အလုပ်တွေအကြောင်း"

"ညက အိပ်ယာဝင်တာနောက်ကျလို့ မနက်ဆယ်နာရီခွဲမှ အိပ်ယာနိုးတယ်၊ အိပ်ယာနိုးတော့ ထမင်းစားတယ်…"

"ဟင်…ထမင်းစားတာက အလုပ်ခေါင်းစဉ်တစ်ခုလား"

"နေအုံးလေ ဖြူသွယ်ရဲ့၊ ကျွန်တော်က ခုမှ စပြောမလို့ရှိသေးတာ နားထောင်ဦးမှပေါ့"

"ဩော်…ဟုတ်လား၊ ဒါဆိုလည်း ဆက်ပြောပါဦး"

"ထမင်းစားပြီးတော့ အိမ်နားက ယန်းချီဝါသနာပါတဲ့ ကလေးတစ်ယောက်ကို ယန်းချီပစ္စည်းတွေ (၃၂) လမ်းထဲ လိုက်ဝယ်ပေးတယ်၊ အိမ်ပြန်ရောက်တော့ သုံးနာရီထိုးခါနီးပြီ"

"ဟင်…ဒါနဲ့ပဲ တစ်နေကုန်သွားရော…"

"မပြီးသေးဘူးလေ ဖြူသွယ်ရဲ့…အိမ်ပြန်ရောက်ရောက်ချင်း နယ်ကိုပြန်မယ့် ကြီးတော်နှစ်ယောက်ကို အောင်မင်္ဂလာအဝေးပြေးကွင်း ပို့ပေးရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အစ်ကိုက ဒီနေ့ အောင်မင်္ဂလာအဝေးပြေးလည်း ရောက်ခဲ့တာပေါ့"

"ဟင့်အင်း…မရောက်ပါဘူး"

"အစ်ကိုပဲ ကြီးတော်နှစ်ယောက်ကို အဝေးပြေးပို့တယ်ဆို"

"ဟုတ်တယ်လေ…အဲ့ဒါ တက္ကစီပေါ်ကိုပို့တာ"

"ဘာလဲ…ဒါက အစ်ကို့ရဲ့ အလုပ်ခေါင်းစဉ် နောက်တစ်ခု လား"

"ဒါပေမယ့် အဲဒီ့ထဲမှာ ထူးခြားတာရှိတယ် ဖြူသွယ်ရဲ့"

"ဘာတွေ ထူးခြားနေလို့လဲ"

"ကျွန်တော် ဘာတွေကိုပဲလုပ်လုပ် စက္ကန့်မလပ် ဖြူသွယ့်ကို သတိရနေတာ ထူးခြားတာပေါ့"

"ဩော်…အစ်ကို ဟိုမှာ အန်တီစန္ဒာခေါ်လို့ ဖုန်းချလိုက် တော့မယ်နော်"

"ဂလောက်"

+++

"ဟယ်လို…မဖြူသွယ်နဲ့ စကားပြောချင်လို့ပါ"

"ခဏနော်…ဘယ်သူဆက်တယ် ပြောပေးရမလဲ"

"ညိန်းကိုကို ဆက်တယ်ပြောပေးပါ"

"…………."

"ဟယ်လို…"

"ဟယ်လို…ဖြူသွယ်လား"

"အင်း…အစ်ကို၊ ဘယ်တုန်းက အိမ်ပြန်ရောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူသွယ်နဲ့ လက်ဖက်ရည်ဆိုင် အတူထိုင်ပြီး ထလာတော့ စာပေလောက ခဏဝင်တယ်၊ 'ပန်'မဂ္ဂဇင်း ထွက်ပြီလားလို့ ဝင်ကြည့်တာလေ"

"ဘာလဲ 'ပန်'မဂ္ဂဇင်းဆိုတာ"

"'ပန်'မဂ္ဂဇင်းဆိုတာ ကျွန်တော်တို့လို ပန်းချီသမားတွေ စောင့်ဖတ်ရတဲ့ ပန်းချီမဂ္ဂဇင်းပေါ့...ဖြူသွယ်ရဲ့"

"အင်း...အဲဒီစာအုပ်ကို စာအုပ်ဆိုင်မှာ သွားရှာတာ အစ်ကို တွေ့ရောတွေ့ခဲ့ရဲ့လား"

"မထွက်သေးဘူး ဖြူသွယ်ရဲ့...နေပါဦး ဖြူသွယ်ရော... ဘယ်အချိန် အိမ်ပြန်ရောက်လဲ"

"အံမယ် ကျွန်မက အိမ်ကိုတန်းပြန်ရောက်တာပါနော်... အစ်ကို့လို ဘယ်ကိုမှသဝေမထိုးဘူး သိရဲ့လား"

"ဘယ်လိုလဲ...ကျွန်တော်ပေးတဲ့လက်ဆောင်ကို ဖြူသွယ် ဖွင့်ကြည့်ပြီးပြီလား"

"ဟင့်အင်း...မဖွင့်ကြည့်ရသေးဘူး၊ အစ်ကိုပြောမှပဲ သတိ ရတော့တယ်"

"ဟာ...ဖြူသွယ်ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ကျွန်တော့် မှာတော့ အဲဒီ့လက်ဆောင်အတွက် တစ်ညလုံး အိပ်ရေးပျက်ထားရ တာ"

"ဟိုလေ...အစ်ကို၊ နောက်မှပြန်ဆက်မယ်နော်၊ အခု အမေတို လှမ်းကြည့်နေလို့"

"နေပါအုံး...ဖြူသွယ်ရဲ့ ခဏလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဂလောက်"

+++

"ဟယ်လို…"

"ဟယ်လို အမိန့်ရှိပါ"

"ဟယ်လို…ကိုညိန်းကိုကိုနဲ့ စကားပြောချင်လို့ပါရှင်"

"ဟုတ်ကဲ့…အခုပြောနေတာ ညိန်းကိုကိုပါပဲ၊ ဘယ်သူလဲ မသိဘူး"

"ဆရာ…ကျွန်မက ဆရာ့ရဲ့ပန်းချီပရိသတ်ပါ၊ ကျွန်မကိုယ်တိုင်လည်း ပန်းချီဝါသနာပါပါတယ်"

"သြော်…ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟိုလေ…ကျွန်မ ဆရာ့ကို မေးစရာလေးတစ်ခုရှိလို့ ဖုန်းလှမ်းဆက်လိုက်တာပါ၊ မေးလို့ရမလားမသိဘူး"

"မေးလို့ရပါတယ်၊ ကျွန်တော်သိတာဆိုရင်တော့ ပြောပါ့မယ်"

"ဟိုလေ ဆရာရဲ့ ဗင်းဆင့်ဗန်ဂိုးက ဒဂုံဆိပ်ကမ်းမှာ နေတာဆို၊ အဲ့ဒါ သူ့လိပ်စာသိချင်လို့"

"ခင်ဗျာ…ဘာ…ဘယ်လို"

"နောက်ပြီးတော့ ကျူဗစ်ဆင့် ပန်းချီဆွဲနည်းဆိုတာ ဆမူဆာရယ်၊ မုန့်လက်ကောက်ရယ်၊ ဘဲဥရယ်ကို တစ်ပုံနဲ့တစ်ပုံ ထပ်ဆွဲပြီးမှ ပေတံနဲ့မျဉ်းတွေ လျှောက်တားတဲ့နည်းဆိုတာ ဟုတ်လားဆရာ"

"ခင်…ခင်ဗျာ…အဲဒီကိစ္စတွေကို ခင်ဗျားဘယ်လိုတွေး… တွေးမိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမေးတာ ဘာမှားလို့လဲ ဆရာ"

"မှားတယ်…အကုန်လုံးမှားတယ်၊ ခင်ဗျားပန်းချီအကြောင်း ဘာမှမသိဘူး၊ ခင်ဗျား ကျွန်တော့်ဖုန်းနံပါတ်ကို ဘယ်လိုလုပ်သိတာလဲ၊ နောက် ဘယ်တော့မှ ပန်းချီအကြောင်းတွေ ကျွန်တော့်ဆီ ဖုန်းဆက်မမေးပါနဲ့"

"ဘာဖြစ်လို့ အဲဒီလောက်တောင် ဒေါသတွေထွက်ရတာလဲ အစ်ကိုရဲ့"

"ဟင်…အခုဆက်နေတာ ဘယ်သူလဲ"

"အစ်ကိုက ကျွန်မအသံကိုတောင် မမှတ်မိတော့ဘူးလား"

"ဟင်…ဖြူ…ဖြူသွယ်လား"

"ဘာမှ ခုမှလာမဖြူသွယ်နဲ့၊ ဒီလောက်စကားတွေ ပြောနေတာတောင် အသံကိုမမှတ်မိဘဲနဲ့"

"မဟုတ်ဘူးလေ ဖြူသွယ်ရဲ့၊ ကျွန်တော်က ပန်းချီအနုပညာကို အထင်သေးတဲ့လူတစ်ယောက် ဖုန်းဆက်တယ်မှတ်လို့၊ နောက်ပြီး ဖြူသွယ်ကလည်း ကျွန်တော့်ကို လိမ်ညာပြီး…"

"တော်ပြီ မပြောနဲ့တော့၊ မနက်ဖြန်ကျမှ တွေ့တော့မယ်၊ ကျွန်မ အိမ်စာတွေလုပ်ရအုံးမယ်"

"ဂလောက်"

❑



www.burmeseclassic.com

www.burmeseclassic.com



(၇)

ကျွန်မနဲ့ကိုကိုရဲ့ ခင်မင်မှုနေ့ရက်တွေ ရှည်လျားသွယ်ဆက်လာတာနဲ့အမျှ ရင်းနှီးမှု ဒီဂရီတွေကလည်း မြင့်တက်သထက် တက်လာခဲ့တယ်။ တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်တဲ့နေ့တွေမှာ အလွမ်းကိုစာလုံးပေါင်းတတ်လာခဲ့တယ်။ ဒီလိုနဲ့ ကျွန်မရော ကိုကိုရော ဘယ်အခါမှ မမေ့အပ်တဲ့ နေ့ရက်ကလေးတစ်ရက်ဟာ သဘာဝတရားရဲ့ အမိန့်တော်အတိုင်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ရပါတယ်... ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ အဲဒီနေ့က ကျွန်မစကားတွေ အများကြီးပြော ဖြစ်ပြီး ကိုကိုက စကားအရမ်းနည်းနေတဲ့နေ့ပေါ့။

ပြန်တွေးကြည့်တော့ အဲဒီနေ့က ကျွန်မစကားတွေ အများကြီး ပြောဖြစ်သွားတာဟာ ကိုကိုက ခါတိုင်းထက် စကားနည်းနေခဲ့လို့ပါပဲ။ ရိုးရိုးကလေးပါ။

"အစ်ကို…ဒီနေ့ နေမကောင်းဘူးလား"

ပြောပြီးပြီးချင်းပဲ ကျွန်မလက်က ကိုကို့နဖူးပြင်ကျယ်ကျယ်ဆီ လှမ်းစမ်းမိတော့မလို့၊ တော်သေးတယ်၊ ချက်ချင်းပဲ ကျွန်မ သတိဝင် လာလို့ပေါ့။

"မဟုတ်ပါဘူး…ကျွန်တော် ကောင်းကောင်းနေကောင်း ပါတယ်"

ကိုကိုကတော့ စောစောက လှုပ်ခနဲဖြစ်သွားတဲ့ ကျွန်မရဲ့လက် ကို သတိထားမိလိုက်ပုံမပေါ်ဘူး။

"နေကောင်းရဲ့သားနဲ့…ဘာဖြစ်လို့ စကားတွေ မပြောရ တာလဲ"

"ပြောပါတယ်…ဘာဖြစ်နေလို့လဲ"

"မဟုတ်ပါဘူး…အစ်ကို့ကြည့်ရတာ ခါတိုင်းနဲ့မတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ကျွန်မစကားကို ကိုကိုအတိုက်အခံ မလုပ်တော့ပါဘူး။ လက်ဖက်ရည်ဆိုင်အပြင်ဘက်ကိုပဲ ငေးရီတွေးတောနေပါတယ်။ ခဏကြာတော့မှ…

"ဖြူသွယ်"

ကိုကိုအသံက ဟိုအရင် ကျွန်မနာမည်ကို ခေါ်သလို အသံမျိုး မဟုတ်ပါဘူး။ ဒဏ္ဍာရီဆန်နေတယ်။ အသံက မတိုးပါဘဲနဲ့ ပုံပြင်တစ်ပုဒ်ထဲက တိုးထွက်လာသလို အသံမျိုး…

"ရှင်…အစ်ကို"

ကျွန်မကိုကြည့်တဲ့ ကိုကို့အကြည့်ကလည်း တစ်မျိုးဖြစ်နေတယ်။ အဲဒီအကြည့်ကိုတော့ ကျွန်မ ဘယ်လိုပြန်ပြောရမှန်းမသိလောက်အောင်ပါပဲ။ သေချာတာက သိပ်နွေးထွေးတယ်။

"ဖြူသွယ့်ကို ကျွန်တော်ချစ်နေမိပြီ"

+++

အချစ်တဲ့။

မော်သားဝတ်မှုန်ဝတ်ဆံတွေ တလက်လက်ဝဲပျံ မျောဝေ့နေတဲ့ နံနက်ခင်းပန်းဥယျာဉ်ထဲက ကဗျာတစ်ပုဒ်လား။

သိရခက်တဲ့ လျှို့ဝှက်ရဲရင့်မှုတို့ရဲ့ နောက်ကွယ်က ကြည်နူးရင်ခုန်ဖွယ်ရာ တေးသွားတစ်ပိုင်းတစ်စလား။

ဒါမှမဟုတ်…။

ကြမ်းရှခါးသီးဖွယ် ဆန္ဒရမ္မက်မှာ အသက်ဇီဝချုပ်ငြိမ်းတဲ့အထိ ပေးအပ်စတေးခံရမယ့် ကားစင်တစ်ခုလား။

ငရဲပန်းအထပ်ထပ် ထိုးစိုက်၊ ကောင်းကင်ရင်ပြင်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



အငိုက်မိသွားလောက်မယ့် ကနုတ်ပန်းနွယ် လက်ကိုင်ရိုးတပ် ဓား တစ်ချောင်းလား။

ကျွန်မ မသိခဲ့ရိုးအမှန်ပါ…ကိုကို။

ဘယ်မိန်းကလေးမဆို ရည်းစားစကားပြောခံရပြီးရင် ခဏပဲ ဖြစ်ဖြစ် ရှက်သွားကြတာပဲ မဟုတ်လား၊ ကျွန်မလည်း အဲ့ဒီအချိန်လေး မှာ ရှက်ခဲ့ရတာပါပဲ။

ထုံးစံအတိုင်း ကိုကို့ကို 'ကျွန်မ စဉ်းစားဦးမယ်' ဆိုတဲ့ မိန်းကလေးတိုင်း ပြန်ပြောနေကျစကား ပြောရမယ့်အစား…

"အစ်ကို ကျွန်မကို တကယ်ချစ်တာ သေချာရဲ့လား"

ကိုကိုက ခေါင်းကို အရင်ညိတ်ပြီးမှ တစ်လုံးချင်း ပြန်ဖြေ တယ်။

"သေချာတယ်"

"သေချာတယ်ဆိုရင် သုံးနှစ်စောင့်နိုင်မလား"

ကျွန်မစကားဆုံးတော့ ကိုကို ပြူးပြူးပျာပျာ ဖြစ်သွားတယ်။

"ဘယ်လို…ဖြူသွယ်၊ သုံးနှစ်စောင့်ရမယ် ဟုတ်လား"

"ဟုတ်တယ်"

"မ…မကြာလွန်းဘူးလား…ဖြူသွယ်ရ"

"မကြာပါဘူး…ကျွန်မ အစ်ကို့ကို စောင့်ကြည့်ရဦးမယ်လေ"

တော်တော့်ကို စိတ်ပျက်လက်ပျက် ဖြစ်သွားပုံကို ကိုကို့ မျက်နှာပေါ်မှာ မြင်နေရတယ်။

"စောင့်ကြည့်တာလည်း ကြည့်ပေါ့…ဒါပေမယ့် ဖြူသွယ်နဲ့ ကျွန်တော်နဲ့က…"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတစ်ယောက် အကြံရခက်နေတယ်။

"အာ…ဒီခေတ်ကြီးထဲမှာ သုံးနှစ်ဆိုတာ သိပ်ကြာလွန်းပါတယ်"

"ဘာလဲ…အစ်ကိုက မစောင့်ချင်ဘူးလား"

"မဟုတ်ပါဘူး…ဒါပေမယ့်"

"ဘာ…ဒါပေမယ့်လဲ"

"ဟို…အဲ…ဟိုဒင်း"

အီလည်လည်ကြီးဖြစ်နေတဲ့ ကိုကို့အသွင်အပြင်ဟာ ဘေးက နေကြည့်ရတာနဲ့တင် ရယ်စရာကောင်းနေတယ်။ ဒါပေမယ့် ကျွန်မ မရယ်ခဲ့ပါဘူး။ ခပ်တည်တည်ပါပဲ။ နည်းနည်းလောက်ပဲဖြစ်ဖြစ် ကိုကို့ကိုထပ်ညှင်းရင် ပျော်စရာကောင်းမယ်လို့ ကျွန်မထင်မိလိုက်လို့ပါ။

❑



www.burmeseclassic.com

www.burmeseclassic.com



(၈)

ကိုကို့ကို ညှင်းမယ်ဆိုတဲ့ ကျွန်မရဲ့စိတ်ကူးဟာ အကြာ ကြီးမခံလိုက်ပါဘူး။ ဒါကလည်း ထုံးစံအတိုင်း ကျွန်မရဲ့ နမော်နမဲ့နိုင်မှုတစ်ခုကြောင့်ပါပဲ။ အဲဒီ့ဖြစ်ရပ်ကြောင့် ကိုကိုဟာ ပထမဆုံးအကြိမ်အဖြစ် ကျွန်မကို စိတ် ကွက်နာကျင်ခဲ့ရတဲ့အတွက် စိတ်မကောင်းဖြစ်မိပါ ရဲ့...ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို propose လုပ်ပြီးနောက်ပိုင်း ကိုကိုဟာ ကျွန်မအပေါ် သိသိသာသာပဲ အရင်ကထက် ပိုကောင်းလာပါတယ်။

အမှန်တော့ ဒါဟာ သိပ်တော့လည်း မဆန်းပါဘူး။ ကိုကို့အနေနဲ့ ကျွန်မကို တရားဝင် ဖွင့်ပြောပြီးထားတဲ့အတွက် တရားဝင်လည်း ချစ်ပြဖို့လိုတယ်မဟုတ်လား။

ခက်နေတာက ကိုကိုက အဲဒီလို ချစ်ပြ၊ ဂရုစိုက်ပြတာကို ကျွန်မက အလိုက်ကန်းဆိုးမသိ ရောင့်တက်ပြီး အခွင့်အရေးတွေ ယူတတ်တဲ့ကိစ္စပဲ။

ဒီလိုနဲ့ကိုကိုက ကျွန်မအပေါ် ဂရုစိုက်ပြ၊ ကျွန်မက ကိုကို့အပေါ် လိုတာထက်ပိုဆိုးပြလိုက်နဲ့ နေလာရင်း တစ်လလောက်အကြာမှာတော့ ကိုကို့အပေါ် လွန်ကျူးတဲ့အခွင့်အရေးတစ်ခု အဆင်အခြင်ကင်းမဲ့လွန်းစွာ ကျွန်မယူမိသွားတယ်။

မှတ်မှတ်ရရ အဲဒီတုန်းက ကိုကိုနဲ့ကျွန်မဟာ လှိုင်မြို့နယ်မှာရှိတဲ့ ဘူတာရုံလမ်းဆိုတဲ့ နေရာလေးကို ရောက်နေခဲ့တယ်။ အဲဒီလမ်းထဲက အန်တီစန္ဒာရဲ့ အသိတစ်ယောက်ဆီကို အန်တီစန္ဒာက ပစ္စည်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပို့ခိုင်းလို့ ရောက်သွားရတာပါ။ သိတဲ့အတိုင်း ကျွန်မက ဟိုဟိုဒီဒီ သိပ်မသွားတတ်တော့ ကိုကိုကပဲ လိုက်ပို့ပေးရတာပေါ့။

အန်တီစန္ဒာက ဘာပစ္စည်းပို့ခိုင်းလိုက်သလဲဆိုတာတော့ ကျွန်မ မမှတ်မိတော့ဘူး။ အဲဒီလိုမျိုး အန်တီစန္ဒာက ခဏခဏ ခိုင်းတတ်လွန်း တော့ ကျွန်မပို့တဲ့ပစ္စည်းကိုလည်း သိပ်မှတ်သား မထားမိတော့တာ လည်း ပါတာပေါ့လေ။

အန်တီစန္ဒာရဲ့ အသိအိမ်မှာ စကားပြောနေတုန်း ကိုကိုကတော့ အဲ့ဒီအိမ်ရဲ့ မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင် ဒါမှမဟုတ် သင့်တော်ရာနေရာတစ်ခုခုမှာ စောင့်နေရတတ်ပါတယ်။

ကိုကိုနဲ့ကျွန်မ ခုလိုတတွဲတွဲသွားလာနေတာကို အန်တီစန္ဒာရဲ့ အသိကနေတစ်ဆင့် အန်တီစန္ဒာသိသွားမှာကို ကျွန်မက မလိုလားဘူး မဟုတ်လား။

အဲဒီနေ့ကတော့ ကိစ္စအားလုံး အဆင်ပြေပြေနဲ့ ပြီးဆုံးလို့ အန်တီစန္ဒာရဲ့ အသိအိမ်ကနေအပြန် ကားမှတ်တိုင်မရောက်ခင် ကြုံခဲ့တဲ့ အဖြစ်အပျက်ကြောင့် ကိုကိုတစ်ယောက် ကျွန်မကို ရှေ့စိတ်တော်ပျက် သွားရတော့တာပါပဲ။

+++

ဖြစ်ပုံကတော့ လမ်းဘေးတစ်နေရာမှာ ဂစ်တာတီးပြီး သီချင်း ဆိုနေတဲ့ ဒုက္ခိတဦးလေးကြီးတစ်ယောက်ကို ဘာရယ်မဟုတ်ဘဲ အခြား သူတွေလို ကိုကိုနဲ့ကျွန်မ ခဏရပ်ကြည့်မိလိုက်တာက စတာပါ။

ကြည့်နေရင်း ကိုကိုက ဒုက္ခိတဦးလေးကြီးရှေ့က ခွက်ငယ် လေးထဲထည့်ဖို့ ပိုက်ဆံအိတ်ကို ဂျင်းဘောင်းဘီထဲက နှိုက်ထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကိုမြင်တော့ ကျွန်မ ကိုကို့လက်ကို ရုတ်တရက်လှမ်းတား လိုက်ပြီး…

"ဒီမယ် ဦးလေးကြီး…ဟိုလေ…ဦးလေးကြီးရဲ့ ဂစ်တာကို ခဏငှားပါလား၊ ကျွန်မ ဒီအစ်ကို့ကို သီချင်းတစ်ပုဒ်လောက် တီးခိုင်းချင်လို့ပါ၊ အဲဒီအတွက် ဦးလေးကြီးကို ကျွန်မတို့ငွေလှူပါ့မယ်"

ပြောပြောဆိုဆို ကျွန်မက ခွက်ငယ်လေးထဲ ထောင်တန် တစ်ရွက် လှမ်းထည့်လိုက်ပါတယ်။

ကျွန်မရဲ့အပြုအမူကြောင့် ကိုကိုအပါအဝင် ဒုက္ခဦးလေးကြီးနဲ့ ဘေးကဝိုင်းကြည့်နေတဲ့ လူသုံးလေးယောက်လောက်ဟာ ကြောင် တောင်တောင်ဖြစ်သွားကြလေရဲ့။ ခဏနေမှ…

"သြော်…အေး…အေး ရပါတယ်၊ ဟိုမောင်ရင်လေး မဟုတ် လား၊ ရော့…ရော့…ဂစ်တာလာယူလေ"

အဲဒီလိုနဲ့ ကိုကို့လက်ထဲ ဂစ်တာလေးဟာ ဇွတ်ခနဲရောက် သွားတယ်။ ဂစ်တာကိုကိုင်ပြီး ဘာလုပ်ရမှန်း ကိုကိုမသိဘူးဖြစ်နေ တယ်။ ဒုက္ခိတဦးလေးကြီးနဲ့ အခြားလူတွေကတော့ ကိုကို့ဆီ ငေးစိုက် ကြည့်လို့…။

"ကိုကို…ကျွန်မကို အရှက်ကွဲအောင် မလုပ်နဲ့နော်…ဘယ် သီချင်းပဲဖြစ်ဖြစ် ရတဲ့တစ်ပုဒ်တီးပြနော်၊ တစ်ပုဒ်တည်းပါ…ကိုကိုရဲ့"

ကိုကို့အနားကပ်ပြီး ကျွန်မ တိုးတိုးပြောလိုက်တယ်။

ပုံမှန်ခေါ်ပြောနေကျ 'အစ်ကို' ဆိုတဲ့ နာမ်စားနေရာမှာ 'ကိုကို' လို့ ကျွန်မပြောင်းခေါ်လိုက်တာဟာ ကိုကို့အတွက် တစ်ခုခုထူးခြားသွား ပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မျက်နှာဟာ ရှက်စိတ်ကြောင့် ရဲရဲတွတ်နေပေမယ့် စိတ်ထဲမှာ တစ်ခုခုကို ခဲရာခဲဆစ်ပိုင်းဖြတ်နေသလိုပဲ။

အဲဒီနောက်တော့ ကိုကိုဟာ မဝံ့မရဲလေးနဲ့ ဂစ်တာကိုစတီးတယ်။ တွန့်ဆုတ်...တွန့်ဆုတ်နဲ့ ပြုံးတယ်။ အသံလေး မပွင့်တပွင့်နဲ့ လတ်တလော ရေပန်းစားနေတဲ့ သီချင်းတစ်ပုဒ်ကို စဆိုတယ်။

ဘာပဲဖြစ်ဖြစ် ကိုကို့အသံလေးက ပတ်ဝန်းကျင်ကို ငြိမ်ကျသွားစေတာတော့ အမှန်ပါပဲ။

❑



www.burmeseclassic.com

www.burmeseclassic.com



(၉)

လူတစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုဟာ အချိန်ကာလနဲ့ တိုက်ရိုက် အချိုးကျတယ်လို့ ကျွန်မ သိထားတယ်။ ကျော်လွန်ခဲ့ပြီးတဲ့ အချိန်ကာလတစ်ခု အတွင်းမှာ ကြုံဆုံခဲ့သမျှ အဖြစ်အပျက်တွေ၊ အောင်မြင်မှုတွေ၊ ရှုံးနိမ့်မှုတွေ စိတ်လှုပ်ရှားရမှုတွေနဲ့ အခြားကိစ္စရပ်တွေက လူ့စိတ်ကို ရင့်ကျက်ပြောင်းလဲစေတယ် နော်…ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



ခုပဲကြည့်လေ…။

ဟိုအရင်က ကိုကိုအရှက်ရစေခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို ကိုကိုဟာ ပြုံးပြုံးရွှင်ရွှင်နဲ့ နားထောင်နေတတ်ပြီ။

အို…ဟုတ်သားပဲ။

ကိုကို့ကော်ဖီခွက်ထဲမှာ ဘာမှမကျန်တော့ဘူးပဲ။ စီးကရက် သောက်မလား…ကိုကို။

ရှင်…ဖြတ်လိုက်ပြီဟုတ်လား။

ကောင်းတာပေါ့…ကိုကိုရယ်။ ဒါပေမယ့် ကျွန်မ ပြောစကား လေးတွေကို နားထောင်ပေးပါဦးနော်။ ကိုကို့အတွက် အပန်းမကြီး လောက်ဘူး မဟုတ်လား။

ကိုကိုခေါင်းညိတ်တဲ့ အမူအရာက ဟိုတုန်းကလိုပဲ။ အရမ်း ပြောင်းလဲမသွားသေးဘူး။ ချစ်စရာကောင်းတုန်းပဲလို့ ကျွန်မပြောရင် အရင်လိုမရှက်နဲ့နော်။ ကျွန်မပြောနေတဲ့ အကြောင်းအရာတွေကိုလည်း စိတ်မပျက်ဘဲ နားထောင်ပေးပါဦးနော်။

ကြာခဲ့ပေမယ့် မေ့ပစ်လို့မရတဲ့ အကြောင်းအရာတွေဖြစ်မှန်း ကိုကိုလည်း ကောင်းကောင်းနားလည်မှာပါလေ။

+++



www.burmeseclassic.com

www.burmeseclassic.com



"ဖြူသွယ့်ကို ကျွန်တော် လေးလေးနက်နက်စကား ပြောချင်လို့ ဖုန်းဆက်လိုက်တာပါ"

"ပြောလေ…အစ်ကို…ဘာပြောမှာလဲ"

"သြော်…ဒီလိုပါ၊ ကျွန်တော် ဖြူသွယ့်ကို ချစ်ခွင့်ပန်ထားတဲ့ ကိစ္စ…အဲဒါ"

"အဲဒါ ဘာဖြစ်လို့လဲ အစ်ကို"

"အဲဒါ ကျွန်တော် ပြန်ရုပ်သိမ်းချင်လို့"

+++

ဒုက္ခိတဦးလေးကြီးရဲ့ ဂစ်တာကိုငှားပြီး လမ်းပေါ်မှာ သီချင်းဆိုခိုင်းတဲ့အတွက် ကိုကို တော်တော်လေး စိတ်ထိခိုက်သွားပုံရတယ်။

အဲဒီညက ကျွန်မဆီဖုန်းဆက်တော့ ကိုကို့အသံတွေဟာ ဒေါသကြောင့် တုန်ခါနေတယ်။ ဒီကိစ္စကို တစိမ့်စိမ့်တွေးပြီး ကိုကို့မှာ တောက်လျှောက်ဒေါသတွေ ထွက်နေခဲ့ရတာလေ။

ကျွန်မလေ…ကိုကို့ကို သနားလိုက်တာ…။

ကျွန်မရဲ့ ပြုမှားဆိုမှား ကိစ္စတစ်ခုဟာ လူတစ်ယောက်ရဲ့ သိက္ခာကို ရစရာမရှိအောင် ချလိုက်တာနဲ့ အတူတူပဲ။ ကျွန်မ ကိုကို့ကို ဘယ်လိုနှစ်သိမ့်ရမလဲ မသိတော့ဘူး

ကိုကို့နဲ့ပတ်သက်လို့ ပထမဆုံးအကြိမ်အဖြစ် ကျွန်မ ရှိုက်ငိုမိသွားတယ်။

အဲဒါ့တွေအပြင် ကျွန်မရဲ့ နမော်နမဲ့နိုင်မှုတွေအတွက်လည်း စိတ်မကောင်းဖြစ်မိပါရဲ့။ ခွင့်လွှတ်ပါ…ကိုကိုရယ်…ခွင့်လွှတ်ပါ။

ကျွန်မရင်ထဲမှာ သိုဝှက်ထားတဲ့ အရာတစ်ခုဟာ စိတ်လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းများစွာကြောင့် အဲဒီညက လွတ်ကျသွားတယ်။ ကျွန်မ ဘယ်လိုမှ ဆုပ်ကိုင်ဖုံးကွယ်ထားလို့ မရတော့ပါဘူး ကိုကိုရယ်။

+++

"နေ…နေပါဦး ကိုကိုရယ်"

"ဘာ…ဘယ်လို ဖြူသွယ်"

"ချစ်ခွင့်ပန်တဲ့ကိစ္စကို မရုပ်သိမ်းပါနဲ့ဦး ကိုကို၊ ကျွန်မ… ကျွန်မ…ကိုကို့ကို သိပ်ချစ်ပါတယ်…ကိုကို"

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

ကိုကိုနဲ့ကျွန်မရဲ့ ချစ်သူဘဝဟာ အခြားချစ်သူစုံတွဲတွေအတိုင်း ပျော်ရွှင်မှုတွေ ရခဲ့ပါတယ်။ အခြားချစ်သူစုံတွဲတွေနဲ့ မတူတာက ရံဖန်ရံခါ ထ,ထ ဖောက်တတ်တဲ့ ကျွန်မရဲ့ နမော်နမဲ့နိုင်မှုတွေပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနဲ့ကျွန်မရဲ့ ချစ်ခရီးလမ်းမှာ စကတည်းက ယဉ်သကိုး ဆိုတာမျိုးဖြစ်စေမယ့် အကြောင်းတစ်ခုက ပေါ်လာပြန်သေးတယ်။

အဲဒါကတော့ ချစ်သူဖြစ်ပြီး တစ်ပတ်အကြာမှာ နှစ်ယောက် အတူ ရုပ်ရှင်ကြည့်ဖို့ ချိန်းဆိုတော့ တစ်နာရီတိတိ ကျွန်မနောက်ကျ ရောက်သွားတာကနေ အစပြုတာပဲ။

"ကိုကို ကျွန်မနောက်ကျသွားတယ်…ဆောရီးပဲကွာ…ကဲ… လာ ရုပ်ရှင်သွားကြည့်ကြရအောင်"

ကိုကိုက သုန်မှုန်ညစ်နွမ်းနေတဲ့အကြည့်နဲ့ ကျွန်မကို ကြည့်ပါ တယ်။ ဒါပေမယ့် ထိုင်ရာက မထပါဘူး။ ဆက်ထိုင်နေပါတယ်။

"ကိုကိုကလည်းကွာ…ကျွန်မ ကားမရလို့ နောက်ကျသွား တာပါ၊ ထပါ…ရုပ်ရှင်ရုံသွားရအောင်"

ကျွန်မတို့ ချိန်းဆိုထားတဲ့နေရာက ရုပ်ရှင်ရုံနဲ့ မလှမ်းမကမ်းက ကားမှတ်တိုင်တစ်ခုမှာပါ။

ကိုကိုက ကျွန်မကို ဘာစကားမှမပြောဘဲ မျက်နှာလွှဲပြီး ဆက်ထိုင်မြဲထိုင်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ…ကိုကိုရယ်…နောက်မှစိတ်ဆိုးနော်… သွားကြရအောင်"

"ဘာသွားလုပ်ရမှာလဲ ဖြူသွယ်၊ ရုပ်ရှင်ပဲ တစ်ဝက်ကျိုးနေပြီ"

ထိန်းပြောတယ်ဆိုပေမယ့် ကိုကို့အသံမှာ ဒေါသစွက်နေတာတော့ ဖုံးမရဘူး။

"ကိုကို ရုပ်ရှင်မကြည့်တော့ဘူးလား"

"ဟင့်အင်း မကြည့်တော့ဘူး…နောက်လည်း ဘယ်တော့မှ မကြည့်တော့ဘူး"

ရန့်စကားတစ်ခုခုပြန်ပြောဖို့ ကျွန်မ ကြိုးစားကြည့်သေးတယ်။ ကိုကို့မျက်နှာကိုမြင်တော့ အဲဒီအကြံက အထမမြောက်ဘူးဖြစ်သွားတယ်။

ကိုကို့ဘေးနားမှာ ကျွန်မ ဝင်ထိုင်လိုက်တယ်။ အတော်ကလေးကြာတဲ့အထိ နှစ်ယောက်စလုံး ဘာစကားမှ မပြောဖြစ်ကြဘဲ အတွေးကိုယ်စီနဲ့ ငြိမ်သက်မိတယ်။

"ဘာပဲဖြစ်ဖြစ် ကိုကိုရယ်…တစ်ဝက်ကျိုးကနေကြည့်လည်း ကိုကိုနဲ့ကျွန်မကြည့်တဲ့ ရုပ်ရှင်ပဲလေ"

ကျွန်မစကားအဆုံးမှာ ကိုကို ထရပ်တယ်။ ပြီးတော့ ကျွန်မလက်ကိုဆွဲပြီးပြောတယ်။

"စိတ်ဆိုးပြေလို့ မဟုတ်ဘူးနော်၊ ဝယ်ပြီးသား လက်မှတ်တွေ နှမြောလို့"

ဒါနဲ့ပဲ တစ်ဝက်ကျိုးနေတဲ့ ရုပ်ရှင်ကားဟာ ကိုကိုနဲ့ကျွန်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဘဝ ပထမဆုံး ရုပ်ရှင်ကားဖြစ်လာလေရဲ့။ မှတ်မှတ်ရရ အဲဒီတုန်းက ဇာတ်ကားက (Spider-men 3)တဲ့။

+++

"ကိုကို…ဒီနေ့အမှတ်တရ အနေနဲ့ ကျွန်မနဲ့ကိုကို အင်္ကျီဆင်တူတစ်စုံလောက် ဝယ်ရအောင်လေ…ဘယ်လိုလဲ"

"ကောင်းသားပဲ ဖြူသွယ်ရဲ့၊ တစ်ခါတလေ ဆင်တူဝတ်လို့ရတာပေါ့"

+++

ရုပ်ရှင်ကြည့်ရင်း မထင်မှတ်ဘဲ ကျွန်မပေးမိတဲ့ အကြံကြောင့် ရုပ်ရှင်ပြီးတော့ မြို့ထဲက အဝတ်အစားဆိုင်တွေဆီ ကိုကိုနဲ့အတူ လမ်းသလားဖို့ ဖြစ်လာပြန်တာပေါ့။

အင်း…ဒါကပဲ နောက်တစ်ကြိမ် ကိုကို့အတွက် စိတ်အနှောက်အယှက်တစ်ခုကြုံရအောင် ဖြစ်လာတာများလား…ကိုကိုရယ်။

ဆင်တူအင်္ကျီတွေ အများကြီးရှိပေမယ့် ကိုကိုနဲ့ကျွန်မ စိတ်ကြိုက်မတွေ့လို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် အင်္ကျီရွေးကြတာ မောလို့မောမှန်းတောင်မသိကြဘူး။

နောက်ဆုံးတော့ ဆိုင်တစ်ဆိုင်မှာ ကိုကိုရောကျွန်မရော နှစ်ယောက်စလုံးကြိုက်တဲ့ အင်္ကျီဆင်တူတစ်စုံကို သွားတွေ့ပါတယ်။ အမှန်အတိုင်းပြောရရင် ဒီလိုမျိုး တစ်ဆိုင်ပြီးတစ်ဆိုင် အင်္ကျီဆင်တူရွေးတဲ့နေရာမှာ အဓိက,က ကျွန်မရဲ့စိတ်ကြိုက် ရွေးချယ်မှုပါပဲ။

ဆိုလိုတာက နောက်ဆုံးဆိုင်တစ်ဆိုင်မှာ တွေ့တဲ့ အင်္ကျီဆင်တူတစ်စုံကို ကျွန်မ တော်တော်လေးကြိုက်နေလို့ ကိုကိုက မငြင်းပယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ ရွေးချယ်လိုက်ကြတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။

"ဒါလေးက တကယ်လှတာ…ညီမလေးတို့အရွယ်လေးနဲ့ ဆို တော်တော်ကြည့်ကောင်းတယ်"

ဆိုင်ပိုင်ရှင်ဖြစ်ဟန်တူတဲ့ အစ်မကြီးက အင်္ကျီကို ကျွန်မခန္ဓာ ကိုယ်မှာ ကပ်ကြည့်ယင်းပြောပါတယ်။

"ကိုကို…ဒီတစ်စုံယူမယ်နော်၊ ကျွန်မ ဒါလေးကြိုက်တယ်"

ကိုကိုက ကျွန်မနဲ့အင်္ကျီလေးကို ယှဉ်တွဲကြည့်နေတယ်။ ပြီးမှ…

"ဖြူသွယ်လိုချင်ရင် ယူလိုက်တော့လေ"

စကားအဆုံးမှာ ကျွန်မက ရွေးထားတဲ့ ဆင်တူအင်္ကျီလေး နှစ်ထည်ကိုယူဖို့ စောစောက အစ်မကြီးကို လှမ်းပြောလိုက်ပါတယ်။

"အစ်မ…ဒီနှစ်ထည် ယူမယ်နော်"

ခဏကြာတော့ စက္ကူလက်ဆွဲအိတ်ထဲ ရောက်နေပြီဖြစ်တဲ့ အဲဒီအင်္ကျီဆင်တူနှစ်ထည်ကိုဆွဲပြီး ကျွန်မဆိုင်ပြင်ကို ထွက်လာပါတယ်။

ဆိုင်ဝမှာ ရပ်စောင့်နေတုန်း ကိုကိုတစ်ယောက် တော်တော်နဲ့ ထွက်မလာလို့ ဆိုင်ထဲပြန်ဝင်လိုက်တော့…

"မရလို့ပါ မောင်လေးရယ်…စိတ်ချပါ၊ ပစ္စည်းကအမှန်ပါ၊ ကြိုက်တဲ့ဆိုင်ဝင်မေး…ဈေးကလည်း မများပါဘူး"

"ဟိုလေ…ကျွန်တော်ကလည်း အများကြီးလျှော့ဖို့ ပြောတာ မဟုတ်ပါဘူး…နည်းနည်းဖြစ်ဖြစ်ပါ"

ဘုရားရေ…ကျွန်မ တကယ်အံ့သြသွားတာပါ။ ကိုကိုက ဘာပဲဝယ်ဝယ် ဈေးဆစ်တတ်တဲ့ လူမျိုးမှမဟုတ်တာ။ ခုမှ ဘာဖြစ်လို့ အသည်းအသန် ဈေးဆစ်နေရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘာဖြစ်လို့လဲ"

ကျွန်မကိုလှည့်ကြည့်တဲ့ ကိုကို့မျက်နှာဟာ ဟိုတစ်ခါ ဒုက္ခိတ ဦးလေးကြီးဆီက ဂစ်တာငှားပြီး သီချင်းဆိုခိုင်းစဉ်ကလို အရှက်တရားနဲ့ ရဲရဲတွတ်နေပါတယ်။

"ဖြူသွယ်···ခဏ"

ကျွန်မလက်ကိုဆွဲပြီး ခပ်လှမ်းလှမ်းတစ်နေရာဆီ ကိုကိုခေါ် သွားတယ်။ ဆိုင်ရှင်အစ်မကြီးကတော့ အူကြောင်ကြောင်ပုံမျိုးနဲ့ ကျန်ခဲ့ လေရဲ့။

"ဘာလဲ···ကိုကို···ဘာဖြစ်လို့လဲ"

"ဟိုလေ···ဖြူသွယ်···မစီစဉ်ထားဘဲ ရုတ်တရက်ဆိုတော့ အင်္ကျီဝယ်ဖို့ ကိုယ့်မှာပိုက်ဆံမလောက်ဘူး ဖြစ်နေလို့ အဲဒါ···"

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ကိုကိုနဲ့ပတ်သက်လို့ ဩချယူရလောက်တဲ့ ကျွန်မရဲ့ အတ္တဆန်ဆန် နမော်နမဲ့နိုင်မှုတွေဟာ ကျွန်မနဲ့ ပတ်သက်ပြီး ဩချယူရလောက်တဲ့ ကိုကို့ရဲ့ဖြူစင်ရိုးသားမှုတွေအပေါ် အနိုင်ကျင့်ဆိုးသွမ်းသလို ဖြစ်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို မှတ်မိသေးလား။

ကိုကိုနဲ့ကျွန်မ ပန်းခြံထဲ ပထမဆုံးသွားခဲ့ကြတဲ့ တစ်ရက်အကြောင်းလေ။

အဲဒီတုန်းက အခုလိုပဲ ကိုကိုက အဖြူရောင်ရှပ်လက်ရှည်လေး ဝတ်လို့ပေါ့။

တစ်ရက်တော့ အင်္ဂလိပ်စာသင်တန်း ပြီးဆုံးသွားချိန်မှာ ကိုကိုနဲ့ တွေ့နေကျ လက်ဖက်ရည်ဆိုင်လေးဆီ ကျွန်မလျှောက်လာခဲ့တယ်။ ဒါပေမယ့် လမ်းမှာတင် ကျွန်မဆီလျှောက်လာတဲ့ ကိုကို့ကို တွေ့လိုက်ရတယ်။

"ဘာလို့ ဆိုင်မှာစောင့်မနေတာလဲ"

"ဖြူသွယ့်ကို ကိုယ်အရမ်းတွေ့ချင်လို့"

ကျွန်မနဲ့ကိုကို ပြိုင်တူလိုလို ပြုံးမိသွားတယ်။ နောက်ပြီး လွန်ခဲ့တဲ့ရက်က ကြိုပြောထားတဲ့အတိုင်း ဒီနေ့ပန်းခြံတစ်ခုကို သွားဖို့ အကြောင်း ကျွန်မခေါင်းထဲဝင်လာတယ်။ ဒါကို ကိုကိုလည်း တွေးမိပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လာ…ဖြူသွယ်၊ ကိုယ်တို့ ဆူးလေကနေ ကားစီးရလိမ့်မယ်"

ဒီလိုနဲ့ ကိုကိုကမ်းပေးလာတဲ့ လက်ထဲ ကျွန်မလက်ကို အသာထည့်ပြီး ကိုကိုခေါ်ရာနောက် ကျွန်မလိုက်ခဲ့တော့တာပါပဲ။

+++

ပန်းခြံထဲရောက်တော့ ဟိုနေရာဒီနေရာ မှန်သမျှဟာ ငေးလို့မောလို့ မဝနိုင်ဘူးဖြစ်နေတယ်။ ကျွန်မက ဒီလိုနေရာမျိုးနဲ့ အရမ်းစိမ်းနေခဲ့တာ မဟုတ်လား။

ကိုကိုက ပန်းခြံဝင်ခွင့် စက္ကူပိုင်းလေးနှစ်ခုကို ပိုက်ဆံအိတ်ထဲထည့်လိုက်တယ်။ ပြီးမှ…

"ဘယ်ကိုသွားမလဲ ဖြူသွယ်"ဆိုပြီး ကျွန်မဖက်လှည့်မေးတယ်။

"အင်း…ရှေ့ကလမ်းအတိုင်း ပတ်ကြည့်မယ်၊ ကြည့်ရင်းနဲ့ နေရာကောင်းကောင်းလေးတွေ့ရင် ဝင်ထိုင်ကြတာပေါ့"

စိမ်းစိုတဲ့ သစ်ပင်ကြီးတွေ အစီအရီ အုပ်မိုးထားတဲ့ လမ်းကလေးအပေါ် ကိုကိုနဲ့ကျွန်မ လျှောက်လာခဲ့တယ်။

ဟိုအပင်ကူးလိုက် ဒီအပင်နားလိုက် လုပ်နေတဲ့ ငှက်ကလေးတွေကို ကြည့်ရတာကိုက ကျွန်မစိတ်ကို အလိုလိုကြည်နူးစေတယ်။

လမ်းလျှောက်ရင်း အချစ်သည်းနေတဲ့ စုံတွဲတချို့ကိုတွေ့တော့ ကိုကိုက ကျွန်မကို မျက်ခုံးပင့်ပြတယ်။ ဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက် စိတ်ကောက်နေတဲ့ စုံတွဲတွေကိုတွေ့တော့ ကျွန်မက ကိုကို့ကို မေးငေါ့ပြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းက ကန်ရေပြင်ကို ဖြတ်တိုက်လာတဲ့ လေပြေက ကိုကိုနဲ့ကျွန်မတို့ရဲ့ ဆံနွယ်တွေကို လွင့်လွင့်ခါခါဖြစ်သွားစေတယ်။

သာယာလိုက်တာ။

ကိုကို့လက်ကိုတွဲလျှောက်နေရင်း ပန်းခြံထဲက အေးငြိမ်းမှုတွေက နေရာတစ်နေရာရှာထိုင်မယ်ဆိုတဲ့ ကျွန်မရဲ့ကြံဆထားမှုကိုတောင် အခိုက်အတန့် မေ့လျော့စေလေရဲ့။

+++

"ဖြူသွယ်…မညောင်းသေးဘူးလား"

"ကိုကိုက ထိုင်ချင်နေပြီလား"

ကျွန်မက ကိုကို့အမေးကို အမေးနဲ့ပဲ တုန့်ပြန်လိုက်တယ်။ ကိုကိုက…

"ဟိုခုံလေးမှာ ထိုင်ရအောင်လေ"

ကိုကိုညွှန်တဲ့နေရာကို ကျွန်မ တစ်ချက်လှမ်းကြည့်ပြီး…

"ဟင့်အင်း မထိုင်ချင်ဘူး…လူတွေ အလွယ်တကူ မြင်နေရတဲ့ နေရာကြီး"

ကျွန်မက အဲဒီလိုပြောလိုက်တော့ ကိုကိုရယ်ပါတယ်။ ရယ်နေရင်းနဲ့ပဲ…

"ဘာလဲ…ဖြူသွယ်က လူတွေမမြင်တဲ့နေရာမှာ သွားထိုင်ချင်လို့လား…ဟား…ဟား…ဟား"

လွတ်နေတဲ့ လက်တစ်ဖက်နဲ့ ကိုကို့ပခုံးကို ကျွန်မအသာဆိတ်လိုက်တော့မှ ကိုကို အရယ်ရပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ကိုကိုက တစ်နေရာကို လက်ညှိုးထိုးပြပြန်ပါတယ်။

"ဟိုသစ်ပင်အောက်ဆိုရင်ရော ဖြူသွယ်"

"အာ…မကောင်းပါဘူး၊ ချောင်သိပ်ကျလွန်းတယ်"

ကိုကိုက ကျွန်မကို နားမလည်သလို ကြည့်တယ်။ ပြီးမှ…

"ဖြူသွယ်ကလည်းကွာ…ကိုယ်ညောင်းနေပြီ…ထိုင်ကြရအောင်လေ"

"နေပါဦး ကိုကိုရဲ့…စိတ်ရှည်ရှည်ထားမှပေါ့"

တဖြည်းဖြည်းနဲ့ လျှောက်လာလိုက်တာ ပန်းခြံတစ်ခုလုံးကို တစ်ပတ်ပတ်မိတဲ့ အထိရောက်တာတောင် ထိုင်စရာနေရာ မတွေ့ဘူး။

တကယ်တော့ ထိုင်စရာနေရာတွေက အများကြီးပါ။ ကိုကိုလည်း ညောင်းလို့ထိုင်ချင်နေပါပြီ။ ကျွန်မက သိတဲ့အတိုင်း ဇီဇာကြောင်ပြီး ကိုကိုပြသမျှနေရာတွေကို ငြင်းခဲ့လို့ မထိုင်ဖြစ်သေးတာပါ။

အဲဒီလို ပန်းခြံတစ်ခုလုံး တစ်ပတ် ပတ်ပြီးမှတော့ ထိုင်စရာနေရာ မရှာမဖြစ်ရှာရတော့မယ်လို့ ကျွန်မတွေးမိလိုက်တယ်။

ခက်တာက စောစောပိုင်း တွေ့တုန်းက လွတ်နေတဲ့နေရာတွေဟာ အခုတော့ အခြားသူတွေ ထိုင်နေကြပါပြီ။ ဒါကိုမြင်တော့ ကိုကိုက…

"တွေ့လား ဖြူသွယ်…စောစောက ဖြူသွယ် ဂျီးများနေတာနဲ့ ကိုယ်တို့ထိုင်စရာတောင် မရှိတော့ဘူး…ဘယ်လိုလုပ်မလဲ"

ကိုကိုအပြစ်တင်လည်း တင်ထိုက်တဲ့အတွက် ကျွန်မငြိမ်နေလိုက်တယ်။ ကိုကိုကတော့ ကျွန်မလို ငြိမ်မနေပါဘူး။ ဆက်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ပန်းခြံထဲသွား လူပြတ်တဲ့နေရာလေးရွေးထိုင်၊ ပြီးတော့ ချစ်သူရဲ့နှုတ်ခမ်းလေးကို ခိုးနမ်း…ကြော်…တကယ်တော့ အဲဒီလိုကို စိတ်ကူးမယဉ်နိုင်တဲ့ ဘဝပါလားနော်"

ကျွန်မ ကိုကို့ကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ပါတယ်။ စိတ်ထဲကလည်း 'ရပါလိမ့်မယ် နှုတ်ခမ်းကို ခိုးနမ်းလို့' ဆိုပြီးတော့ပေါ့။

ဒီလိုနဲ့ပဲ နည်းနည်းကြာတော့ ကိုကိုက အားမရှိစိတ်မပါတဲ့ လေသံနဲ့…

"ဖြူသွယ်…ဟိုးမှာ ထိုင်လို့ရမယ့်နေရာလေး တစ်ခုတွေ့လား၊ ဒါပေမယ့် ဖြူသွယ် သဘောကျချင်မှ ကျမှာပါလေ"

ကိုကိုပြတဲ့ နေရာဆီ ကျွန်မလှမ်းကြည့်လိုက်တယ်။

"သွားလေ…ကိုကို…အဲဒီမှာ ကျွန်မတို့ထိုင်ကြတာပေါ့"

ကျွန်မအဖြေကြောင့် ကိုကိုမျက်လုံးပြူးသွားတယ်။

"ဖြူသွယ်…တကယ်ပြောတာလား၊ ဟူး…တော်သေးတာပေါ့…ထိုင်ရသေးလို့"

ကိုကို အရွဲ့တိုက်ပြောတယ်ထင်ပြီး ကျွန်မလှည့်ကြည့်တော့ … မဟုတ်ဘူး…ကိုကို တကယ်ပျော်သွားတာ၊ နှစ်ယောက်သား အဲဒီနေရာလေးဆီ ခပ်သုတ်သုတ်လျှောက်မိသွားကြတယ်။

နေရာကိုရောက်တော့ ကိုကိုခင်းပေးတဲ့ ဂျာနယ်စက္ကူရွက်ပေါ် ယှဉ်ထိုင်ကြယင်း…

"ရော့…ကိုကို"

ကျွန်မက ကျောပိုးအိတ်ထဲနှိုက်ပြီး အင်္ဂလိပ်စာအုပ်တွေနဲ့ ရော



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ မင်းလူရဲ့ဝတ္ထုတိုစုစည်းမှုစာအုပ်ကလေးကို ထုတ်ကာ ကိုကို့ဆီ လှမ်းပေးလိုက်တယ်။

"ဘာလုပ်ဖို့လဲ ဖြူသွယ်ရ"

ကျွန်မပခုံးပေါ်တင်ဖို့ ဟန်ပြင်နေတဲ့ ကိုကို့လက်က လေထဲမှာ တန်းလန်းဖြစ်သွားပါတယ်။ အဲဒီတန်းလန်းဖြစ်နေတဲ့လက်ထဲ ဝတ္ထုတို စာအုပ်ကို ကျွန်မက အတင်းထိုးထည့်လိုက်တယ်။

"အဲဒီစာအုပ်ထဲက မော်ဒန်စွမ်းအင်ဆိုတဲ့ ဝတ္ထုတိုကိုဖတ်ပြ"

"ဗျာ"

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ဒေါ်သတဲ့။ တစ်ခါတစ်လေမှာ ဘာမဟုတ်တဲ့ ကိစ္စရပ်လေးတွေအပေါ် ကိုကို့ရဲ့ အကဲဆတ်လွန်းတဲ့ သဘောထားဝင်မှုတွေဟာ ကျွန်မရဲ့နှမော်နမဲ့ ဂရုမထားတတ်မှုနဲ့ ထိပ်တိုက်တွေ့ရှိတတ်တယ်။ အဲဒီအခါ ကိုကိုနဲ့ ကျွန်မတို့ရဲ့ တူညီတဲ့တုံ့ပြန်မှုဟာ ဘာဖြစ်လို့များ ဒေါ်သဆိုတဲ့ အသုံးအနှုန်းဖြစ်နေခဲ့ရတာလဲ... ကိုကို ရယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်မှာတော့ ကျွန်မ သင်တန်းအဆင်း ကိုကိုလာကြို ရင်း မထင်မှတ်ဘဲ ပြဿနာတစ်ခု တက်ခဲ့ကြရတယ်။

ကိုကိုက သင်တန်းရှိရာ တိုက်ခန်းလှေကားနဲ့ မလှမ်းမကမ်းမှာ ရှိနေတဲ့ အပင်ရိပ်တစ်ခုအောက်မှာ ကျွန်မ ဆင်းအလာကို စောင့်နေခဲ့ တာပေါ့။

အဲဒီနေ့က သင်တန်းက တခြားကျောင်းသား၊ ကျောင်းသူတွေ ဆင်းပြီးတာတောင် ကျွန်မက ဆင်းမလာသေးလို့ဆိုပြီး တိုက်ခန်း လှေကားရင်းဆီ ကိုကိုဟာ တကြည့်ကြည့်နဲ့ ရှိခဲ့တယ်။

ဒီလိုကြည့်နေရင်း အချိန်အတော်ကြာတော့မှ ကျွန်မ ဆင်းလာ တာ ကိုကိုမြင်လိုက်ရတယ်။

ကိုကို့အတွက် တစ်ချက်တင်းခနဲ ဖြစ်သွားစေတာက ကျွန်မ က တစ်ယောက်တည်းဆင်းမလာဘဲ သင်တန်းဖော်ကောင်လေး တစ်ယောက်နဲ့ အတူတွဲဆင်းလာတဲ့ ကိစ္စပါပဲ။

အခြေအနေကို ပိုဆိုးစေတာက ကိုကို့ဆီတန်းမသွားဘဲ လှေကားရင်းကွက်လပ်ကလေးမှာ သင်တန်းဖော်ကောင်လေးနဲ့ ကျွန်မ စကားရပ်ပြောတာ ငါးမိနစ်လောက် ကြာသွားတာလည်း ပါမယ်ထင်ပါ ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စကားရပ်ပြောနေတုန်း ကိုကိုကတော့ အပင်ရိပ်အောက်ကနေ မကြည်မလင်ဖြစ်နေတဲ့ မျက်နှာနဲ့ လှမ်းကြည့်နေပါတယ်။

ထပ်ပြီး အခြေအနေဆိုးစေတာက ကိစ္စအားလုံးပြီးလို့ ကိုကိုနဲ့ လမ်းတွဲလျှောက်ရင်း ကိုကိုမေးလာတဲ့ စကားတွေကို ကျွန်မ ကောင်းကောင်းမွန်မွန် ပြန်မဖြေမိတာပါပဲ။

"အဲဒီကောင် ဘယ်ကလဲ"

"မသိဘူးလား...သင်တန်းကပဲလေ...အရင်နေ့တွေက ကျွန်မကိုလာကြိုတော့ သတိမထားမိဘူးလား"

"ဘာလို့ သူများတွေဆင်းလာတာတောင် မဆင်းဘဲ အဲဒီကောင်နဲ့ အပေါ်မှာ ကျန်နေခဲ့ရတာလဲ"

ကိုကိုပြောတဲ့ အပေါ်ဆိုတာက သင်တန်းရှိရာ အပေါ်ထပ်ကို ပြောတာပါ။

"ကိုကိုက ဘယ်လိုထင်လို့လဲ"

"ဘယ်လိုမှ မထင်ချင်လို့ မေးတာပေါ့"

အမှန်တော့ ကိုကို့စိတ်ဟာ အကဲဆတ်လွန်းမှန်း သိထားတဲ့အတွက် ဘာကိုမှ ကျွန်မရှင်းမပြချင်ဘူး ဖြစ်နေတယ်။

"ကဲပါ...အပေါ်မှာ နောက်ကျကျန်တာကို ထားတော့၊ ဘာလို့ အောက်ရောက်တော့ ထပ်ပြီး စကားတွေမကုန်နိုင်မခန်းနိုင် ရပ်ပြောနေရသေးတာတုန်း"

တိတိကျကျ ပြန်ဆန်းစစ်ကြည့်ရင်း သိလာတာက အဲဒီလို ကိုကို့ရဲ့ ဂျစ်တစ်တစ် သံသယဖြစ်မှုတွေအပေါ် ကျွန်မ စိတ်ပျက်ခဲ့တယ် ဆိုတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုရင် ကိုကိုမေးသမျှ ကျွန်မဘက်က အေးအေးဆေး ဆေး ပြန်ဖြေလိုက်ရင် ကိစ္စကပြီးသွားမှာပါ။ ဒါပေမယ့် ထုံးစံအတိုင်း ကိုကို့အပေါ် နိုင်နေကျ ကျွန်မက ဘာရယ်မဟုတ် ကိုကိုစိတ်အနှောင့် အယှက်ဖြစ်အောင် လုပ်မိရက်သားဖြစ်သွားတယ်။

"တော်တော့ ကိုကို…ကိုကို ကျွန်မကို မယုံကြည်ဘူးလား"

ကျွန်မရဲ့ ခပ်ဆတ်ဆတ်ပြောလိုက်တဲ့ စကားကြောင့် လမ်း တစ်လျှောက် ဂျစ်တိုက်လာတဲ့ ကိုကို့မျက်နှာဟာ တွေကနဲဖြစ်သွားပါ တယ်။

ခဏကြာတော့မှ…

"ဖြူသွယ့်ကို ကိုယ်ယုံပါတယ်"

အဲဒီစကားပြောပြီးနောက်ပိုင်း သိသိသာသာပဲ ကိုကို ငြိမ်ကျ သွားတယ်။ ဒါပေမယ့် ကိုကို့စိတ်ထဲ ကြည်လင်မှုမရှာဲ တစ်ခုခုကြောင့် နောက်ကျိသွားသလိုပါပဲ။

ပြောရရင် အဲဒီနေ့က ကိုကိုပျော်ရွှင်ပုံမရဘူး။

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၃)

အရာဝတ္ထုတိုင်း ထာဝစဉ်ပြောင်းလဲနေတတ်ခြင်းဟာ လောကနိယာမတစ်ခုပေါ့ . . . ကိုကို။ ပျော်ရွှင်မှုတွေဟာ အမြဲရှိမနေတတ်သလို ဝမ်းနည်းမှုတွေဟာလည်း အမြဲရှိမနေတတ်ဘူးလေ။ ထာဝရတည်ငြိမ်နေတဲ့ တိမ်တိုက်တိမ်စိုင်တွေ ကောင်းကင်မှာ ရှိမနေသလို မျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ပန်းခြံထဲရောက်ခဲ့စဉ်က အဖြစ်အပျက်တွေကို ကျွန်မ ခုထိ ပြတ်ပြတ်ထင်ထင် သတိရမိနေပါသေးရဲ့။

ဒီတစ်ခါတော့ ဟိုအရင်ပထမအကြိမ် ထိုင်ခဲ့တဲ့နေရာလေးဟာ ကြိုတင်မတိုင်ပင်ထားပါဘဲ ကိုကိုနဲ့ကျွန်မတို့နှစ်ယောက်ရဲ့ မူပိုင်နေရာလေး အလိုလိုဖြစ်သွားတယ်။

ထုံးစံအတိုင်း ကိုကိုဖြန့်ခင်းပေးတဲ့ ဂျာနယ်စက္ကူရွက်လေးပေါ်မှာ နှစ်ယောက်အတူ ယှဉ်တွဲထိုင်ကြရင်း ခပ်လှမ်းလှမ်းက ကန်ရေပြင်ကို ငေးရီကြည့်ကြတယ်။

ကောင်းကင်ပြာပြာထဲ ငှက်တွေ တစ်အုပ်ပြီးတစ်အုပ် ပျံသန်းသွားတဲ့မြင်ကွင်းက ကိုကို့ရင်ခွင်ထဲကနေ ကြည့်ရတာ ပိုလှနေသလိုပါပဲလား။

ကိုကိုက ကျွန်မရဲ့ ညာဖက်လက်ကလေးကို အသာဆွဲယူပြီး သွေးကြောစိမ်းလေးတွေ မြင်နေရတဲ့ လက်ဖမိုးပေါ် ဖွဖွညင်သာ နမ်းရှိုက်လိုက်တယ်။

"ဖြူသွယ့်ကိုယ်လုံးလေးက တင်းတင်းကလေးနော်... လေ့ကျင့်ခန်းလုပ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခါးကို ခပ်တင်းတင်းတိုးဖက်ရင်း ကိုကိုပြောလိုက်တာပါ။

"ထွေထွေထူးထူး လေ့ကျင့်ခန်းတော့ မလုပ်ဖြစ်ပါဘူး… ကိုကိုရယ်၊ တစ်ခါတလေ ရေချိုးခါနီးတော့ ထိုင်ထလေးဘာလေး လုပ်ဖြစ်တယ်"

"အင်းလေ…ဖြူသွယ်က လှပြီးသားဆိုတော့ လေ့ကျင့်ခန်း အများကြီးမှ လုပ်စရာမလိုတာ"

"ကိုကိုနော်"

ကျွန်မက ကိုကို့ဗိုက်ကို ဖျတ်ခနဲဆွဲဆိတ်တော့…

"ဟာ… ဘာဖြစ်လို့လဲ၊ ကိုယ်က ဖြူသွယ်ကို လှတယ် ပြောတာလေ၊ မပြောရဘူးလား"

ကျွန်မက မျက်စောင်းထိုးတော့…

"ဟုတ်ပြီ…ဟုတ်ပြီ…ဖြူသွယ့်ကို လှတယ်လို့မပြောတော့ဘူး၊ ဖြူသွယ်က မလှဘူးလို့ပဲ ပြောတော့မယ်နော်"

"ဟာ… ဒီကိုကို…ပြောလေကဲလေ"

ဆိုပြီး ကျွန်မ နောက်တစ်ခေါက် ကိုကို့ဗိုက်ကို ဆွဲဆိတ်ရပြန်ပါတယ်။

"အား…နာတယ် ဖြူသွယ်ရ၊ မပြောတော့ဘူး…မပြောတော့ဘူး၊ ဖြူသွယ် မလှဘူးဆိုတာ မပြောတော့ဘူး၊ လှတယ်လို့လည်း မပြောတော့ဘူး"

"အာ…ကြည့်စမ်း…ကြည့်စမ်း"

နောက်တစ်ခါ ဆွဲဆိတ်ရပြန်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ကိုကိုက ခန္ဓာကိုယ်ကို တွန့်လိမ်ရုန်းဖယ်ရင်း ဆွဲဆိတ်နေတဲ့ ကျွန်မလက်ကို ဖတ်ခနဲဖမ်းဆုပ်ပြီး နောက်မှာတော့…

"အွန့်…အွန်း…အွန်း"

ကျွန်မ ဘာသံမှထွက်လို့ မရတော့ပါဘူး။ ကိုကို့ကို ဆွဲဆိတ်နေတဲ့ ကျွန်မရဲ့လက်တွေက ပြေလျော့ကျသွားတယ်။ ပြီးတော့ ကိုကို့ ရင်ဘတ်ကို အသာတွန်းရင်း ရုန်းဖယ်မိတယ်။

ရုန်းဖယ်ပေမယ့် မရနိုင်မှန်း ကျွန်မသိနေပြီးသားပါ။ ဒါပေမယ့် အင်အားနည်းနည်းလေးနဲ့ ဆက်ရုန်းနေမိပြန်တယ်။ ဘယ်မိန်းကလေး မဆို ချစ်သူရဲ့ပထမဆုံး နှုတ်ခမ်းချင်းအနမ်းကို အသာတကြည် ခံယူဖို့ ထက် နည်းနည်းလောက် ရုန်းဖယ်ခံယူတာက ပိုသဘာဝကျတယ် မဟုတ်လား…ကိုကို။

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

အချိန်ပြည့်မဟုတ်ပေမယ့် အချိန်တော်တော်များများမှာ ကိုကို့အပေါ် အနိုင်ယူခဲ့မိခြင်းဟာ ကိုကိုက ကျွန်မကို တအားချစ်မှန်း သိနေလို့ပေါ့။ ဒါကပဲ ကိုကို့ကို ပြန်ပြီး ထိခိုက်စေခဲ့တဲ့ ကျွန်မရဲ့ မသိဆိုးဝါးမှုတွေ ဖြစ်လာတယ်ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရဲ့သူငယ်ချင်းတွေ စုပြီးနေကြတဲ့ တိုက်ခန်းဟာ ကျွန်မ တက်နေတဲ့ အင်္ဂလိပ်စာသင်တန်းနဲ့ သိပ်မဝေးလှပါဘူး။

အစောပိုင်း အင်္ဂလိပ်စာသင်တန်းတက်ဖို့ နေရာလိုက်ရှာနေတုန်း ကျွန်မနဲ့ကိုကို စတွေ့တော့ ကိုကိုက အဲဒီတိုက်ခန်းရဲ့ လှေကားရင်းမှာ ထိုင်နေခဲ့တာလေ။

ကျွန်မတို့နှစ်ယောက် ချစ်သူဖြစ်ပြီး သိပ်မကြာခင်မှာပဲ အဲဒီတိုက်ခန်းကို ရောက်ဖြစ်ဖို့အကြောင်းက ပေါ်လာတယ်။

ဒီလိုပါ။

ကိုကို့ရဲ့ ရေးဆွဲပြီးသား ပန်းချီကားတချို့ဟာ အဲဒီတိုက်ခန်းမှာ ရှိနေတော့ ကျွန်မကို ပြဖို့အတွက် ကိုကိုခေါ်လို့ ရောက်သွားရတာပေါ့။

"အဲဒီမှာ ကိုယ့်သူငယ်ချင်းသုံးယောက် စုနေကြတာလေ၊ ယောက်ျားလေးတွေဆိုတော့ အခန်းကတော့ ရှုပ်ပွနေမှာ ဖြူသွယ်ရဲ့"

အနုပညာတွေဘာတွေဆိုတာ ကျွန်မ သိပ်နားမလည်တဲ့ကိစ္စဆိုတော့ ကိုကို့ပန်းချီကားတွေကို မြင်ရင်လည်း ကျွန်မ ဘာမှသိလိမ့်မယ်မထင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်မကို တစ်ခါက ကိုကိုလက်ဆောင်ပေးဖူးတဲ့ ကျွန်မပုံတူ ပန်းချီကားလေးကလွဲလို့ ကိုကို့ရဲ့အခြားပန်းချီကားတွေကို မမြင်ဖူးတော့လည်း လိုက်ကြည့်ရမှာပဲ။

တကယ်လို့ ဒီလိုလိုက်မကြည့်ရင် ကိုကိုက ကျွန်မကို နည်းနည်းဖြစ်ဖြစ် စိတ်ပျက်သွားနိုင်တယ် မဟုတ်လား။ စိတ်မပျက်ဘူးဆိုရင်တောင်မှ ချစ်သူချင်း ဝါသနာပါရာ စိတ်သန်ရာကို အားပေးတဲ့ အနေနဲ့ ကြည့်သင့်တယ်လေ။

"ကိုကို့သူငယ်ချင်းတွေက ဘယ်မြို့ကမို့လို့ ဒီမှာ တိုက်ခန်းငှားနေကြရတာလဲ"

"နယ်အစုံကပဲ၊ တစ်ယောက်က ပြည်က၊ တစ်ယောက်က ကျောက်ပန်းတောင်းက၊ အဲ…နောက်တစ်ယောက်ဆို ဟိုးရခိုင်က"

ကျဉ်းမြောင်းမတ်စောက်တဲ့ တိုက်ခန်းလှေကားပေါ် အတူတက်ရင်း ကိုကို့နဲ့ကျွန်မရဲ့ စကားသံတွေက အနည်းငယ် ကျယ်လောင်နေသလိုထင်ရတယ်။

"ဒါပေမယ့် ဒီကောင်တွေမှာ တူညီတာတစ်ခုရှိတယ်… မြှူသွယ်ရ"

"ဘာတူတာလဲ…ကိုကို"

"ပန်းချီအနုပညာကို ကမ္ဘာ့အနေအထားထိ ထိုးဖောက်အောင်မြင်ရမယ်ဆိုတဲ့ ခံယူချက်ပဲ"

"ဪ.."

ကိုကို့နဲ့ခင်မင်မှု အဦးအစပိုင်းတုန်းက ဖုန်းပြောကြတော့ နှီးချီ ဝါသနာရှင်ဆိုပြီး ကိုကို့ကို ကျွန်မနောက်တီးနောက်တောက် နောက်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သတိရမိလိုက်တယ်။

အဲဒီတုန်းက ဘာရယ်မဟုတ် ကိုကိုဒေါသထွက်တဲ့ အသံလေးကို ဖုန်းထဲကနေ နားထောင်ချင်လို့ တမင်ပြောဆိုခဲ့တာပါ။ ခုတော့ ကိုကို့သူငယ်ချင်းတွေရဲ့ ခံယူချက်ပြင်းပြပုံကို ကြားမိကာမှ ကိုကိုလည်း ပန်းချီအနုပညာအပေါ် ခံယူချက်ပြင်းထန်မှုန်း ကျွန်မရိပ်မိတော့တယ်။

ကျွန်မက အဲဒီလို နမော်နမဲ့နိုင်တာ။

+++

ကျွန်မတို့ရောက်သွားတော့ ကြိုတွေးထားတဲ့အတိုင်း ပန်းချီကားတွေပြည့်နေတဲ့ အခန်းတစ်ခုကို မြင်လိုက်ရတယ်။ ကြိုတွေးထားတဲ့ ဖြစ်မလာတာကတော့ သိပ်မကြာခင်မှာပဲ ဖြစ်ပေါ်လာမယ့် ကျွန်မရဲ့ ကလေးဆန်ဆန် အနိုင်လိုချင်မှုတစ်ခုပါပဲ။

"ဒါ ကိုယ့်ဘော်ဒါ ဇော်ကိုဝင်းတဲ့၊ ဟော့ကောင် ဇော်ကို... ဒါ ငါ ပြောပြောနေတဲ့ ဖြူသွယ်ဆိုတာ"

ကိုကိုက အခန်းတံခါးလာဖွင့်ပေးတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးပါတယ်။

"ရခိုင်ကြီးနဲ့ နိုင်မင်းမောင်...ဟော့ကောင်တွေ ခဏလောက် ထွက်ခဲ့ကြပါဦး"

အတွင်းဖက်အခန်းဆီလှည့်ပြီး ကိုကိုက လှမ်းအော်ပါတယ်။ ကိုကို့အော်သံနဲ့ မရှေးမနှောင်းမှာပဲ အခန်းထဲက အသားမည်းမည်းနဲ့ လူတစ်ယောက် အလျင်စလိုထွက်လာတယ်။

"ဟော့ကောင် ရခိုင်ကြီး၊ နိုင်မင်းမောင်ရော"

"နိုင်မင်းမောင် ကိစ္စရှိလို့ အပြင်သွားတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ကြီးဆိုတဲ့လူ အနားရောက်မလာခင် ဇော်ကိုဝင်းက ဝင်ပြောလိုက်တာပါ။

"ဟုတ်လား…ဒါနဲ့ ရခိုင်ကြီး ဒါ ငါပြောနေတဲ့ ဖြူသွယ် ဆိုတာလေ"

"ဟော…ဟုတ်လား…အေး…အေး…ကောင်းတယ်… ကောင်းတယ်"

ရခိုင်ကြီးဆိုတဲ့ သူရဲ့စကားကြောင့် ကျွန်မမှာ ပြုံးရခက်မဲ့ရခက် ဖြစ်သွားပါတယ်။ နောက်မှ ကိုကိုပြောလို့ သိလာရတာက အဲဒီရခိုင်ကြီးဆိုတဲ့လူက ဘာပဲပြောပြော 'ကောင်းတယ်…ကောင်းတယ်' ဆိုတဲ့စကား အမြဲပါတတ်မှန်း သိရတော့တယ်။

"ဇော်ကိုနဲ့ရခိုင်ကြီး မင်းတို့ပန်းချီကားတွေ ငါတို့ခဏကြည့် မယ်နော်"

"အာ…ရပါတယ်ကွာ…ကြည့်ပါ၊ ငါတို့က မကြည့်မှာ တောင် စိုးရိမ်နေတာကွ"

ဇော်ကိုဝင်းလို့ခေါ်တဲ့ ပိန်ပိန်ပါးပါးလူက ကျွန်မနဲ့ကိုကို့ကို ပြုံးပြီးပြောတယ်။

"ဖြူသွယ်…ဒီမှာ ခဏထိုင်နေဦးနော်…မထိုင်ချင်ရင်လည်း ချိတ်ထားတဲ့ ပန်းချီတွေကြည့်နေပေါ့"

ပြောပြီးပြီးချင်းပဲ ကိုကိုက ဇော်ကိုဝင်းပခုံးကိုဖက်ပြီး အတွင်း ထဲဝင်သွားတယ်။ ဝင်မသွားဘဲ ကျန်ခဲ့တဲ့ ရခိုင်ကြီးဆိုတဲ့လူက ဧည့်ခန်း စားပွဲပေါ်ရှိနေတဲ့ ဆေးလိပ်ပြာခွက်ထဲက သောက်လက်စဆေးပေါ့လိပ် တစ်လိပ်ကို ကောက်ဖွာတယ်။



www.burmeseclassic.com

www.burmeseclassic.com



နံရံမှာ ချိတ်ထားတဲ့ ပန်းချီကားတွေက အမျိုးမျိုးအစားစားပဲ။ ကျွန်မ နားလည်တာလည်း ပါတယ်။ နားမလည်တာလည်း ပါတယ်။ အဲဒီလိုကြည့်နေရင်း တစ်နေရာမှာတော့ ကိုကိုဆွဲထားတဲ့ ပန်းချီကား တစ်ချပ်ကို ကျွန်မတွေ့လိုက်ရတယ်။

"အဲဒါ...ညိန်းကိုကို ဆွဲထားတာလေ၊ ဒီတစ်ခေါက် (Automatic Waves) အလိုအလျောက်လှိုင်းများ ဆိုတဲ့ ပန်းချီပြိုင်ပွဲ၊ ပြပွဲမှာ ဝင်ပြိုင်ဖို့လေ"

ဆေးပေါ့လိပ်ထိုင်ဖွာနေတဲ့ ရခိုင်ကြီးက လှမ်းပြောတယ်။ ကျွန်မလည်း ခုမှ တအံ့တသြနဲ့ ပန်းချီကားကို သေချာပြန်ကြည့်မိတယ်။

"ဒီပန်းချီကားနဲ့သာ ဝင်ပြိုင်ရင် ညိန်းကိုကို အဲဒီမှာ ဆုတစ်ခုတော့ သေချာပေါက်ချိတ်မှာပဲ"

ကိုကို့ပန်းချီကားကို ရခိုင်ကြီးက တော်တော်လေး သဘောကျနေပုံရတယ်။ ကျွန်မ မြင်ရသလောက်တော့ ကိုကို့ပန်းချီကားဟာ သိပ်ကြည့်လို့ကောင်းတယ်။ အရောင်တွေနဲ့ ဖမ်းစားဖို့ထက် အတွေးတစ်ခုခုနဲ့ ညို့ယူဖို့ကို ပိုအလေးပေး ဆွဲထားသလိုပဲ။ အဲဒါတွေအပြင် တော့ ကျွန်မလည်း သိပ်နားမလည်ပါဘူး။

ဒါပေမယ့် ဒီပြိုင်ပွဲဝင်ဖို့ကိစ္စကို အရင်က ကိုကို ဖွင့်မပြောပြထားတာကိုတော့ ကျွန်မ နည်းနည်းစိတ်တိုမိတယ်။

"ဖြူသွယ်...လာလေ၊ ဒီမှာ ပန်းချီကားတွေ ကြည့်ရအောင်"

ပန်းချီကားချပ်တွေ တစ်ထပ်ကြီးပွေ့ပြီး ဧည့်ခန်းထဲ ကိုကို ပြန်ရောက်လာတယ်။ ကိုကို့နောက်က ဇော်ကိုဝင်းက လိုက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖော်ကိုဝင်းလက်ထဲမှာလည်း ပန်းချီကားချပ်တွေ ကိုင်လို့ပါ။

"ရခိုင်ကြီးရေ..မင်းအခန်းထဲက နိုင်မင်းမောင်ရဲ့ ပန်းချီကား နှစ်ချပ်တောင် ငါထုတ်လာတယ်"

ဖော်ကိုဝင်းက ရခိုင်ကြီးကို လှမ်းပြောတယ်။

"သြော်...အေး...အေး...ကောင်းတယ်...ကောင်းတယ်"

ရခိုင်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြန်ဖြေတယ်။

အဲဒီအချိန်မှာပဲ ကျွန်မရဲ့လက်ကို ကိုကိုက လှမ်းဆွဲပြီး ဘေးမှာထိုင်စေတယ်။ ပြီးတော့ သူယူလာတဲ့ ပန်းချီကားတွေကို တစ်ချပ်ချင်းပြတယ်။

"ဒါက ဒီကောင်ဖော်ကိုဝင်းဆွဲထားတာ ပန်းချီကားနာမည်က အစိမ်းရောင်မိန်းမတဲ့"

ကိုကိုက ပန်းချီနဲ့ပတ်သက်တဲ့ သဘောတရားတွေကိုလည်း ပန်းချီကားတစ်ချပ်ချင်းအလိုက် ရှင်းပြတယ်။

"ဒီပန်းချီကားကတော့ ကိုယ်ဆွဲထားတာ...အငွေ့တွေနဲ့ ပတ်သက်ပြီးခံစားရသလို အရောင်ထည့်ထားတာ၊ ဘာမဆို မသေချာတဲ့ သဘောပေါ့ကွာ၊ အရောင်တွေကလည်း မသေချာတဲ့ သဘောပေါ့"

ကိုကိုပြတဲ့ ပန်းချီကားအများစုဟာ မော်ဒန်လို့ခေါ်တဲ့ ဟန်တွေပါ။ ကိုကိုက ကျွန်မကို ပန်းချီကားတွေနဲ့ ပန်းချီသဘောတရားတချို့ အကြောင်းကို အင်တိုက်အားတိုက် ရှင်းပြနေတုန်းမှာ...

"ကိုကို ဘာဖြစ်လို့ကျွန်မကို ဟိုန်ရဲ့ပေါ်က ပန်းချီကား အကြောင်း မပြောပြတာလဲ"

ကျွန်မစကားကြောင့် ရှင်းပြလက်စ ပန်းချီကားတွေသိကနေ



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အာရုံက နံရံပေါ်ကိုရောက်သွားတယ်။

"အရေးကြီးလို့လား ဖြူသွယ်ရဲ့…ဒါတွေကြည့်ပြီးရင် ပြလို့ရတာပဲကို"

ကိုကို့ပုံစံက နဝေတိမ်တောင် ဖြစ်နေတဲ့ပုံစံမျိုး။

"ကိုကိုက ဒီပန်းချီကားနဲ့ ပြိုင်ပွဲဝင်မှာဆို"

ကိုကိုနဲ့ ဆေးပေါ့လိပ်ဖွာနေတဲ့ ရခိုင်ကြီးတို့ အကြည့်ချင်းဆုံသွားတယ်။ ရခိုင်ကြီးက ချက်ချင်းပဲ…

"ဟိုလေ…ငါက…မင်းပြောပြီးသား မှတ်နေတာ"

ကိုကိုက သက်ပြင်းတစ်ခုချပြီး ပြုံးလိုက်တယ်။ ပြီးမှ…

"ပြိုင်ပွဲဝင်ဖို့က မသေချာသေးပါဘူး…ကိုယ်က သေချာမှ ဖြူသွယ့်ကို ပြောပြမလို့ပါ"

"အို…ဘာပဲဖြစ်ဖြစ် ကိုကို ကျွန်မကို မပြောချင်လို့ လျှိုထားတာပဲ၊ ဘာပြိုင်ပွဲမှ မပြိုင်ရတော့ဘူး"

"မဟုတ်သေးဘူးလေ ဖြူသွယ်ရဲ့…ဖြူသွယ်က ကိုယ့်အနုပညာအလုပ်တွေကိုမှ စိတ်မဝင်စားတာ၊ ပြီးတော့ ကိုယ်က ဖြူသွယ်အံ့သြသွားအောင် နောက်မှပြောပြမလို့"

"အခုမှ ဘာမှမပြောနဲ့တော့ ကိုကို…ဖြူသွယ်က ကိုကို့ရည်းစားဖြစ်ပြီး ဘာဖြစ်လို့ အဲဒါတွေ မသိရတာလဲ"

ကျွန်မနဲ့ကိုကိုတို့နှစ်ယောက် ဖြစ်ပုံကိုကြည့်ပြီး ဇော်ကိုဝင်းက ခေါင်းခါတယ်။ ခေါင်းခါရင်းနဲ့ပြုံးတယ်။ ရခိုင်ကြီးကတော့ မပြုံးနိုင်ဘူး။ ဆေးပေါ့လိပ်ကို ရှေ့ကပြာခွက်ထဲ မီးသတ်လိုက်…နောက်တော့ မီးခြစ်နဲ့ပြန်ညှိလိုက်နဲ့ ကြံရာမရဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ကိုကို အခုလို စကားများနေတာ ရခိုင်ကြီးရဲ့ ပယောဂ မကင်းလို့ ရခိုင်ကြီး မနေတတ်မထိုင်တတ် ဖြစ်နေတာထင်ပါရဲ့။

"နောက်ကျသွားပြီ ကိုကို၊ ကိုကိုပြိုင်ချင်ရင် တခြားပုံနဲ့ပြိုင်၊ ခုဒီပုံကို ကျွန်မ ယူလိုက်ပြီ၊ ကဲ…ကျွန်မကို အဲဒီပန်းချီကား ဖြုတ်ပေး"

သူငယ်ချင်းနှစ်ယောက်ရှေ့မှာ ကျွန်မရဲ့အနိုင်ယူမှုကြောင့် ကိုကို့ မျက်နှာဟာ အရှက်တွေနဲ့မွန်ထူနေပါတယ်။ တကယ်တော့လည်း အဲဒီ တုန်းက ကိုကို့ရဲ့ပန်းချီကားဆိုတာထက် ကိုကို့သူငယ်ချင်း နှစ်ယောက် ရှေ့မှာ ကိုကို့ကိုအနိုင်ယူချင်တဲ့စိတ်က ကျွန်မမှာ ပိုများနေခဲ့တာ အမှန် ပါပဲ… ကိုကိုရယ်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

ကျွန်မရဲ့ အလိုက်မသိဆိုးသွမ်းမှုတွေဟာ ကိုကို့ကို ရှိရင်းစွဲအသက်ထက် ပိုရင့်ကျက်စေတယ်ဆိုရင် ကိုကို့ရဲ့ အလိုလိုက်အလျှော့ပေးခြင်းတွေက ကျွန်မကို ရှိရင်းစွဲနိုင်ချင်စိတ်ထက် ပိုသာလွန်တဲ့ တစ်ဖက်စောင်းနင်းရယူလိုမှုကို ဖြစ်ပေါ်စေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ ကိုကိုဟာ ဘယ်သူ့အပေါ်မှာမှ အလျှော့ပေးခြင်း မရှိခဲ့တဲ့ သည်းခံမှုတွေနဲ့ ကျွန်မကို အလိုလိုက်ရင်း ခံစားချက်မှန်သမျှ မြိုသိပ်တတ်တဲ့ အကျင့်ရလာတယ်။

ကျွန်မကလည်း ဘယ်သူ့အပေါ်မှာမှ မရရှိခဲ့ဖူးတဲ့ ဆိုးသွမ်းခြင်း တွေနဲ့အတူ ကိုကို့ကို အနိုင်ကျင့်ရင်း ဘာကိုမှအလေးမထားတတ်တဲ့ စရိုက်မျိုးဖြစ်လာတယ်။

တကယ်တမ်းပြောရရင် ကိုကိုနဲ့ကျွန်မဟာ အချစ်မှာ အစွန်း ရောက်ခဲ့ကြတာပါ။

ကိုကိုကလည်း ကျွန်မကိုသိပ်ချစ်တော့ တော်ရုံတန်ရုံ ချစ်သူ တစ်ယောက်ထက်ပိုပြီး အလိုလိုက်လွန်းတယ်။ ဒီအပေါ်မှာ အခွင့် ကောင်းယူပြီး ကျွန်မကလည်း ကိုကို့အပေါ် ဆိုးချင်တိုင်းဆိုးလွန်းခဲ့ ပါရဲ့။

ကိုကို အလိုလိုက်မှန်းသိလို့ ကျွန်မ ဆိုးခဲ့ဖူးတဲ့ ဖြစ်ရပ်တွေ ဟာ ရည်းစားသက်တမ်းတစ်လျှောက်မှာ များမှများပဲပေါ့။

အခု အဲဒီလိုဖြစ်ရပ်တွေထဲက သိပ်မကြီးကျယ်ပေမယ့် အမှ တရဖြစ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုအကြောင်း ကိုကို့ကို ကျွန်မ ပြန်ပြောပြပါရ စေ…ကိုကိုရယ်။



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ပေးမယ် မဟုတ်လားဟင်။

အမှတ်တရတစ်ခုအဖြစ်လောက်သာ ကျွန်မ ရည်ရွယ်တာပါ။

ဒါနဲ့ စကားမစပ် ကိုကို့ရဲ့ကုပ်ထားတဲ့ မျက်မှောင်ကြီးနဲ့ ကျွန်မကို မကြည့်ပါနဲ့လားကွယ်။

+++

"လာမယ့် တနင်္ဂနွေနေ့ကျရင် ဖြူသွယ် ကိုယ့်အိမ်ကို လိုက်ခဲ့နော်၊ ကိုယ့်မိသားစုကလည်း ဖြူသွယ့်ကို တွေ့ချင်နေတာလေ"

"မလိုက်လို့မရဘူးလား ကိုကို"

"ဖြူသွယ် တကယ်ပဲ ကိုယ့်အိမ်ကို မလိုက်ချင်ဘူးလား"

"လိုက်တော့လိုက်ချင်တာပေါ့...ဒါပေမယ့် ကျွန်မ ကြောက်တယ် ကိုကိုရဲ့"

+++

တစ်ခုသော တနင်္ဂနွေတစ်ရက်မှာ ကိုကို့စီစဉ်မှုနဲ့ ကျွန်မ ကိုကို့မိသားစုကို ဆုံခဲ့ရတယ်။

ကိုကိုတို့မိသားစုဟာ ကျွန်မထင်ထားတာထက်တောင် ပိုပြီးတော့ သဘောထားပြည့်ဝကြပါတယ်။ ကိုကို့မေမေဟာ ရိုးသားအေးချမ်းသူ တစ်ယောက်ဖြစ်နေလို့ ကျွန်မ နေရထိုင်ရတာ မခက်လှဘူး။

ကိုကို့ညီမကလည်း ခင်တတ်ပျော်တတ်တယ်။ ဒါပေမယ့် ကိုကို့ရဲ့ အငယ်ဆုံးညီမလေးကတော့ နည်းနည်းဆိုးချင်ပုံပါပဲ။

အရမ်းကြီးဆိုးတာမျိုးတော့လည်း မဟုတ်ပါဘူး။ မိသားစုထဲမှာ အငယ်ဆုံးဖြစ်နေတော့ ဆိုးချင်တာပေါ့လေ။

ကျွန်မလာမယ်မှန်း သိပြီးထားကြတော့ မိသားစုထမင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ဆုံ စားကြတဲ့အခါ ဟင်းတွေကအများကြီးပါပဲ။ ဒါပေမယ့် ကိုကို့ဖေဖေနဲ့တော့ ကျွန်မ မတွေ့ခဲ့ရဘူး။ အလုပ်ကိစ္စတစ်ခုနဲ့ ခရီးသွားနေတဲ့အကြောင်း ကိုကို့ညီမလေးက ပြောပြတယ်။

"မမ ထည့်စားနော် အားမနာနဲ့"

"ရတယ် ညီမလေး"

ကိုကိုက ကျွန်မကို ချစ်သူအဖြစ် အသိမပေးဘဲ သာမန်မိန်းကလေးတစ်ယောက်အဖြစ်ပဲ ကိုကို့မိသားစုနဲ့ မိတ်ဆက်တွေ့ဆုံပေးခဲ့တာပါ။ ဒီလိုတွေ့ဆုံပေးဖို့ကိုလည်း ကိုကို့ကို ကျွန်မက တောင်းဆိုထားခဲ့တာလေ။

"သမီး…အခု ဘာတွေလုပ်နေလဲ"

"အင်္ဂလိပ်စာသင်တန်းတစ်ခု တက်နေတာပါ အန်တီ၊ သမီးက ကျောင်းပြီးပြီဆိုပေမယ့် အလုပ်ထဲဝင်ဖို့ကျတော့ သင်တန်းနှစ်ခုလောက် ထပ်တက်မှ လုံလောက်မှာမို့ပါ"

"ကျောင်းကရော ဘာနဲ့ပြီးထားလဲ သမီးရဲ့"

"ရူပဗေဒမေဂျာနဲ့ပါ အန်တီ"

တကယ်တော့ ကျွန်မကိုယ်တိုင်က ကိုကို့မိသားစုထဲကို ကိုကို့ချစ်သူအဖြစ် ဝင်ရောက်ဖို့ မဝံ့မရဲဖြစ်နေသေးသလို အချိန်လည်း မတန်သေးဘူးထင်လို့ပါ။

အဲဒါကြောင့်ပဲ ကိုကို့မိသားစုနဲ့ မိတ်ဆက်ပေးတဲ့အခါ သာမန်မိန်းကလေးမိတ်ဆွေတစ်ယောက် ဆိုပြီးတော့ပဲ မိတ်ဆက်ပေးဖို့ ကိုကို့ကို ကျွန်မ တောင်းဆိုခဲ့တယ်။

ဒါပေမယ့် ပြောမယ့်သာပြောရတယ်။ ကိုကို့မိသားစုက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ ကိုကို့ချစ်သူဖြစ်မှန်း သိပြီးသားပါ။ ဒါမျိုးက လိမ်လို့မှ မရဘဲကိုး။

+++

"ကဲ...ကဲ...သားတို့သမီးတို့ စကားပြောကြဦးနော်၊ အမေ ခဏနားလိုက်ဦးမယ်"

ထမင်းစားပြီးလို့ ဧည့်ခန်းထဲမှာ တစ်မိသားစုလုံး လက်ဖက်ရည် ထိုင်သောက်နေတုန်း ကိုကို့မေမေက ယဉ်ယဉ်ကျေးကျေးပဲ နှုတ်ဆက် ပြီး အခန်းထဲဝင်သွားပါတယ်။

သိပ်မကြာပါဘူး။

"မမ ထိုင်ဦးနော်၊ သမီးလည်း ကျောင်းစာတွေ လုပ်စရာ ရှိလို့"

ပြောပြောဆိုဆိုနဲ့ ကိုကို့ညီမက ကိုကို့ညီလေးကို မျက်နှာရိပ် မျက်နှာကဲပြခေါ်ထုတ်ပြီး နှစ်ယောက်လုံး အလိုက်တသိ ထွက်သွား ကြလေရဲ့။

အဲဒီ့အချိန်မှာ ကိုကိုက ကျွန်မရဲ့ ညာဘက်လက်ကို ဆတ်ခနဲ လှမ်းယူပြီး လက်ခုံလေးပေါ် ဖွဖွလေးနမ်းပါတယ်။ ဘယ်အချိန်ကတည်း က ကိုကို ချောင်းနေလဲမသိဘူး။

ချစ်ဖို့ကောင်းလိုက်တာ။

+++

ပြောရရင်တော့ ဒီလိုမျိုး ကိုကိုနဲ့ကျွန်မရဲ့ အဆင်ပြေပြေ ကြည်နူးမှုတွေဟာ အချိန်သိပ်မကြာလိုက်ပါဘူး။ ကိုကို့မိသားစုရဲ့ နှုတ် ဆက်ပြီး ကျွန်မ အိမ်ကိုပြန်လိုက်မပို့ခင်အထိပဲ ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



"သား ညိမ်းကိုကို သမီးကို ကောင်းကောင်းလိုက်ပို့နော်"

"ဟုတ်ကဲ့…မေမေ"

"သမီး နောက်လည်း လာလည်နော်"

"ဟုတ်ကဲ့…အန်တီ"

"မမ တာ့တာ"

"တာ့တာ ညီမလေး…မောင်လေး သွားပြီနော်"

ကိုကို့အိမ်ကနေထွက်လာတော့ ကိုကိုရော ကျွန်မရော ပြုံးလို့ပျော်လို့။ တစ်နေရာရောက်တော့ ကိုကိုက ထုံးစံအတိုင်း ကျွန်မလက်ကိုလာတွဲတယ်။

"နေဦးလေ ကိုကိုရဲ့…ကိုကို့အိမ်ကနေ တစ်ယောက်ယောက် လှမ်းမြင်သွားဦးမယ်"

ကျွန်မက အတွဲမခံဘဲ လက်ကိုပြန်ရုတ်ရင်း ပြောလိုက်တော့ ကိုကိုတစ်ယောက် ကိုယ်ရှိန်တန့်သွားတယ်။ ဒါပေမယ့် ခဏအကြာမှာ ကျွန်မလက်ကို လာဖမ်းပြန်တယ်။ ကျွန်မက နောက်တစ်ခေါက်ထပ်ရုပ်တယ်။

ကိုကို့နဲ့ကျွန်မ အဲဒီလို အသေးစား လက်ဖမ်းပွဲလေးလုပ်နေတုန်း မျက်နှာချင်းဆိုင်မှာလာနေတဲ့ မိန်းကလေးနှစ်ယောက်ကိုမြင်တော့ ကိုကို နောက်တစ်ခေါက် ကိုယ်ရှိန်တန့်သွားပြန်ပါတယ်။

"ဖြူသွယ်…အဲဒါ ကိုယ်တို့ရှေ့အိမ်က လူတွေ"

ကျွန်မလည်း ကိုကို့စကားကြောင့် မျက်နှာပိုးသတ်လိုက်ပြီး ဆက်လျှောက်တယ်။

ခြေလှမ်းသုံးလှမ်းအကွာလောက် နီးလာတော့ အဲဒီမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က ကိုကိုနဲ့ကျွန်မကို စူးစမ်းဆင်ခြင်တဲ့ အကြည့်နဲ့ကြည့်တယ်။

ရုတ်တရက် ကျွန်မရဲ့ရင်ထဲမှာ တစ်စုံတစ်ခုကို မကျေနပ်တဲ့စိတ်ကဝင်လာတယ်။ ဒေါသလည်း ထွက်သွားတယ်။ အဲဒီစိတ်နဲ့ပဲ ကိစ္စတစ်ခုကို ကျွန်မပြုမူလိုက်တယ်။

"ကိုကို ရော့ကွာ…ဒီပစ္စည်းတွေ အကုန်သယ်ခဲ့"

ဆူအောင့်အောင့်ပုံစံနဲ့ ကျွန်မလွယ်ထားတဲ့ အိတ်ရော၊ ဘယ်ဖက်လက်ထဲက ထီးကိုရော ကိုကို့ဆီ အတင်းထိုးပေးလိုက်တယ်။

"ဩော်…အင်း…အင်း"

ကိုကိုက ဘာဖြစ်မှန်းမသိဘဲ ကျွန်မအတင်းထိုးပေးတဲ့ ပစ္စည်းတွေကို ပွေ့ပိုက်ယူလိုက်ရတယ်။

အမှန်တော့ ကိုကို့အိမ်နားက မိန်းကလေးတွေရှေ့မှာ ကိုကို့အပေါ် ကျွန်မနိုင်ကြောင်းပိုင်ကြောင်း ပြမိလိုက်တာပါ။ ကလေးအတွေးပေါ့။ ဒါပေမယ့် ကိုကိုကတော့ ပတ်ဝန်းကျင်က မိန်းကလေးတွေအမြင်မှာ သိက္ခာကျသွားရတာကို ကျွန်မ ထည့်မတွက်မိလိုက်ဘူး။

ထုံးစံအတိုင်း ဒီကိစ္စဟာလည်း ကျွန်မအပေါ် သည်းခံလိုက်ရတဲ့ ကိုကို့ရဲ့ နောက်ထပ်မြိုသိပ်မှုတစ်ခု ဖြစ်သွားရတယ်။

အဲဒီနောက်တော့ ပတ်ဝန်းကျင်က မိန်းကလေးတွေရှေ့ ရောက်တဲ့အခါ ကိုကို့ခမျာ ခေါင်းကြီးငုံ့မနေဘူးဆိုရင်တောင် မျက်နှာဘယ်ထားရမှန်းမသိ ဖြစ်နေပါတော့သတဲ့။

တကယ်တမ်းပြောရရင် ကိုကိုနဲ့ကျွန်မဟာ အချစ်မှာအစွန်းရောက်ခဲ့ကြတာပါပဲ။

❑

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

ကိုကိုနဲ့ကျွန်မတို့ နှစ်ယောက်ကြားက နူးညံ့တဲ့ ဝတ်မှုန် ဝတ်ဆံနေ့စွဲတွေကို တန်ဖိုးမဲ့အောင် စတင်ပြုလုပ်ခဲ့ သူဟာ ကျွန်မပါပဲ။ ကျွန်မနဲ့ကျွန်မရဲ့ အလေးအနက် မရှိတဲ့ လုပ်ရပ်တွေဟာ တရားခံပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လူ့စိတ်ဟာ ဆန်းကြယ်သလို လူ့ဘဝဆိုတာကလည်း ကြိုတင်ခန့်မှန်းလို့မရနိုင်တဲ့ ဖြစ်စဉ်ကြီးပါ...ကိုကို။

ကမ္ဘာ့တစ်နေရာက လိပ်ပြာလေးတစ်ကောင် အတောင်ခတ်လိုက်တာဟာ တစ်ချိန်မှာ ကမ္ဘာ့တစ်နေရာကို မုန်တိုင်းအဖြစ် ရောက်ရှိသွားနိုင်တယ်လို့ လိပ်ပြာသက်ရောက်မှု သီဝရီဆိုတဲ့ သိပ္ပံအတွေးအခေါ်တစ်ခုရှိတာ ကိုကိုကြားဖူးရဲ့မဟုတ်လား။

ကိုကိုနဲ့ကျွန်မတို့နှစ်ယောက်ကြားကို ရောက်လာခဲ့တဲ့ မုန်တိုင်းကရော ဘယ်လိုလိပ်ပြာမျိုးရဲ့ တောင်ပံရိုက်ချက်ကနေ အစပြုခဲ့ရတာလဲကွယ်။

+ + +

"ဖြူသွယ်...သင်တန်းက ယောကျ်ားလေးတွေနဲ့ လိုအပ်တာထက် ပိုအရောမဝင်နဲ့နော်"

"ဖြူသွယ် ကိုယ်ကဖြူသွယ့်တစ်ယောက်တည်းကိုပဲ ချစ်တာနော်၊ ဖြူသွယ်လည်း ကိုယ့်တစ်ယောက်တည်းကိုပဲ ချစ်ရမယ်နော်"

"ဖြူသွယ်ရာ...ဘာဖြစ်လို့ သူများစာအုပ် ငှားလာရတာလဲ၊ ငှားရင်လည်း မိန်းကလေးအချင်းချင်းငှားပေါ့၊ ဘာလို့ ယောကျ်ားလေးဆီက ငှားလာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူသွယ် အဲဒီဆိုင်မထိုင်နဲ့ကွာ၊ ယောကျ်ားလေးတွေ အရမ်း များတယ်…လာ…ဟိုဖက်ဆိုင်ပဲ ထိုင်ကြရအောင်"

+++

အဲဒီလောက်တောင် ကိုကို ဂရုတစိုက် သတိပေးနေတဲ့ကြား ကပဲ သင်တန်းက ကောင်လေးတစ်ယောက်နဲ့ ကျွန်မ ဖြည်းဖြည်းချင်း ရင်းနှီးလာခဲ့တယ်။

စကားပြောလို့ကောင်းတယ်။ ရည်မွန်းချက်တူတယ်။ အရေး အကြောင်းဆို အားကိုးရတယ်။ ဆေးကျောင်းတက်နေတယ်။ သင်တန်း မှာ ပေါ်ပြူလာဖြစ်နေတယ်။ နောက်ပြီး ကျွန်မထက် အင်္ဂလိပ်စာမှာ ပိုမြင့်တယ်…စတဲ့ အချက်တွေနဲ့ပဲ ငယ်လေးလို့ခေါ်တဲ့ အဲဒီကောင်လေး ဟာ ကျွန်မရဲ့ သင်တန်းဖော်သူငယ်ချင်း ဖြစ်လာတယ်။

အစပိုင်းတုန်းကတော့ ကိုကိုမရိပ်မိသေးတော့ အားလုံးဟာ အဆင်ပြေပြေပါပဲ။

တကယ်လို့ တစ်စုံတစ်ခုကြောင့် ကိုကိုသိသွားခဲ့ရင်လည်း ကျွန်မနဲ့ငယ်လေးရဲ့ ဆက်ဆံရေးဟာ ရိုးသားမှုရှိတဲ့အတွက် ဘာမှ ကြောက်ရွံ့စရာမရှိဘူးလို့ ကျွန်မ ယူဆမိခဲ့တယ်။

"မနေ့ညက ဖုန်းဆက်တော့ ဖြူသွယ်တို့အိမ်က ဖုန်းမအား ဘူး၊ နောက်ထပ် သုံးခါလောက် ဆက်တော့လည်း မအားဘူး၊ ဘာတွေ များ ဒီလောက်တောင် ပြောဆိုနေကြတာလဲ"

"သြော်…အင်း…ဟိုလေ အန်တီစန္ဒာပေါ့၊ အလုပ်ကိစ္စ ဖုန်းပြောနေတာ အကြာကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တခြားကောင်လေးတစ်ယောက်နဲ့ ဖြူညွယ် ဖုန်းပြောနေတာတော့ မဟုတ်ပါဘူးနော်"

"ကိုကိုနော်…ဘာစကားပြောတာလဲ"

အမှန်အတိုင်း ဝန်ခံရရင် အဲ့ဒီဖုန်းဟာ ငယ်လေးဆီက ဖုန်းပါပဲ။ ဒါပေမယ့် မလိုအပ်ဘဲ ကိုကိုနဲ့စကားမများချင်လို့ မုသားသုံးပြီး ပြောလိုက်ရတယ်။

ကိုကိုက အကဲဆတ်လွန်းတယ်မဟုတ်လား။

ဟိုးတစ်ခါတုန်းကလည်း သင်တန်းအဆောင်းမှာ ငယ်လေးနဲ့စကားပြောနေတာ ကိုကိုမြင်သွားလို့ အပြောအဆို ခံလိုက်ရသေးတယ်လေ။

ဒါတောင် အဲ့ဒီအချိန်က ငယ်လေးနဲ့ကျွန်မက သိပ်ခင်ကြသေးတာ မဟုတ်ဘူး။

ခုလိုမျိုး ဖုန်းအဆက်အသွယ်တွေ ဘာတွေထိ ရင်းနှီးနေမှန်းသာသိရင် ကိုကို ဘယ်လောက်တောင် ကျွန်မကို အပြစ်ပြောမလဲ စဉ်းစားသာကြည့်တော့။

ဒါနဲ့ပဲ ကျွန်မဟာ ငယ်လေးနဲ့ပတ်သက်မှုမှန်သမျှ မရည်ရွယ်ဘဲ ထိန်ချန်ဖြစ်ခဲ့ရတယ်။

ဘယ်လောက်ပဲ ထိန်ချန်ထားပါစေ။

တစ်နေ့မှာတော့ အမှန်တရားဟာ ထွက်ပေါ်လာစမြဲပဲ မဟုတ်လား။

ထုံးစံအတိုင်းပဲပေါ့။

အမှန်တရားဟာ ကျွန်မရဲ့ နမော်နမဲ့နိုင်လှတဲ့ ပြောဆိုနေထိုင်



www.burmeseclassic.com

www.burmeseclassic.com



မှုတွေကြောင့် ဘွားဘွားကြီးပေါ်ခဲ့ရပြန်တယ်။

+++

"ကလင်…ကလင်…ကလင်"

အင်္ဂလိပ်စာသင်တန်းမရှိတဲ့ ညနေခင်းတစ်ခုမှာ တယ်လီဖုန်းလေး ထမြည်လာတယ်။

ကျွန်မ အင်္ဂလိပ်စကားပြောစီဒီဖွင့်ပြီး လေ့ကျင့်နေကျအချိန်မှာ ဝင်လာတဲ့ဖုန်းပါ။

"ကလင်…ကလင်…ကလင်"

ဖြစ်ချင်တော့ အိမ်မှာ ဘယ်သူမှရှိမနေလို့ စီဒီကို ခဏပိတ်ထားပြီး ကျွန်မပဲ ဖုန်းကိုင်လိုက်ရတယ်။

"ဟယ်လို…ငယ်လေးလား"

လောလောလတ်လတ် အင်္ဂလိပ်စကားပြော လေ့ကျင့်ရင်းထလာတော့ အခုလာတဲ့ဖုန်းကို ငယ်လေးဆက်တယ်လို့ ကျွန်မစိတ်က ထင်မိလိုက်တာ အကြီးအကျယ်မှားတာပဲ။

"ဘယ်က ငယ်လေးလဲ ဖြူသွယ်"

"ဟင်…ကိုကိုလား"

"ဟုတ်တယ်…ပြောပါဦး၊ ငယ်လေးဆိုတာ ဘယ်သူလဲ"

"ဪ…အင်း…ဘယ်သူမှမဟုတ်ပါဘူး၊ ဟိုလေ…သင်တန်းကပါ"

"ယောကျ်ားလေးလား…မိန်းကလေးလား"

"မိန်းကလေးပါ ကိုကိုရဲ့…အဲဒါ သူက ဒီနေ့ ဖုန်းဆက်မယ်ပြောထားတော့…သူလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လို့လား…မသိပါဘူး…အဲဒီတော့ ကိုယ့်ဖုန်းချပေးရမှာလား"

"မချပါနဲ့…သူက ဘယ်အချိန်ဆက်ဆက်ရတယ်၊ ပြော… ကိုကို့ကိစ္စ"

ဒီလိုနဲ့ ငယ်လေးနဲ့ပတ်သက်သမျှဟာ တစ်လိမ်နှစ်လိမ်ကနေ ပွေလိမ်ရှုပ်လာရတော့တယ်။

နောက်တစ်ပတ်လောက်အကြာမှာ ငယ်လေးကိစ္စကို ဘယ်သူမှ ဖွင့်မပြောဘဲနဲ့ ကိုကိုသိဖို့ အကြောင်းဖန်လာတယ်။

ဖြစ်ပုံက ဒီလိုပါ။

တစ်မနက် ကိုကို ကျွန်မဆီ ဖုန်းဆက်ပါတယ်။ ဒါပေမယ့် ကျွန်မက အန်တီစန္ဒာနဲ့ ဈေးကိုလိုက်သွားလို့ အိမ်မှာကျန်ခဲ့တဲ့ ကျွန်မရဲ့ အစ်မဝမ်းကွဲ ကျော့ရှင်းဝေက ဖုန်းကိုင်တယ်။

"ဟယ်လို…ပြောပါ"

"ဟုတ်ကဲ့…ဖြူသွယ်ရှိလား မသိဘူးခင်ဗျ"

"သြော်…မိဖြူက ဈေးလိုက်သွားတယ်…အခုပြောတာ ငယ်လေးမဟုတ်လား…ဒီနေ့ မိဖြူ သင်တန်းတက်မှာပဲလေ…ဘာ အရေးကြီးကိစ္စရှိလို့လဲ"

"ခင်ဗျာ…သြော်…ဟို…ဟို ရပါတယ်၊ အရေးမကြီးပါဘူး၊ ကျွန်တော် နောက်မှပြန်ဆက်ပါ့မယ်"

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၇)

ပြောရင် ဘယ်သူကယုံမှာလဲ ကိုကို။ အချိုးမကျတဲ့ ကိုကိုနဲ့ကျွန်မရဲ့ ဒီဇာတ်လမ်းကိုလေ။ ကိုကို သိပြီး သားပေမယ့် ကျွန်မကပဲ ပြန်ပြောပြပါရစေ။ တစ်နည်း အားဖြင့် ဒါဟာ နှစ်တွေကြာပေါင်းခဲ့တာတောင် ကိုကို့ကို မမေ့လျော့ခဲ့ဘူးဆိုတဲ့ ကျွန်မရဲ့ သက်သေ တစ်ခုလည်း ဟုတ်လေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်း ပြောမယ်ဆိုရင် ကိုကို့အပေါ်မှာ ကျွန်မဟာ မရိုးသားခဲ့တဲ့ ကောင်ဆိုးမလေးတစ်ယောက်ပါပဲ။

ငယ်လေးရဲ့အကြောင်း ကိုကိုဖွင့်မေးလာတော့ သိသင့်သိထိုက်တာတွေ ထိန်ချန်ပြီး ကျွန်မပြောပြခဲ့တာဟာလည်း ကျွန်မရဲ့ မရိုးသားမှုတစ်ခုပဲပေါ့။

ဥပမာ ည (၈)နာရီတိုင်း ငယ်လေးနဲ့ ဖုန်းပြောတတ်တာ။ ကိုကိုမမြင်ရတဲ့ သင်တန်းအခန်းမှာ ငယ်လေးနဲ့ကျွန်မ ဘေးချင်းကပ်ထိုင်တာ။ အဆိုးဆုံးက ကျွန်မကို ရည်းစားရှိမှန်းသိရက်နဲ့ Propose လုပ်ထားတဲ့ ငယ်လေးအပေါ် ကျွန်မ တွယ်တာသာယာနေမိတာပါပဲ။

ဒီအကြောင်းတွေကို ဘာမှမသိရှာတဲ့ ကိုကိုတစ်ယောက်ကတော့...

"ဖြူသွယ် ဘာဖြစ်လို့ ငယ်လေးဆိုတာ မိန်းကလေးလို့ ညာရတာလဲ"

"ကြောက်တာကိုး...ကိုကိုက ကျွန်မ ယောကျ်ားလေးသူငယ်ချင်းထားမှန်းသိရင် ဆူမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ကျွန်မအဖြေကို သိပ်ကျေနပ်ပုံမရပါဘူး။

"ဆူမှာကြောက်ရင် မထားနဲ့ပေါ့…ခု ဘာလို့ ခိုးကြောင်ခိုးဝှက်ထားရတာလဲ"

ဘာပြန်ပြောရမှန်းမသိလို့ ကျွန်မ အသာငြိမ်နေလိုက်တယ်။

"ဖြူသွယ် ဒီကောင်နဲ့ ရိုးရောရိုးရဲ့လား"

"ဘာပြောတယ်…ကိုကို"

ကျွန်မ တကယ်ကို ဒေါသထောင်းခနဲ ထွက်သွားတယ်။

"ဖြူသွယ် ဘာဖြစ်လို့ ကိုယ်မကြိုက်တာတွေ လုပ်နေတာလဲ"

"တော်တော့ ကိုကို၊ ကျွန်မ အဲဒီအကြောင်း မကြားချင်တော့ဘူး၊ ပြောလည်း မပြောချင်ဘူး"

တစ်ခါတစ်ခါကျတော့လည်း ကိုကိုဟာ အရမ်းသနားဖို့ကောင်းတယ်လို့ ကျွန်မထင်မိတယ်။ အဲဒီတုန်းကသာ ကျွန်မထိန်ချန်ထားတဲ့ ငယ်လေးအကြောင်းတွေ ပြောပြလိုက်ရင် ကိုကို ဒေါသထွက်လွန်းပြီး တက်သေသွားမလား မပြောတတ်ဘူး။

"ကိုယ်လည်း ဒီအကြောင်းပြောရတာ အရသာရှိလွန်းလို့ ပြောနေတယ်ထင်လား ဖြူသွယ်"

တစ်ခါတစ်ခါကျပြန်တော့ ကျွန်မ ကိုကို့ကို သိပ်စိတ်ကုန်တာပဲ။ အထူးသဖြင့် ငယ်လေးနဲ့နှိုင်းယှဉ်လိုက်ရင်ပေါ့လေ။

"ကိုယ် ဖြူသွယ့်ကို ယုံကြည်ပါတယ်၊ ဒါပေမယ့် အဲဒီယုံကြည်မှုတွေကို ခိုင်မြဲအောင် လုပ်ဖို့တာဝန်က ဖြူသွယ့်တာဝန်ပဲ"

"ကျွန်မ ကိုကို့ကို သစ္စာမမဲ့ဘူး ကိုကို"

ရည်းစားရှိမှန်း သိသိကြီးနဲ့ ကျွန်မကိုချစ်နိုင်တဲ့ ချစ်ရဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



ငယ်လေးရဲ့အချစ်ဟာ ကိုကိုကျွန်မကိုချစ်တဲ့ အချစ်ထက် သာနေမလား ဆိုတဲ့အတွေးကို ကျွန်မ မကြာခဏတွေးဖြစ်တယ်။

ဒီအတွေးဟာ ကြောက်စရာကောင်းမှန်း သိပေမယ့် ကျွန်မ ရပ်တန့်မပစ်နိုင်ခဲ့ဘူး။

"တခြားကိစ္စကို ကိုယ်မတင်းပေမယ့် ငယ်လေးဟာ မိန်းကလေးတစ်ယောက်ဆိုပြီး လိမ်ညာပြောတာတော့ ကိုယ်တင်းတယ် ...ကိုယ်ဒေါသထွက်တယ်"

ကိုကိုဟာ ကလေးဆိုးကြီးလို ရင့်ကျက်မှုနည်းနေသလိုပဲ။ ဒါပေမယ့် ကိုကိုက ကလေးမှမဟုတ်တာ။ စိတ်ခံစားထိခိုက်လွယ်တဲ့ ပန်းချီဆရာပေါက်စတစ်ယောက်လေ။

"ဖြူသွယ် ကိုယ့်ကိုညာတယ်"

နောင်တစ်ချိန်မှာ ထပ်ခါထပ်ခါ ပြောလာရတော့မယ့် စကား တစ်ခွန်းကိုပထမဆုံး ကိုကိုပြောလိုက်ခြင်းပါပဲ။

ကျွန်မ ခေါင်းကိုသာ အသာယမ်းခါလိုက်မိတယ်။

"တော်ပါတော့ ကိုကိုရယ်"လို့လည်း ပန်းလျှစွာပြောဖြစ် တယ်။

ကျွန်မ အာရုံထဲမှာတော့ ရေးဆွဲပြီးသား ပန်းချီကားတွေနဲ့ အပ်ဖျားတစ်လျှောက် လိမ့်ဆင်းကျလာတဲ့ ဆေးရည်စက်အောက်က ဆေးထိုးအပ်လေးတွေကို တစ်လှည့်စီကူးပြောင်း မြင်ယောင်နေတော့ရဲ့။

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

ကျွန်မရဲ့မသိစိတ်ထဲ လှိုက်စားနေတဲ့ရောဂါတစ်မျိုး ရှိတယ်ဆိုပါစို့။ အဲဒီရောဂါဟာ ကိုကို့ကွယ်ရာမှာ ကိုကို့အပေါ် ဆန့်ကျင်ချင်နေတဲ့ ရောဂါပဲဖြစ်လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ဖက်က အတိအလင်း မတားမြစ်တဲ့တိုင်အောင် ငယ်လေးနဲ့ကျွန်မရဲ့ ဆက်ဆံရေးကို ကိုကိုမနှစ်သက်တာတော့ သေချာပါတယ်။

ဒါပေမယ့်လည်း အဲဒီ့အတောအတွင်းမှာ ကျွန်မဟာ ငယ်လေးနဲ့ ခပ်တန်းတန်းဖြစ်သွားရမယ့်အစား ပိုလို့တောင် ရင်းနှီးကျွမ်းဝင်မှု ရှိလာခဲ့တယ်လို့ ဆိုရမှာပါပဲ။

"ဖြူသွယ်…ကျွန်တော့်အပေါ် ဘယ်လိုမြင်သလဲ"

"ဩော်…ငယ်လေးရယ်၊ ငယ်လေးက ဖြူသွယ့်ရဲ့ အကောင်းဆုံးသူငယ်ချင်းပဲပေါ့…မဟုတ်ဘူးလား"

"အကောင်းဆုံးသူငယ်ချင်းလောက်ပဲလား ဖြူသွယ်"

"အကောင်းဆုံးသူငယ်ချင်းပဲပေါ့…ဘာလဲ…ငယ်လေးက ကျွန်မကို သစ္စာမရှိတဲ့ မိန်းကလေးတစ်ယောက် ဖြစ်သွားစေချင်လို့လား"

"ဟင့်အင်း…ကျွန်တော် အဲဒီလိုပြောတာ မဟုတ်ဘူးနော်၊ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ဖြူသွယ်က ထာဝရသစ္စာရှိသူ တစ်ယောက်ပါ"

တစ်ဖက်မှာတော့ ကျွန်မနဲ့ကိုကို့ရဲ့ ဆက်ဆံရေးဟာ ပုံမှန်



www.burmeseclassic.com

www.burmeseclassic.com



ဇယားကွက်ထဲမှာ ဖြည်းဖြည်းချင်း သွေ့ခြောက်စပြုလာတဲ့ သစ်ပင်လေး တစ်ပင်အသွင်ဆောင်လာတယ်။

"ဟယ်လို…ဖြူသွယ်လား…ကိုယ်ပါ"

"အင်း…ကိုကို ပြော"

"ဖြူသွယ် နေမကောင်းဘူးလား"

"ကောင်းပါတယ် ပြောစရာရှိတာ ပြောလေ ကိုကိုရဲ့"

"မသိပါဘူး…ဖြူသွယ့်အသံက စိတ်မပါလက်မပါသလို ဖြစ်နေလို့"

"ကဲ…ကိုကို ပြောစရာမရှိဘူးလား"

"ဘာလဲ ဖြူသွယ်…ကိုယ်က ပြောစရာရှိမှ ဖုန်းဆက်ရမှာလား"

"မပြောချင်လည်း နေကွာ၊ ခု ကျွန်မ မအားသေးဘူး၊ နောက်မှဆက်တော့…"

"ဂလောက်"

+++

ကျွန်မရဲ့ တစ်ဖက်စောင်းနင်း အနိုင်ကျင့်မှုတွေက ကိုကို့အတွက် တရားမျှတခြင်းမရှိခဲ့ဘူးလို့ ကိုကိုထင်နေမှာပေါ့။

ပျော်ရွှင်မှုဆိုတာ ကိုကိုနဲ့ ဝေမျှခံစားရမယ့်အရာဆိုပေမယ့် ဘာဖြစ်လို့ ငယ်လေးဆီကပဲ ကျွန်မလက်ခံရရှိ ဖြစ်နေရတာလဲ။

ကျွန်မစိတ်တွေ သိပ်ရှုပ်တယ်…ကိုကိုရယ်။

ဒီလိုနဲ့…

အရာအားလုံးကို တိတိကျကျ အဖြေထုတ်ပေးမယ့် နေ့ရက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်ဟာ မမျှော်လင့်ထားခင်မှာပဲ ရောက်ရှိလာခဲ့ပြန်တယ်။

မှတ်မှတ်ရရ အဲဒီနေ့က…အခုလို မြေစိုက်ကလေးဆိုင်လေး တစ်ဆိုင်မှာ အခုလိုပဲ ကျွန်မရှင်းလင်းပြောပြသမျှ ကိုကို ငြိမ်ငြိမ်သက်သက် နားထောင်နေခဲ့တယ်။

အခုနဲ့မတူတာကတော့ အဲဒီလို ငြိမ်နေတဲ့ ကိုကို့မျက်နှာဟာ မကြည်လင်ဘဲ ဒေါသရောင်တွေနဲ့ မာကျောနေခဲ့ခြင်းပါပဲ။

"ထားလိုက်ပါတော့ကွာ…ဒါနဲ့ပဲ…ဒီကောင်က မင်းအိမ်ထိ လာကြိုဖြစ်သွားတယ်ပေါ့"

အဲဒီစကားကိုပြောတော့ ကိုကို့အသံက ဒေါသနဲ့ နားမလည်မှု ရောထွေးပြီး တင်းထန်နေခဲ့တယ်။

"ကျွန်မ ကိုကို့ကို အားလုံးရှင်းပြပြီးပြီပဲ…ဘာလို့ ဒါကိုပဲ ထပ်မေးနေရတာလဲ"

"ဖြူသွယ်…အခုတစ်ခါတည်း ရှင်းရှင်းပြောစမ်းကွာ… ညဘက်ညဘက် အဲဒီကောင်နဲ့ ဖြူသွယ် ဖုန်းပြောတယ်မဟုတ်လား"

ကိုကို့မျက်ဝန်းတွေကို ရှောင်လွှဲရင်း ကိုကို့မေးခွန်းကို ကျွန်မ အားတင်းဖြေလိုက်တယ်။

"ဟုတ်တယ်လေ…ဘာဖြစ်လဲ၊ အင်္ဂလိပ်စာအကြောင်း ဆွေးနွေးကြတာလေ"

ကျွန်မဖြေလိုက်တဲ့ လေသံက ခါတိုင်းထက် တိုးဖျော့နေမလား ပဲ။

"ထင်သားပဲ"

လို့ တစ်ခွန်းတည်းပြောပြီး ကိုကို ပြန်ငြိမ်သက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ့အခိုက်အတန့်လေးအတွင်း ကိုကိုနဲ့ကျွန်မတို့ နှစ်ယောက်ကို စိုးမိုးထားတာ ငြိမ်သက်ခြင်းပဲ။

ပင်လယ်မှာ မုန်တိုင်းကျမလာခင် ဖြစ်ပေါ်လေ့ရှိတဲ့ ငြိမ်သက်ခြင်းမျိုးပေ့ါ။

"ဖြူသွယ်…ဘာဖြစ်လို့ အဲဒီ့ကောင်နဲ့ ကိုယ်မသိအောင် အရမ်း ရင်းရင်းနှီးနှီး ဆက်ဆံနေရတာလဲ"

ကျွန်မတို့နှစ်ယောက်ကြားက ငြိမ်သက်ခြင်းကို စတင်ဖြိုခွဲလိုက်တဲ့ ကိုကို့မေးခွန်းပါ။

ဒီမေးခွန်းကို ကြားကြားချင်းပဲ မုန်တိုင်းတော့စပြီလို့ ကျွန်မ တွေးမိလိုက်ပါရဲ့။

"မပြောဖြစ်တာပါ၊ တကူးတကပြောရအောင်ကလည်း ကျွန်မ မဟုတ်တာလုပ်နေတာမှ မဟုတ်တာဘဲ ကိုကို"

ကျွန်မစကားအဆုံး ကိုကိုက အံတစ်ချက်ကြိတ်ပြီး မျက်နှာကို တခြားစားပွဲဝိုင်းတွေထက် လွှဲသွားတယ်။

"နောက်ပြီး…ဒီကိစ္စ ကျွန်မ ဘယ်လိုလုပ်ပြီး ကိုကို့ကို ပြောရမှာလဲ…ကိုကိုက ဒီလိုမျိုးဆို ဒေါသအရမ်းကြီးတော့ ကျွန်မ ဘာမှမပြောချင်ဘူး"

"ဟား…ဟား…ဟား…ဟား"

ရုတ်တရက် ကိုကို့ရယ်မောသံက ခပ်ကျယ်ကျယ်ထွက်လာလို့ ဘေးစားပွဲဝိုင်းက လူတချို့က လှည့်ကြည့်ကြတယ်။

"ဖြူသွယ်…မင်းက ဒီကောင်နဲ့ ခိုးကြောင်ခိုးဝှက် ဆက်နွယ်နေတာတော့ ဖွင့်မပြောရဲဘူး၊ ဒါပေမယ့် သင်တန်းကျတော့ ဒီကောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူတွဲလာရဲတယ်နော်၊ ဟား…ဟား…ဟား…ငါ့ဒေါသ ကို ကြောက်လို့ဟုတ်လား…ရယ်စရာပဲကွာ"

ကိုကို့စကားက မှန်သင့်သလောက် မှန်နေတော့လည်း ကျွန်မ ဘာမှပြန်မပြောနိုင်ဘူး ဖြစ်နေတယ်။

ဆိုးတာက ကျွန်မ အဲဒီလို ငြိမ်လေလေ ကိုကိုက ပြောလေ လေဖြစ်နေတာပဲ။

"မင်း ကိုယ့်ကို ချစ်သူတစ်ယောက်အဖြစ်ရော သဘောထား သေးရဲ့လား ဖြူသွယ်"

မနေ့ညက ငယ်လေးနဲ့ဖုန်းပြောကြရင်း ဒီနေ့သင်တန်းတက်ဖို့ အိမ်နားလာကြိုရမလားလို့ မေးတာကို ကျွန်မလက်ခံမိလိုက်ခြင်းဟာ ကိုကို့ဒေါသနဲ့ ထိပ်တိုက်တွေ့စေခဲ့တာပါပဲ။

"ဖြူသွယ်…တခြားကိစ္စတွေအားလုံး နားလည်ပေးနိုင်ပေ မယ့် ဒီကိစ္စကိုတော့ ကိုယ်ဘယ်လိုမှ နားမလည်နိုင်ဘူး ဖြစ်နေတယ်"

ကျွန်မ ငြိမ်နေမိတုန်းပါပဲ။

ငယ်လေးတက်နေတဲ့ ဆေးကျောင်းကလည်း မြောက်ဥက္ကလာပ မြို့နယ်ထဲမှာဆိုတော့ ကျွန်မနဲ့ တစ်မြို့တည်းပဲလေ။ ဒါကပဲ ကျွန်မကို ငယ်လေးလာကြိုဖို့ လွယ်ကူလမ်းသင့် သွားခဲ့ရတာပေါ့။

"ကိုယ် ဘယ်လိုလုပ်ရမလဲ ဖြူသွယ်…ပြောပါဦး…ပြော စမ်းပါဦး"

ကျွန်မ ဆက်ပြီးငြိမ်နေသေးတယ်။

"ဖြူသွယ် မင်းငါ့ကိုညာတယ်"

ဆတ်ခနဲ ကိုကို့မျက်နှာဆီ ကျွန်မ မော့ကြည့်မိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကြည့်မိတော့ ကိုကို့မျက်နှာပေါ်က ဒေါသတွေက ကျွန်မရဲ့မျက်နှာပေါ် ကူးပြောင်းခုန်တက်လာသလိုပဲ။

"ဟုတ်တယ်…ကျွန်မ ကိုကို့ကို ညာတယ်…ဘာဖြစ်လဲ… နောက်တစ်ခု ကိုကိုသိအောင် ကျွန်မ ထပ်ပြောလိုက်မယ်၊ ငယ်လေးက ကျွန်မကို Propose လုပ်ထားတယ်"

"ဘာ"

အံ့သြတကြီး အမူအရာဖြစ်သွားတဲ့ ကိုကို့ကိုမြင်မှ ကျွန်မ စကားလွန်သွားပြီဆိုတာ သိတော့တယ်။

တစ်ချိန်လုံး ဖိပြောလာခဲ့တဲ့ ကိုကို့ပုံစံဟာ စောစောက ကိုကို မဟုတ်တော့သလို ထင်ရလောက်အောင် မှင်သက်တွေဝေသွားတယ်။ ပါးစပ်အဟောင်းသားကလေးနဲ့…

"ကျွန်မ သွားတော့မယ် ကိုညိန်းကိုကို"

ကျွန်မ ထိုင်ရာကထရပ်မလို ဟန်ပြင်တော့မှ ကိုကို သတိပြန်ဝင်လာပြီး ကျွန်မလက်ကို လှမ်းဆွဲရင်း…

"ဖြူ…ဖြူသွယ် ကိုယ့်ကို စိတ်ဆိုးသွားပြီလား"

"ဖယ်ပါ"

ကိုကို့လက်ကို ကျွန်မ ပုတ်ထုတ်လိုက်တယ်။ ပြီးမှ…

"စိတ်မဆိုးပါဘူး…ဒါပေမယ့် ပျော်ရွှင်မှာလည်း မဟုတ်တော့ဘူး၊ အကောင်းဆုံးကတော့ ကျွန်မတို့နှစ်ယောက် လမ်းခွဲကြတာ အကောင်းဆုံးပဲ"

ကျွန်မ ထိုင်ရာက ထရပ်တယ်။

"အဲ…အဲဒီလို မလုပ်နဲ့လေ ဖြူသွယ်…ကိုယ်က"



www.burmeseclassic.com

www.burmeseclassic.com



စကားမဆုံးခင်မှာပဲ ကျွန်မ လှည့်ထွက်လိုက်တယ်။

"နေဦးလေ…ဖြူသွယ်"

ကိုကိုက နောက်ဖက်ကနေ လှမ်းတားတယ်။

"နေပါဦး…ဖြူသွယ်"

နောက်က တားလို့မရတော့ ပြေးလာပြီး ကျွန်မရှေ့က ပိတ်ရပ်ပြန်တယ်။

"ကိုကို ကျွန်မ ဒေါသအရမ်းထွက်မလာခင် ဖယ်ပေးတာကောင်းမယ်နော်"

ကိုကို့မျက်ဝန်းထဲ စိုက်စိုက်ကြီး ကျွန်မကြည့်လိုက်တယ်။ ကိုကို့မျက်ဝန်းထဲမှာ အရှိန်မသေသေးတဲ့ ဒေါသရယ် နားမလည်ခြင်းရယ် တောင်းပန်သံတွေရယ်ဟာ ရှုပ်ထွေးပေါင်းစပ်နေကြတယ်။

အကြည့်ကိုလွှဲပြီး ကိုကို လမ်းဖယ်ပေးတယ်။

ကျွန်မထင်တာ မမှားဘူးဆိုရင် ကိုကိုလည်း ကျွန်မမျက်ဝန်းထဲကနေတစ်ဆင့် ထိန်းသိမ်းရခက်တဲ့ တစ္ဆေတစ်ကောင်ကို မြင်တွေ့သွားလို့ထင်ပါရဲ့။

ဘာပဲဖြစ်ဖြစ်လေ။

ဒါဟာ ကျောခိုင်းခြေလှမ်းတွေနဲ့ အပြန်လမ်းမှာ ကိုကို့ရဲ့ အရိပ်ဖြူဖြူဆီ ပြန်မလှည့်ဖြစ်တော့တဲ့ ပထမမြောက် နောက်ဆုံးညနေခင်းတစ်ခုအဖြစ် ကျွန်မနှလုံးသားမှာ တံဆိပ်ခတ်ခံလိုက်ရတဲ့ နေ့ရက်ဖြစ်ခဲ့ရတယ်။

□



www.burmeseclassic.com

www.burmeseclassic.com



(၁၉)

ကောင်းကင်ကြီးက သိပ်မာယာများတာပဲနော်။ စောစောကပဲ ကြည်လင်နေပြီး ခုတော့ အပြင်မှာ မိုးစက်တွေကျလာပြီ…ကိုကို။

ဒီကဖေးဆိုင်မဟုတ်တဲ့ တခြားတစ်နေရာရာဆီ ကိုကိုထွက်ခွာချင်နေပြီလား။ ဩော်…ခဏတော့ အချိန်ရသေးရဲ့မဟုတ်လား။ ဒါနဲ့ နားထောင်ကြည့်စမ်း ကိုကို။ ကဖေးဆိုင်ခေါင်မိုးပေါ် တဖြောက်ဖြောက် ကျဆင်းလာတဲ့ မိုးစက်လေးတွေရဲ့ ခြေသံတွေကို…။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဂီတသံတစ်ခုလို့ပြောရင် ဘယ်သူငြင်းဆန်မလဲ။

ဟုတ်တယ်…ကိုကို။

သိပ်သာယာတဲ့ မိုးစက်ဂီတသံတွေပါပဲ။

ဒါပေမယ့် ကိုကိုရယ်…လူ့ဘဝဆိုတာ ဒီလိုမျိုး သာယာတဲ့ ဂီတသံတွေချည်း စုဖွဲ့ထားတာမှမဟုတ်တာ။

ကိုကိုနဲ့ကျွန်မတို့ နှစ်ယောက်ရဲ့ ဇာတ်လမ်းမှာတောင် နောက်ခံဂီတဟာ အမြဲတမ်းကြည်နူးစရာကောင်းတဲ့ သံစဉ်တွေမဖြစ်ခဲ့ဘူးလေ။

ခါးသီးရက်စက်တဲ့ ဂီတသံတွေကလည်း ကိုကိုနဲ့ကျွန်မရဲ့ ဘဝထဲ အချိန်ကာလတစ်ခုအထိ စေးပျစ်ပျော်ဝင်နေခဲ့ဖူးတာပါပဲ။

အခု ကိုကို့ကို ကျွန်မ ဆက်ပြောပြမယ့် အကြောင်းအရာတွေကလည်း ဆိုးဝါးနာကျင်စရာကောင်းတဲ့ နောက်ခံဂီတသံတွေနဲ့ ဖွဲ့စည်းထားတဲ့ အတိတ်ပိတ်သားထက်က အရုပ်အရောင်တွေဆိုရင် မှားမယ် မထင်ဘူး။

တစ်နည်းအားဖြင့် ချစ်ခြင်းတရားမှာ ရင့်ကျက်မှုအားနည်းပြီး အချစ်စစ်အချစ်မှန်ကို မျက်ကွယ်ပြုကျောခိုင်းခဲ့တဲ့ မလည်မဝယ် ကောင်မလေးတစ်ယောက်ရဲ့ နောက်ဆက်တွဲအိပ်မက်ဆိုး ဖြစ်ရပ်တွေပဲပေါ့…ကိုကိုရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကာလအတော်ကြာတဲ့အထိ ကျွန်မဟာ ကိုကို့ရဲ့ ပြန်လည်ကျေအေးစိတ်ကို ရှောင်ခွာဖယ်ကျဉ်နေခဲ့တယ်။ ကျွန်မစိတ်ထင် သုံးလလောက်ရှိလိမ့်မယ်ထင်ရဲ့။

အဲဒီသုံးလလောက် အချိန်အတွင်းမှာ ကျွန်မဆီ ကိုကို ဖုန်းအတန်တန် ဆက်ခဲ့သေးပေမယ့် ဘာကိုမှ ကျွန်မပြန်ပြီး လက်မခံဖြစ်ခဲ့တော့ ကိုကိုလည်း လက်လျှော့သွားပါတယ်။

ကိုကိုရယ်…

ခြံခုန်တတ်တဲ့ မြင်းတစ်ကောင်အဖြစ် ကိုကို ကျွန်မကို မြင်သွားမှာပဲနော်။

ကိုကို့နဲ့ လမ်းခွဲပြီးနောက်ပိုင်း သိပ်မကြာခင်မှာ အမှန်တကယ်ပဲ ငယ်လေးနဲ့ကျွန်မ ချစ်ခဲ့ကြတယ်လေ။

မရှက်မကြောက်စတမ်း လက်တွေ့ကျကျ သုံးသပ်မယ်ဆိုရင် ကျွန်မဟာ ကိုကို့နဲ့လမ်းမခွဲခင် စောစောပိုင်းကတည်းက ငယ်လေးအပေါ် မသိမသာ လက်ခံနေမိခဲ့တာပါ။

အဲဒါကြောင့်လည်း ကိုကို့ကိုဆန့်ကျင်ပြီး ငယ်လေးနဲ့လိုအပ်တာထက် နီးစပ်မှုပိုခဲ့ရတာပေါ့။ ကျွန်မဟာ စိတ်လှုပ်ရှားလွယ်တဲ့ မနူးမနပ်တောသူလေးပါ…ကိုကို။ ကျွန်မဟာ ဘာကိုမှ အလေးအနက်မရှိဘဲ ယုံလွယ်သူ မိန်းမပေါ့လေးပါ…ကိုကို။

နောက်ပြီး…

ကျွန်မဟာ ကိုကိုထင်သလို ခြံခုန်တတ်တဲ့ မြင်းတစ်ကောင်ပါပဲ…ကိုကိုရယ်။

+ + +



www.burmeseclassic.com

www.burmeseclassic.com



ကိုကို မကြာခဏပြောဖူးတဲ့ စကားပုံတစ်ခုအတိုင်းပါပဲ။

လူအကြောင်း ပေါင်းကြည့်မှသိတဲ့လေ။

ချစ်သူတွေဖြစ်တော့မှ ငယ်လေးရဲ့အကျင့်စရိုက်တွေကို အတွင်းကျကျ ကျွန်မသိခွင့်ရတော့တယ်။ ငယ်လေးဟာ ကျွန်မထက် လောင်းကစားကို ပိုနှစ်သက်တဲ့ လူတစ်ယောက်ဆိုတာပေါ့။

နယ်ကနေပြီး ကျောင်းလာတက်တဲ့ ငယ်လေးလို ဉာဏ်ရည်ထက်မြက်တဲ့ ဆေးကျောင်းသားတစ်ယောက်အတွက်တော့ လောင်းကစားမှုပြုခြင်းဟာ သိပ်ခက်တဲ့ကိစ္စမှ မဟုတ်တာ။

မိဘရင်အုပ်နဲ့ ဝေးကွာပြီး ပညာရှာနေတဲ့ တက္ကသိုလ်ကျောင်းသားတချို့မှာ ဒီလိုအပျော်အပါး လောင်းကစားကိစ္စလေးတွေ အနည်းအကျဉ်း ရှိတတ်ကြတာ မဆန်းပါဘူး။

ဒါပေမယ့် နှမြောဖို့ကောင်းတာက ငယ်လေးဟာ တခြားကျောင်းသားတွေထက် အဆများစွာပိုပြီး လောင်းကစားကိစ္စမှာ စိတ်အားထက်သန်နေခြင်းပဲ။

လောင်းကစားကိစ္စနဲ့ ပတ်သက်ပြီးတော့ ချစ်သူကာလ တစ်လျှောက်လုံး ငယ်လေးကို တတ်နိုင်သလောက် ကျွန်မ ထိန်းသိမ်းပါတယ်။

"ငယ်လေး…နင့်လက်စွပ် ဘယ်ရောက်သွားလဲ…ထုံးစံအတိုင်း အပေါင်ဆိုင်ရောက်သွားပြီ မဟုတ်လား"

"မပူပါနဲ့ဟာ…မနက်ဖြန် အိမ်ကငွေရောက်မှာပါ"

"ဟင့်အင်း…မရဘူး၊ ဒီညနေ နင်သွားရွေး…ရော့၊ ဒါပဲနော် ... နောက်တစ်ခါ နင့်လက်စွပ်ပေါင်တာ မမြင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အပေါ် အကြိမ်ကြိမ်ဆိုးနွဲ့ခဲ့တဲ့ ကျွန်မဟာ ငယ်လေးနဲ့ ကျတော့ အစစအရာရာ အရှုံးပေးနားလည်ခဲ့ရတယ်။

ကျွန်မထက် ကိုကိုက အသက်သုံးနှစ်ကျော်ကျော် ကြီးပြီး ငယ်လေးက ကျွန်မနဲ့အသက်တူဖြစ်နေခြင်းကလည်း ငယ်လေးနဲ့ကျွန်မ ကြားမှာ ပိုနီးစပ်ဖို့ ဖြစ်ခဲ့တယ်။ ဆိုးကျိုးအနေနဲ့ ငယ်လေးနဲ့ကျွန်မကြား မှာ ရှိသင့်တဲ့လေးစားမှုကို လျော့စေပြန်တယ်။

"လုပ်ပါဦး ဖြူသွယ်ရာ…ဒီနေ့လယ် ကျူရှင်ဖိုးပေးရမှာ၊ နင့်မှာရှိရင် ခဏစိုက်ပေးပါနော်"

"မနေ့ကပဲ နင့်မှာ ပိုက်ဆံတွေအများကြီးပါ ငယ်လေးရယ်"

"ညက ငါကြိုက်တဲ့ ဘောလုံးအသင်း ရှုံးသွားတယ်ဟ… အဲဒါ"

အဲဒီလိုမျိုးပေါ့။

တစ်ခါတစ်လေမှာ ငယ်လေးရဲ့ရှေ့နောက်မကြည့်တဲ့ လုပ်ရပ် တွေက ကျွန်မအပေါ် ဝန်ပိတတ်ပါသေးတယ်။

တချို့အချိန်တွေမှာ ကျွန်မ ကိုကို့ကို သတိရမိပေမယ့် သိက္ခာ တရားအတွက် ငယ်လေးအပေါ်မှာပဲ ကျွန်မစိတ်နှစ်ထားခဲ့တယ်။

တိုတိုပြောရရင်တော့ ကိုယ့်ခံစားချက်ကလွဲရင် တခြားသူ တစ်ယောက် ခံစားချက်ကို ဝေမျှသိမြင်မှုအားနည်းလွန်းတဲ့ ငယ်လေးနဲ့ ကျွန်မရဲ့ဇာတ်လမ်းဟာ ကာလအကြာကြီး မခံလိုက်ပါဘူး။

အစွန်းဆုံးသော ပေးဆပ်မှုတစ်ခုအနေနဲ့ ကြုံတွေ့ရပြီး နောက် ပိုင်းမှာ ကျွန်မ ငယ်လေးကို ကျောခိုင်းခဲ့ပြန်ပါတယ်။

ဒါဟာ ကျွန်မနဲ့ကိုကို့အကြောင်း မဟုတ်ပေမယ့် ကျွန်မနဲ့ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းမှာ မပါမဖြစ် ထည့်သွင်းရမယ့် ဆိုးဝါးနာကျင်စရာကောင်း လွန်းတဲ့ နောက်ခံတေးဂီတနဲ့ ဓာတ်ဝင်ခန်းတစ်ခု ဖြစ်ခဲ့လေရဲ့။

ဟော…ကိုကိုရေ။

အပြင်မှာ မိုးတွေ ပိုသည်းလာပြီ။

နောက်ထပ် ကော်ဖီတစ်ခွက်လောက် ထပ်ယူပါဦးလား… ကိုကို။

ဒီနေ့အတွက် ဒီကော်ဖီဝိုင်းကို ကျွန်မကပဲ ဒကာလုပ်ပါရစေ နော်…။

❑



www.burmeseclassic.com

www.burmeseclassic.com



(၂၀)

အခုရှာနေတဲ့ ဒီမိုးဟာ ဒီနှစ်ရဲ့နောက်ဆုံးမိုး ဖြစ်မယ် ထင်တယ်နော်။ ကြည့်ပါဦး ကိုကိုရယ်၊ ရွာသွန်းနေလိုက်တာများ သည်းသည်းထန်ထန်ပဲ။ ဒါနဲ့ ကိုကို။ ကျွန်မနဲ့ ကိုကို့ဇာတ်လမ်းမှာလည်း ဒီလိုမိုးသည်းတဲ့ နေ့ရက်တစ်ရက် ရှိခဲ့ဖူးတာ ပြန်သတိရမိရဲ့မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ငယ်လေးနဲ့ လမ်းခွဲပြီးသွားတော့ အရာရာကို ကျွန်မ ယုံကြည်မှု ကင်းမဲ့သွားတယ်။

စိတ်လည်း မလေစဖူး အရမ်းလေသွားတယ်။

ငယ်လေးအကြောင်း ပြန်မစဉ်းစားဖြစ်အောင် ဆုံးဖြတ်ချက် ချမိပေမယ့် ကိုကို့အကြောင်းကိုတော့ ပြန်မစဉ်းစားဘဲ မနေနိုင်ခဲ့ပါဘူး။

ဒါပေမယ့်…ကိုကိုရယ်။

ကျွန်မလို ခြံခုန်ပြေးထွက်တဲ့ မြင်းတစ်ကောင်အနေနဲ့ ကိုကို့ ရင်ခွင်အရိပ်ဆီ ပြန်တမ်းတရုံပဲ တတ်နိုင်တာပါ။

မျှော်လင့်ခွင်ကတော့ ဆုံးရှုံးခဲ့ပြီမဟုတ်လား။

ပန်းဆိုးတန်းမှာ တက်နေဆဲ အင်္ဂလိပ်ဘာသာ သင်တန်းကနေ ကျွန်မ နုတ်ထွက်လိုက်တယ်။

အတန်ငယ်ရှည်လျားတဲ့ ကျွန်မဆံနွယ်တွေကို ဖြတ်တောက် ပြီး မိန်းမဆန်တဲ့ ခပ်တိုတိုဆံပင်ပုံစံ ပြောင်းလိုက်တယ်။

ခါတိုင်းဝတ်နေကျ အဝတ်အစားတွေထက် ပိုပြီးဖျော့တော့တဲ့ အရောင်မျိုးတွေကိုပဲ အဝတ်များလာတယ်။

လမ်းလျှောက်ရင်လည်း ဘာကိုမှ မယ်မယ်ရရ သတိမထား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဘဲ လျှောက်တတ်လာတယ်။ (အများအားဖြင့်တော့ အမယ်အိုကြီး တစ်ယောက်လို ခေါင်းကြီးငုံ့ပြီး လျှောက်တာများပါတယ်။)

ဟုတ်တယ် ကိုကို။

ကျွန်မ စိတ်လေနေတယ်။

ပျော်ရွှင်မှုဆိုတာ ကျွန်မရဲ့အဘိဓာန်ထဲမှာ တစ်နေ့တစ်ခြား အရောင်ဖျော့ပျောက်ဆုံး အငွေ့ပျံသွားတော့မယ့် စကားလုံးတစ်လုံး လို့တောင် ကျွန်မတွေးထင်စ ပြုလာရဲ့။

ကိုကို ကြားဖူးတယ်မဟုတ်လား။

ညိုညစ်နေတဲ့ တိမ်စိုင်တွေမှာတောင် ငွေရောင်အနားသတ် မျဉ်းတွေရှိကြတယ်တဲ့။

ဟင့်အင်း...အဲဒီလိုမဟုတ်ဘူး ကိုကို။

ငွေရောင်အနားသတ်မျဉ်းတွေ ဘယ်လိုရှိရှိ တိမ်စိုင်တွေ ညို ညစ်တာက ညိုညစ်တာပါပဲ။

ဒီလိုနဲ့ ကျွန်မဟာ အရာအားလုံးနဲ့ ဝေးကွာလွန်ဆန်ရင်း အဆိုးမြင်တရားတွေနဲ့ တစ်ကိုယ်ရေညပေါင်းများစွာကို ခက်ခဲလွန်းစွာ ဖြတ်ကျော်ခဲ့ရတယ်။

ဘုရားရေ...

ကျွန်မ ဘာကိုမှ မယုံကြည်နိုင်ဘူး ဖြစ်သွားတယ်။

လက်ထဲရောက်လာတဲ့ ဖိတ်စာလေးကိုကြည့်လို့ ကျွန်မ အံ့ဩ တွေဝေမှင်သက်မိနေတယ်။

ဖိတ်စာက ပန်းချီပြပွဲ ဖိတ်စာလေးပါ။

တိတိကျကျပြောရရင် ကိုကိုပါဝင်ပြသထားတဲ့ ပန်းချီဆရာ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ယောက်ရဲ့ စုပေါင်းပန်းချီပြပွဲ ဖိတ်စာလေးပါ။

"အသားမည်းမည်း ထောင်ထောင်မောင်းမောင်းနဲ့ပဲ…နင့်ကို ထိုင်စောင့်နေသေးတယ်…မလာတော့မှ ဖိတ်စာထားခဲ့ပြီး ပြန်သွားတာ"

လက်ထဲရောက်လာတဲ့ ပန်းချီပြပွဲဖိတ်စာလေးကို ဖတ်ရှုနေရင်း ကျွန်မအံ့ဩတွေဝေ မှင်သက်မဆုံးဘူး။

"ဘာမှတော့ မပြောဘူး…ကော်ဖီတစ်ခွက်ဖျော်တိုက်တော့ အိမ်မှာ သကြားကုန်နေလို့ မထည့်မိတာတောင် ကောင်းတယ်… ကောင်းတယ်ပြောသွားတာပဲ"

ကျွန်မရဲ့အစ်မ ကျော့ရှင်းဝေလည်း ဖိတ်စာရောက်လာတာကို အံ့အားသင့်နေပုံပဲ။ ဒီလိုအနုပညာနဲ့ဆိုင်တဲ့ ဖိတ်စာမျိုးဆိုတာ ကျော့ရှင်းဝေ အခုမှမြင်ဖူးတာ မဟုတ်လား။

ကိုကို့သူငယ်ချင်း ရခိုင်ကြီးကို ကျွန်မဖျတ်ခနဲ သတိရလိုက်မိတယ်။ အသားမည်းမည်း ထောင်ထောင်မောင်းမောင်း စကားပြောရင် ကောင်းတယ် ကောင်းတယ်နဲ့။

ဟုတ်ပါပြီ…ရခိုင်ကြီးပါပဲ။

"ဟင်"

ဖိတ်စာရဲ့ ကျောဖက်တစ်နေရာမှာ ဘောပင်နဲ့ရေးခြစ်ထားတဲ့ ဖုန်းနံပါတ်တစ်ခုကို ကျွန်မမြင်မိသွားတယ်။

လတ်တလော ကိုကို့ဆီ ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်မှန်း ကျွန်မ တန်းသိလိုက်တယ်။ အဲဒီအသိနောက်က လိုက်လာတဲ့ နောက်ဆက်တွဲသိမှုတွေက ကျွန်မကမ္ဘာကို သစ်စေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခန်းဟာ…

အမိုက်အမဲမလေးတစ်ယောက်ရဲ့ ရင်ခွင်တော်ဝင်ခန်းပေါ့ ကိုကို။

ကျွန်မရဲ့ သိက္ခာတရားအစုစုအတွက် ကိုကို့ထံပါးမှာ ခဝါချ ခိုနားချင်တဲ့ ရင်ခွင်မဲ့ငှက်တေလေတစ်ကောင်ရဲ့ အလံဖြူစိုက်ထူပွဲလေး ဆိုရင်လည်း မမှားဘူးပေါ့။

ကိုကိုနဲ့ဖုန်းဆက်ချိန်းဆိုပြီးနောက်ပိုင်း ကျွန်မဟာ မရေရာတဲ့ မျှော်လင့်ချက်သဲ့သဲ့လေး တွေးပိုက်ရင်း ပျော်ရွှင်နေမိတယ်။

ဒီလိုနဲ့…

မိုးစက်တွေ ဖွဲမှုန်မှုန်ဆင်းသက်နေတဲ့ မနက်ခင်းတစ်ခုဟာ ကိုကိုနဲ့ကျွန်မအတွက် ဆိုက်ရောက်လာခဲ့တယ်။

အဲဒီတုန်းက ကိုကိုနဲ့ကျွန်မဟာ ထီးကိုယ်စီဆောင်းထားကြ တယ်။

မကြာခဏရောက်ခဲ့ဖူးတဲ့ ပန်းခြံထဲက တစ်ခါမှ မထိုင်ဖြစ်ဖူး ခဲ့တဲ့ နေရာတစ်ခုဟာ ကိုကိုနဲ့ကျွန်မတို့ စကားတွေထိုင်ပြောဖို့ ဖြစ်လာ တယ်။

"ကိုယ် ခုနောက်ပိုင်း ပန်းချီတွေ အများကြီးဆွဲဖြစ်တယ်၊ ဖြူသွယ်ပေးခဲ့တဲ့ ဒဏ်ရာကို ပန်းချီနဲ့ ကုစားဖြေဖျောက်ခဲ့တယ်"

စကားဆုံးတော့ ကိုကိုက နှုတ်ခမ်းတစ်ဖက် တွန့်ရုံပြုံးတယ်။

"ကိုကို ဘာဖြစ်လို့ ကျွန်မဆီ ဖိတ်စာပို့ရတာလဲ"

ကိုကို့ကို ကိုကိုလို့ပဲ ကျွန်မ ပြန်ခေါ်မိတယ်။

တရားဝင်ရည်းစားမဖြစ်သေးဘဲ 'ကိုကို'လို့ခေါ်တာ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးအကြိမ်မှ မဟုတ်တာဘဲလေ။

"ဖြူသွယ်နဲ့ ဘဝတစ်ခုလုံး ကိုယ်လက်တွဲသွားချင်တယ် ဖြူသွယ်"

ကိုကို့အသံက ရင့်ကျက်တည်ငြိမ်လွန်းတယ်။ နောက်ပြီး အသံထဲမှာ ခွန်အားတွေစိမ့်ဝင်နေသလို ခံစားရတယ်။

"ကိုကို ကျွန်မအကြောင်း ဘယ်လောက်သိလို့လဲ"

ကျွန်မကို နားမလည်သလို ကိုကိုလှည့်ကြည့်တယ်။ ပြီးမှ…

"ဖြူသွယ့်အကြောင်း ကိုယ်မသိတာတော့ အမှန်ပဲ၊ ဒါပေမယ့် ကိုယ်ဖြူသွယ့်ကို သိပ်…ချစ်တယ်"

"မဟုတ်သေးဘူး ကိုကို၊ တစ်ယောက်အကြောင်းတစ်ယောက် သေသေချာချာမသိဘဲ ဘဝတစ်လျှောက်လုံး လက်တွဲဖို့မဖြစ်နိုင်ဘူး"

"ဖြူသွယ် ကိုယ့်ကို မချစ်တော့ဘူးလား"

ကျွန်မ ဖျတ်ခနဲကိုကို့ကို လှမ်းကြည့်ပြီး တစ်ချက်ရယ်မိတယ်။ ရယ်ချင်လွန်းလို့ ရယ်တာမဟုတ်ပါဘူး။ မရယ်ချင်ဘဲနဲ့ ရယ်မိသွားတာပါ။

"ကျွန်မအတွက် အချစ်ဆိုတာထက် ပိုအရေးကြီးတာတွေ ရှိနေတယ် ကိုကို"

ဒီစကားကြောင့် ကိုကိုဟာ သိနားလည်ရခက်ပုံ ရသွားလေရဲ့။

ကျွန်မကို စိတ်ဝင်တစား ကြည့်တယ်။

"ဟိုအရင် ကိုကိုနဲ့ချစ်ခဲ့ကြတုန်းက ကိုကိုမေးပေမယ့် ကျွန်မ သိပ်မပြောပြခဲ့တဲ့ အကြောင်းအရာတွေကို ခု ကိုကို မသိချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြောင်းအရာတွေလဲ ဖြူသွယ်…ထားပါလေ ဘာပဲဖြစ်ဖြစ်ပါ၊ အဲဒါတွေသိဖို့နဲ့ ဖြူသွယ့်ကိုချစ်တာနဲ့ ဘယ်လောက်ထိသက်ဆိုင်နေလို့လဲ"

အဝေးက မြက်ခင်းမို့မို့ဆီ အကြည့်လွှဲရင်း ကိုကို့အမေးကို ကျွန်မ ပြန်ဖြေတယ်။

"တစ်ဘဝလုံးပဲဆိုပါတော့ ကိုကို၊ တစ်ဘဝလုံးသက်ဆိုင်တဲ့အကြောင်းအရာတွေပေါ့"

"ဟုတ်လား…"

ကျွန်မကြည့်ငေးနေတဲ့ မြက်ခင်းမို့မို့ဆီ ကိုကိုလည်း လိုက်ကြည့်တယ်။ ပြီးတော့ သက်ပြင်းသဲ့သဲ့ချတယ်။

"ဟူး…ဒါဆိုလည်း ပြောပါ ဖြူသွယ်၊ ဘာအကြောင်းပဲဖြစ်ဖြစ် ကိုယ်နားထောင်ပေးပြီး သေသေချာချာ စဉ်းစားပါ့မယ်"

"စဉ်းစားရုံနဲ့ မလုံလောက်ဘူး ကိုကို၊ တစ်ခါတည်း ဆုံးဖြတ်ပေးပါ၊ ကျွန်မအပေါ် ကိုကိုစိတ်ပျက်စေမယ့် အကြောင်းတွေဖြစ်နေတာကြောင့် ကိုကို သေချာဆုံးဖြတ်ပေးပါ"

"ဟူး…"

နောက်တစ်ခေါက် ကိုကိုသက်ပြင်းထပ်ချတယ်။

"ပြောပါ ဖြူသွယ်၊ ကိုယ်နားထောင်နေပါတယ်"

"ဒီလို…ကိုကို"

အဲဒီနေ့က ကျွန်မ ကိုကို့ကို စကားတွေအများကြီး ပြောဖြစ်တယ်။ မပြောမဖြစ်တဲ့ အကြောင်းအရာတွေပေါ့။ ကိုကိုမေးဖူးပေးသို့ ကျွန်မ သိပ်မပြောဖြစ်ခဲ့တဲ့ ကျွန်မရဲ့မိသားစုအကြောင်းက စပြောဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ပြည်မှာနေခဲ့တာ၊ ကျွန်မမှာ အခုနှစ်ဆိုရင် ခုနစ်တန်းတက်မယ့် မောင်လေးအရင်းတစ်ယောက်ရှိတယ်၊ ဖြူစင်အောင် လို့ခေါ်တယ်၊ ပြည်မှာကျန်ခဲ့တယ်၊ ကျွန်မ ငါးတန်းကျောင်းသူအရွယ် မှာ အမေရုတ်တရက် ဆုံးသွားတော့ အဖေက နိုင်ငံခြားထွက်သွား ခဲ့တယ်၊ ကျွန်မတို့မောင်နှမနှစ်ယောက်က ဒီအရွယ်ထိ ဆွေမျိုးတွေရဲ့ စောင့်ရှောက်မှုနဲ့ ကြီးပြင်းခဲ့ကြရတာ၊ ဒါပေမယ့် အဖေကတော့ ကျွန်မ တို့မောင်နှမနှစ်ယောက်အတွက် လုံလောက်အောင် ထောက်ပံ့ပေးခဲ့ တယ်"

"ဒါဆို ဘာလို့ ဖြူသွယ် ရန်ကုန်ကိုရောက်လာတာလဲ"

ငြိမ်နားထောင်နေရာက ကိုကို ရုတ်တရက်မေးလိုက်တာပါ။ အဲဒီအချိန်မှာ မိုးက နည်းနည်းသည်းလာတယ်။

"လွန်ခဲ့တဲ့သုံးနှစ်က နိုင်ငံခြားမှာ အဖေ နောက်မိန်းမယူလိုက် တယ်၊ ကျွန်မကလည်း ဘွဲ့ရပြီဆိုတော့ နိုင်ငံခြားလာခဲ့ဖို့ ခေါ်တယ်၊ အဲဒါနဲ့ပဲ ရန်ကုန်အိမ်ကို ကျွန်မရောက်လာခဲ့ရတာပဲ၊ ပြည်မှာ ကျန်ခဲ့တဲ့ မောင်လေးဖြူစင်အောင်ရဲ့တာဝန်ကို ကျွန်မ တစ်ဝက်ယူပေးရဦးမယ် လေ"

"ဖြူသွယ်ဆိုလိုတာက ဖြူသွယ် နိုင်ငံခြားကို သွားရမယ်လို့ ဆိုလိုတာလား"

ဒီတစ်ခါတော့ ကျွန်မခေါင်းပဲ အသာညိတ်ပြလိုက်တယ်။ ကိုကိုက ဆက်ပြောတယ်။ မိုးကလည်း ဆက်သည်းလာတယ်။

"ဖြူသွယ် နိုင်ငံခြား ဘယ်တော့သွားမှာလဲ၊ ဘယ်လောက် ကြာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုသွားဖို့ ကြိုးစားနေတုန်းပါပဲ၊ သုံးနှစ်တော့ ကြာလိမ့်မယ် ကိုကို"

ကိုကို ငြိမ်သက်သွားတယ်။ ဒါပေမယ့် မိုးကတော့ မငြိမ်ဘူး၊ ပိုသည်းလာတယ်။ ခဏနေတော့ ကိုကိုက မိုးသံကြောင့် အသံကိုမြှင့်ပြီး…

"ဘယ်တတ်နိုင်မလဲလေ စောင့်ရမှာပေါ့"

"မပြီးသေးဘူး ကိုကို"

ကိုကို တွန့်ခနဲဖြစ်သွားတယ်။

တော်တော်ကြာကြာထိ ကျွန်မရဲ့စကားသံ ထွက်မလာလို့ ကိုကို စိတ်မရှည်နိုင်ဖြစ်ပြီး…

"ဘာကျန်သေးလို့လဲ ဖြူသွယ် ပြောလေ"

"ဟင့်အင်း…ကိုကို၊ သေချာတာက ကိုကိုနဲ့ကျွန်မ ရှေ့ဆက်လို့ဖြစ်မှာ မဟုတ်ပါဘူး"

ပြောပြောဆိုဆို ကျွန်မ ထရပ်တော့ ကိုကိုက ကျွန်မလက်ကို ဇဝေဇဝါနဲ့ လှမ်းဆွဲတယ်။

"နေပါဦး ဖြူသွယ်ရဲ့၊ ကိုယ့်ကိုရှင်းပြဦးလေ…ဘာဖြစ်တာလဲ"

ကိုကိုလည်းမတ်တပ်ရပ်လိုက်ပြီး မှုန်မှိုင်းညစ်နွမ်းနေတဲ့ ကျွန်မ မျက်နှာပေါ်ကနေ ကိုကို့မျက်နှာ ဆီးမိုးပြီးပြောတယ်။

"ဘာဖြစ်တာလဲ ဖြူသွယ်ရဲ့၊ ပြောဦးလေ ကိုယ့်ကို ရှင်းပြဦးလေ"

"တော်တော်ကြားချင်နေလား ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ မျက်နှာအမူအရာထဲမှာ စိတ်ပျက်လက်ပျက်ဆိုတဲ့ အဓိပ္ပာယ်ပေါ်နေတာ သေချာတယ်။ မတ်တပ်ရပ်လိုက်တဲ့အတွက်လည်း ကျွန်မမျက်နှာပေါ်ကို မိုးစက်တချို့ ခိုးနမ်းလာတယ်။

"ကိုကို…ငယ်လေးကို မှတ်မိသေးလား"

"အင်း…မှတ်မိတယ် ဖြူသွယ်၊ ပြောလေ"

ကိုကို့ဦးခေါင်းတစ်ခြမ်းဟာ မိုးတွေ စိုနေပြီ။ မိုးက သည်းလွန်းတယ်မဟုတ်လား။

"ကျွန်မနဲ့ငယ်လေး သမီးရည်းစား ဖြစ်ခဲ့တာကိုရော သိလား"

"မသိဘူး ဖြူသွယ်၊ ဒါပေမယ့် အခု ဖြူသွယ်အဲဒီကောင်နဲ့ ပြတ်သွားပြီမဟုတ်လား"

မိုးသံတွေနဲ့အတူ ကိုကို့အသံက ယိုင်နေတယ်။

"ပြတ်သွားခဲ့ပါပြီ၊ ဒါပေမယ့် ကျွန်မ…ကျွန်မ…ကျွန်မ ငယ်လေးနဲ့ တစ်ကြိမ်မှားယွင်းခဲ့ဖူးတယ် ကိုကို"

❑



www.burmeseclassic.com

www.burmeseclassic.com



(၂၁)

မြစ်တစ်မြစ်မှာ ရေနှစ်ခါချိုးလို့ မရဘူးတဲ့။ အစက တော့ ကျွန်မ ဒီစကားကို သဘော မပေါက်ခဲ့ဘူး။ ဒါပေမယ့် ကိုကို့ရဲ့ အေးချမ်းလေးနက်တဲ့ မေတ္တာတရား ကို ရရှိပြီးချိန်မှာ ကျွန်မ နားမလည်ခဲ့တဲ့ အရာတွေ အပေါ် နားလည်တတ်ခဲ့တယ်။ သဘောပေါက်တတ် ခဲ့တယ်။ ပြီးတော့ သိမြင်တတ်ခဲ့လေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘေးနားက ခြောက်သယောင်းသေဆုံးနေတာ ကြာပြီ ဖြစ်တဲ့ သစ်ပင်၊ မြက်ပင်လေးတွေ ပြန်ရှင်သန်လာကြတယ်။

ညှိုးခြောက်ပဲ့ကြွေသွားဖူးတဲ့ ပန်းပွင့်ဟောင်းတွေနေရာမှာ သစ်မြလတ်ဆတ်တဲ့ ပန်းကလေးတွေ အသစ်တဖန် ဖူးပွင့်လာကြတယ်။

မကြားရတာ တော်တော်လေးကြာခဲ့တဲ့ ကျေးငှက်တို့ရဲ့ ဥယျာဉ်တော်ဖွဲ့တေးသံတွေ ကျွန်မ ပြန်ကြားလာရတယ်။

ကောင်းကင်က တိမ်စိုင်မည်းတွေလည်း လေနှင်ရာရွှေ့မျော ပါပြီး ကြည်လင်ပြာစင်တဲ့ မိုးသားအသွင်နဲ့ ကျွန်မအပေါ် အုပ်မိုးလွှမ်း ခြုံထားတယ်။

ခါးတဲ့ ရေတွေ ချိုလာရဲ့…

ဆိုးတဲ့ အိပ်မက်တွေ ကောင်းလာရဲ့…

မှောင်တဲ့နေ့ရက်တွေ လင်းဖြာလာလေရဲ့။

ကိုကို့ဆီက ပေးပို့လာတဲ့ ပန်းချီပြပွဲဖိတ်စာလေးတစ်စောင် ကြောင့် အရာရာဟာ ပြောင်းလဲတောက်ပလာရတယ်။

"ကိုကို့ပန်းချီကားတွေကို အရင်ကထက် ကျွန်မပိုပြီး ခံစား နားလည်လာသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစကားကြောင့် ကိုကိုပြုံးတယ်။

"ကျေးဇူးပါပဲ ခွေးမလေးရယ်"

ကိုကို့စကားကြောင့်တော့ ကျွန်မ မပြုံးဖြစ်ဘူး။ မဲ့လည်း မမဲ့ဖြစ်ဘူး။

"ကိုကိုနော် တခြားလူတွေကြားကုန်မယ်"

လို့ ရှုတည်တည်ကြည့်ပြီး ပြန်ပြောတော့ ကိုကိုက သူ့ရဲ့ မှုလလက်ဟောင်း ကချင်လွယ်အိတ်ကြီးထဲ လက်နှိုက်လိုက် ပြန်ထုတ်လိုက် လုပ်ပါတယ်။

ပြောရရင် စုပေါင်းပန်းချီပြပွဲလေးဟာ အတော်အတန် အောင်မြင်တယ်ဆိုရမှာပါပဲ။

ကိုကိုလည်း ပန်းချီကားသုံးချပ် ရောင်းလိုက်ရလို့ နည်းနည်းပွသွားတယ်။ ကိုကို့သူငယ်ချင်းတွေ ဖြစ်ကြတဲ့ ရခိုင်ကြီး၊ ဖော်ကိုဝင်းနဲ့ နိုင်မင်းမောင်တို့လည်း ပန်းချီကားနည်းနည်းစီ ရောင်းထွက်သွားတယ်။

အဲဒီလိုနဲ့ ကိုကိုနဲ့ကျွန်မရဲ့ ဒုတိယအကြိမ် အချစ်လမ်းခရီးက ကံကောင်းမှုတွေနဲ့ ပြန်လည်အစပြုခဲ့တော့တယ်။

ဒီတစ်ကြိမ်မှာတော့ ကိုကိုရော ကျွန်မရောဟာ ချစ်ခြင်းမေတ္တာအပေါ် အရင်ကထက် လက်တွေ့ပိုကျတဲ့ နည်းလမ်းတွေနဲ့ ရှုမြင်ချဉ်းကပ်ကြည့်ဖို့ ကြိုးစားခဲ့ပါရဲ့။

ကိုကို့စီစဉ်မှုနဲ့ အင်္ဂလိပ်ဘာသာသင်တန်းတစ်ခုကို ကျွန်မ ပြန်တက်တယ်။ တစ်ခုတော့ ရှိတာပေါ့လေ။ သင်တန်းက ပန်းဆိုးတန်းမှာ မဟုတ်တော့ဘဲ လှည်းတန်းဘက် ရောက်သွားတာလေးပါပဲ။

မှတ်မိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းစတက်တဲ့နေ့က သင်တန်းကိုလိုက်ပို့ရင်း ကိုကိုပြောတဲ့ စကားတစ်ခွန်း။

"ငယ်လေးနောက်တစ်ယောက်ကို သင်တန်းမှာ ထပ်မရှာနဲ့တော့နော်"တဲ့။

အဲဒီစကားပြောတော့ ကိုကို့မျက်နှာဟာ တစ်စုံတစ်ခုကြောင့်နာကျင်နေသလားပဲ။

တောင်းပန်ပါတယ်…ကိုကိုရယ်။

ရင်ဘတ်ထဲက ဆောင့်တက်လာတဲ့ ဝမ်းနည်းစိတ်ကို ကျွန်မဖွတ်မြိုချပြီး သင်တန်းတိုက်ခန်းရှိရာဆီ လှေကားထစ်တွေ နင်းကျော်တက်ခဲ့တယ်။

'စိတ်ချပါ ကိုကို… ကျွန်မကို ယုံကြည်ပေးပါ'လို့လည်း တိုးတိုးဖွဖွ ကျွန်မ ရေရွတ်မိလိုက်တယ်။

ဒါပေမယ့် နောက်ပိုင်းအချိန်တွေမှာတော့ ကျွန်မရဲ့ ဝမ်းနည်းနာကျင်စရာ အတိတ်အကြောင်းကို ကိုကို စကားထပ်မဟတော့ပါဘူး။

အဲဒီအစား ချိုမြိန်ပျော်ရွှင်တဲ့ မနက်ဖြန်တွေ ပိုင်ဆိုင်ရဖို့သာ ကျွန်မအတွက် ကိုကိုကြိုးစားပေးလာတယ်။

ဟိုအရင် ကိုကို့အပေါ် နိုင်လွန်းခဲ့သူ ကျွန်မဟာ ခုတစ်ကြိမ်မှာတော့ ကိုကို့ရဲ့ အလိုက်တသိ အလျှော့ပေးမှုတွေထဲမှာ တစ်စစ နေသားကျလာတဲ့ တစ်ပတ်နွမ်းပန်းကလေး တစ်ပွင့်ပေါ့နော်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၂၂)

ကိုကိုနဲ့ကျွန်မရဲ့ တစ်ကျော့ပြန်အချစ်ဇာတ်လမ်းထဲက လုံးဝမမေ့ပျောက်နိုင်ခဲ့တဲ့ ပန်းခြံရက်လေးတစ်ခုအကြောင်း အခွင့်သာခိုက် ပြန်ပြောပြပါရစေ။

တခြားသူတွေအတွက် သိပ်ထူးခြားမှာ မဟုတ်ပေမယ့် ကျွန်မအတွက်က အခမ်းနားဆုံး ဖြစ်ခဲ့တယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မမေ့ဖျောက်နိုင်အောင် ခမ်းနားစေတဲ့ အမှတ်တရဖြစ်မှုတွေကို ကျွန်မဟာ အဲဒီနေ့မှာ ပိုင်ဆိုင်ခွင့်ရခဲ့တယ်။

အဲဒီနေ့က ပြန်လည်ဝတ်ဆင်ရမယ်လို့ ထင်မှတ်မထားခဲ့တဲ့ ကိုကိုနဲ့ဆင်တူ အနီရောင်အင်္ကျီလေးကို နှစ်ယောက်ဆင်တူ ပြန်ဝတ်ကြတယ်။

အဲဒီနေ့က ကိုကိုနဲ့ကျွန်မရဲ့ တစ်ကျော့ပြန်အချစ် ဇာတ်လမ်းအတွက် ပထမဆုံးအကြိမ်အဖြစ် ကိုကို့လက်ကိုတွဲပြီး ပန်းခြံထဲရောက်ဖြစ်တယ်။

အဲဒီနေ့က မမျှော်လင့်မိတဲ့ အရာတွေထဲကနေ ပျော်ဖို့ကောင်းတဲ့ အလိုက်သိတတ်မှုတစ်ခု ကိုကို့ဆီကရတယ်။

ပြီးတော့...

အဲဒီနေ့က နေသာပြီး မိုးမရွာတဲ့နေ့လည်းဖြစ်တယ်။

+++

"မနက်ဖြန်အားရင် ပန်းခြံထဲသွားရအောင်လေ၊ ကိုယ်နဲ့ ချိန်းသွယ် ပြန်စကတည်းက မရောက်ဖြစ်သေးဘူး မဟုတ်လား"

"နေဦး မနက်ဖြန် ဘာနေ့လဲ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



""မနက်ဖြန် ဗုဒ္ဓဟူးလေ၊ နောက်ပြီး ဖြူသွယ့်သင်တန်းမှ မရှိတာ""

""အို…ဟုတ်သားပဲ""

""သင်တန်းရှိတာ မရှိတာတောင် မသိတော့ဘူးလား ခွေးမလေးရဲ့""

""ဘာခွေးမလေးလဲ ကိုကိုနော်""

+++

ပန်းခြံထဲ အဝင်မှာ အမှတ်တရဆိုပြီး ကိုကိုက ပန်းခြံဝင်ခွင့် စက္ကူပိုင်းလေးနှစ်ခုကို ပိုက်ဆံအိတ်ထဲထည့်ပါတယ်။ ပိုက်ဆံအိတ်ကို ကျတော့ ကချင်လွယ်အိတ်ကြီးထဲ ထည့်ပါတယ်။

""ကိုကို ဒီကချင်လွယ်အိတ်ကြီးကို တော်တော်ကြိုက်တာပဲ နော်""

ပိုက်ဆံအိတ်ထည့်ပြီးတော့ ကချင်လွယ်အိတ်ကြီးကို ခါး နောက်ဖက်လွှဲဖယ်ပို့ရင်း ကိုကိုပြုံးတယ်။

ပြီးမှ…။

""ကိုယ်က အစွဲအလန်းကြီးတယ် ဖြူသွယ်ရဲ့""

စကားအဆုံးမှာ ကျွန်မ လက်ကို ခပ်တင်းတင်းလာဆွဲတယ်။ တော်တော်ဝေးဝေး လျှောက်မိကြတဲ့ထိ ဘာစကားမှ ကျွန်မတို့ ထပ် မပြောဖြစ်ကြဘူး။

စိတ်ကူးကိုယ်စီနဲ့ ဆက်လျှောက်ရင်း ပန်းခြံထဲက လေ ကျွန်မ တဝကြီးရှူပစ်တယ်။ အား…ကျွန်မရင်ထဲ အရမ်းပဲ ပေါ့ပါး ကြည်စင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံဆိုတာ ခန့်မှန်းရလောက်အောင် ခြောက်ခြားစရာကောင်းတဲ့ လူ့ဘဝအချိန်တွေကို ခဏတာ စိတ်လက်အပန်းဖြေစေနိုင်တဲ့ အလှပဆုံးနေရာလို့တောင် ဒဿနဆန်ဆန် ကျွန်မတွေးမိလိုက်ရဲ့။

"ဖြူသွယ်လည်း အခုတလော အင်္ဂလိပ်စာ လေ့ကျင့်ခန်းတွေနဲ့ နပန်းလုံးနေရတာ ပင်ပန်းရောပေါ့"

စကားအဆုံးမှာ ကိုကိုက တစ်နေရာကို လက်ညှိုးထိုးပြတယ်။

"အဲဒီ့နေရာလေးမှာ ထိုင်ကြမယ်လေ"

ကိုကိုပြတဲ့နေရာကို လှမ်းကြည့်လိုက်တော့ ကျွန်မရင်ထဲ နင့်ခနဲတစ်ချက်ဖြစ်သွားတယ်။

ဟိုအရင် ပန်းခြံထဲလာတိုင်း ကိုကိုနဲ့ကျွန်မ ထိုင်နေကျ နေရာလေးလေ။ အရင်လိုရွှေးတွေးတဲ့ ခံစားချက်ကို ပေးစွမ်းနေနိုင်တုန်းပါပဲ။

ထုံးစံအတိုင်းပဲပေါ့။

ကိုကိုက ကချင်လွယ်အိတ်ကြီးထဲကနေ ဂျာနယ်စာရွက်တစ်ရွက်ကို ဖြန်းခနဲထုတ်ပြီး ထိုင်မယ့်နေရာမှာ ဖြန့်ခင်းပါတယ်။

ထုံးစံမဟုတ်တာက ကိုကို့ရဲ့ အဲဒီ့ပုံစံလေးကိုကြည့်ရင်း ကျွန်မငိုချင်စိတ်ပေါ်လာတာပါပဲ။ ကျွန်မအပေါ် ကိုကိုဟာ အချစ်မလျော့ဘူးလို့လည်း နင့်နင့်သက်သက် တွေးမိလိုက်ပါသေးတယ်။

"ထိုင်လေ ဖြူသွယ်"

ကိုကို့ရဲ့ ဘယ်ဘက်ဘေးမှာ ကျွန်မ ဝင်ထိုင်လိုက်တယ်။ ရင်ထဲမှာတော့ သိပ်မကောင်းတဲ့ခံစားမှုကြီးက ပျောက်မသွားဘဲ ပိုလို့တောင် ပြန့်ကားလာနေသလိုပဲ။

အဝေးကို မှိုင်းရီငေးမောရင်း ကျွန်မ ငြိမ်သက်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုဘောလုံးပွဲအကြောင်းကို ပြောလိုက်လျှင် ဆရာကုသ ရေးသော ဝဇီကိုင်ဝတ္ထုများကို ပြေး၍သတိရကြပေလိမ့်မည်"

ရုတ်တရက်ထွက်လာတဲ့ ကိုကို့အသံကြောင့် ဘာကိုမှ နားမလည်နိုင်လို့ ကိုကို့ဘက် ကျွန်မလှည့်ကြည့်ဖြစ်တယ်။

"မင်းလူဝတ္ထု ဖတ်ပြနေတာလေ...ဖြူသွယ်က မင်းလူကြိုက်တယ်မဟုတ်လား၊ ကဲ...နားထောင် ကိုယ်ဆက်ဖတ်ပြမယ်"

ကိုကို့လက်ထဲမှာ ဘယ်အချိန်က ရောက်နေမှန်းမသိတဲ့ မင်းလူရဲ့ ရယ်မောခြင်းလက်ရွေးစင်ဆိုတဲ့ ဝတ္ထုစာအုပ်လေးကိုင်လို့ပါ။

ကျွန်မ ဘာပြန်ပြောရမှန်း မသိတော့ဘူး။

"ဝဇီကိုင်ဆိုသည်မှာ ဝိစီခေါ် ခရာကိုကိုင်သူဟု ဆိုလိုပါသည်တဲ့ ဖြူသွယ်ရဲ့"

ကိုကိုက ဝတ္ထုကို ဆက်ဖတ်ပြတယ်။

ဒါပေမယ့် ကိုကိုရဲ့စာဖတ်သံက ကျွန်မနားထဲမှာ ဖြည်းဖြည်းချင်းဝေဝါးလာတယ်။ ကျွန်မ ငေးကြည့်မိနေတဲ့ ကိုကို့စာဖတ်နေပုံကလည်း မြင်ကွင်းဝေဝါးသွားတယ်။

နောက်ဆုံးမှာတော့ စိတ်ထိခိုက်မှုများစွာနဲ့ ကိုကို့ပခုံးကိုမှီရင်း ကျွန်မ ရှိုက်ကြီးတငင် ငိုချလိုက်မိပါတော့တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



(၂၃)

အချစ်ဆိုတာကလည်း အခက်သားပဲနော်။ မေ့ပစ်လိုက်ဖို့ ကြိုးစားတဲ့အခါ ပိုသတိရနေတတ်သလို ခွဲခွာချိန်နီးကပ်လာလေလေ မခွဲချင်မခွာချင် ပိုဖြစ်လာလေလေပဲ မဟုတ်လား။ ကျွန်မ နိုင်ငံခြားသွားရမယ့်ရက်တွေ သေချာလာတော့ ကိုကိုနဲ့ ကျွန်မရဲ့အချစ်တွေကလည်း မယုံနိုင်စရာ သေချာလာခဲ့တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဘဝကနေ ချစ်သူဘဝအထိ အဆင့်ဆင့်ပြောင်းလဲ ရင်းနှီးလာခဲ့တဲ့ ကိုကိုနဲ့ကျွန်မရဲ့ တစ်ချိန်တုန်းက နေ့ရက်ကို ပြန်သတိရ မိပါရဲ့။

အဲဒီသတိရမှုတွေထဲ ပေါ့ပျက်ပျက်နိုင်တဲ့ တွေးခေါ်ခြင်းတွေနဲ့ မှားယွင်းစွာ လက်တွဲဖြစ်ခဲ့တဲ့ ငယ်လေးအကြောင်း ရောက်လာတော့ ကျွန်မကိုယ်ကျွန်မ ပါးပိတ်ရိုက်ပစ်ချင်တဲ့ စိတ်တွေ ပေါက်လာပြန်ရော။

ဘာပဲဖြစ်ဖြစ် ဒါတွေအားလုံးဟာ အတိတ်မှာကျန်ခဲ့ပြီဆိုတဲ့ အတွေးဝင်လာတော့ ကျွန်မအာရုံတွေ ပြန်လည်ကြည်လင်သွားတယ်။ ချက်ချင်းပဲ လတ်တလော ကျွန်မချစ်ရသူဟာ ကိုကိုပဲဆိုတာ စဉ်းစားမိ ပြီး ကြည်လင်တဲ့အာရုံမှာ ပျော်ရွှင်မှုထပ်ပေါင်းသွားရပြန်ပါတယ်။

+++

"ကိုကို ကျွန်မ အခုလကုန်ရင် နိုင်ငံခြားသွားရတော့မယ်။ မနေ့က ကျွန်မရဲ့အဖေနဲ့ ဖုန်းပြောတော့ သူ့ဘက်က အားလုံးစီစဉ်ပြီး သွားပြီတဲ့၊ ကျွန်မဘက်က စီစဉ်မှုတွေကလည်း ပြီးပြတ်သလောက် ရှိနေပြီဆိုတော့ ဒီလကုန် ဟိုကိုသွားဖြစ်ဖို့က သေချာသလောက် ရှိနေ ပြီကွာ"

+++



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း နိုင်ငံခြားသွားဖြစ်ဖို့ သေချာသွားတဲ့အချိန်မှာ ကိုကိုတစ်ယောက် တော်တော်စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းလိမ့်မယ်လို့ ကျွန်မထင်ထားခဲ့တယ်။

ဒါပေမယ့် လက်တွေ့မှာတော့ ကိုကိုဟာ ကျွန်မထက်တောင် ပိုတည်ငြိမ်နေတဲ့အတွက် ကျွန်မမှာ အားမလိုအားမရတောင် ဖြစ်မိပါသေးရဲ့။

"ဟင်…ကိုကိုက ဘာမှ မခံစားရဘူးလား"

"ဘာကိုခံစားရမှာလဲ သုံးနှစ်ပြီးရင် ဖြူသွယ် ကိုယ့်ဆီပြန်လာမှာ သေချာနေတာပဲ"

"ဟာ…ကိုကိုကလည်း အဲဒါကနောက်မှလေ၊ အခုခွဲကြရမှာက အကြာကြီးနော်၊ ဒီနေ့သွား မနက်ဖြန် ပြန်လာဆိုတာမျိုး မဟုတ်ဘူးလေ ကိုကိုရဲ့"

"ခံစားတာလည်း ခံစားရတာပေါ့ ဖြူသွယ်ရယ်…ဒါပေမယ့် မခွဲရသေးခင်မှာ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ဖို့ရှိသေးတယ် ဖြူသွယ်ရ"

နောက်တစ်ရက်မှာတော့ ကိုကိုနဲ့ကျွန်မ ပုံလှလှထွက်အောင် ရိုက်တတ်တဲ့ ဓာတ်ပုံဆိုင်တစ်ဆိုင်ကို ရောက်သွားပါတယ်။

စုံတွဲအလှပုံ ရိုက်ဖို့ပါ။

ကိုကိုနဲ့ကျွန်မရဲ့ ပိုက်ဆံအိတ်ထဲ ထည့်သိမ်းထားဖို့ရယ်၊ ဘောင်ထဲထည့်ပြီး စားကြည့်စားပွဲပေါ် တင်ထားဖို့ရယ်၊ အယ်လ်ဘမ်ထဲထည့်ဖို့ရယ်…ဆိုပြီး ဆိုဒ်အမျိုးမျိုးရှိတဲ့ ဓာတ်ပုံတွေပါ။

အိုက်တင်တွေကလည်း အမျိုးမျိုးပဲပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မှတ်မိသလောက်ကတော့ ခါတ်ပုံရိုက်တုန်းက ဂျင်းဘောင်းဘီနဲ့ တီရှပ်ဝတ်ထားတဲ့ ကိုကို့စတိုင်က သိပ်မိုက်တာပဲနော်။

နောင်နှစ်ပေါင်းအတန်ကြာအောင် ကျွန်မစိတ်ကို စွဲမြဲနေဦးမယ့် ကိုကို့ပုံရိပ်တွေပဲပေါ့။

+++

နိုင်ငံခြားမသွားခင်ရက်တွေမှာ ကိုကိုနဲ့ကျွန်မရဲ့ အိမ်ပြန်ချိန်တွေနောက်ကျလာတယ်။ ဘာမဟုတ်တာလေးတစ်ခုနဲ့လည်း မကြာခဏ စကားများတတ်ပြီး အဲဒီစကားများမှုတွေဟာလည်း မိနစ်ပိုင်းအတွင်း ပြန်လည်သင့်မြတ်သွားတာချည်းပါပဲ။

အဲဒီနေ့ရက်တွေဟာ တစ်ကြိမ်မှမရောက်ဖူးတဲ့ ရေခြားမြေခြားနိုင်ငံတစ်ခုမှာ နှစ်ချီနေထိုင်ဖို့အရေး တွေးပူနေရတာက တမျောင့်။ မခွဲခွာခင် ဘယ်လိုအကြောင်းနဲ့မှ ကိုကိုနဲ့ပြဿနာ သေးသေးလေးကအစ မတက်အောင် သတိထားရတာက တမျောင့်။ သွားခါနီး လိုအပ်သမျှ စာရွက်စာတမ်းကိစ္စတွေအတွက် ဟိုနေရာပြေးရ ဒီနေရာပြေးရနဲ့ ဗျာများရတာတမျောင့်နဲ့ ကျွန်မမှာ ချာချာလည်မဆုံး ဖြစ်ရပါတယ်။

ဒါတောင် ကျွန်မရဲ့တချို့ကိစ္စတွေ ကိုကို ဝင်လုပ်ပေးလို့ တော်ကာကျတယ်ပြောရမှာပါပဲ။

"ဖြူသွယ်ရဲ့ဘွဲ့လက်မှတ်တွေနဲ့ တခြားစာရွက်စာတမ်းတွေ နိုတြီပြန်ရအောင် ကိုယ့်ကိုပေးမယ်ဆို ဘယ်မှာလဲ ပေးလေ"

"ပေးမယ် ကိုကိုရေ…ဒါပေမယ့် မနက်ဖြန်မှပေးတော့၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဒီနေ့သံရုံးသွားရမှာမို့ အဲဒီစာရွက်တွေ တမင်ထားခဲ့တာ၊ နိုတြီ ပြန်ရမယ့် ဆိုင်ရော ကိုကိုရွေးပြီးပြီလား”

““ပြီးပြီ ဖြူသွယ်၊ ဒီနေ့သံရုံးက ဘယ်အချိန်သွားရမှာလဲ၊ ကိုယ်လိုက်မယ်နော်”

❑



www.burmeseclassic.com

www.burmeseclassic.com



(၂၄)

ဒီလိုနဲ့ပဲ…
ကိုကို့ရဲ့ ကြေကွဲမျက်ရည်တွေကို ဥပေက္ခာပြုပြီး
ကျွန်မ နိုင်ငံခြားကို ထွက်ခွာသွားခဲ့ရပေါ့။



www.burmeseclassic.com

www.burmeseclassic.com



(၂၅)

ကျွန်မဟာ ပင်လယ်ထဲ လမ်းလျှောက်ဆင်းသွားမိသူ တစ်ယောက်လားဟင်။ ကမ်းခြေမှာ ရပ်စောင့်နေတဲ့ ကိုကို့ဆီပြန်လှည့်ဖို့ လွယ်ကူမြန်ဆန်မယ် ထင်ထားပေမယ့် တကယ်တမ်းမှာ လေးလံတဲ့ ခြေလှမ်းတွေနဲ့သာ ခြေကုန်လက်ပမ်းကျခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားဆိုတာကလည်း ပင်လယ်ပြင်ကျယ်ကြီးပဲလား မသိဘူးနော်။

အချိန်တန်ရင် လွယ်လင့်တကူ ပြန်လာနိုင်မယ် ထင်ထားတဲ့ ခြေလှမ်းတွေဟာ မြို့ပြရှန်းကန်မှုကြားမှာ တစ်စစနဲ့ လေးလံမှန်းမသိ လေးလံလာခဲ့တယ်…ကိုကို။

ရောက်ခါစနေ့ရက်တွေမှာ တစ်ပတ်လောက် ဘာမှမလုပ်ဘဲ အဲဒီမြို့က အထင်ကရနေရာတွေဆီ အဖေနဲ့အန်တီမျိုး တစ်လှည့်ဆီ လိုက်ပို့ပါတယ်။ တစ်ခါတစ်လေတော့လည်း အဖေရော အန်တီမျိုးရော နှစ်ယောက်စလုံး ပါတဲ့အခါလည်း ပါတာပေါ့လေ။

သြော်…အန်တီမျိုးဆိုတာ အဖေ့ရဲ့နောက်အိမ်ထောင်ပေါ့…, ကိုကိုရယ်။

ကျွန်မလို ငယ်ငယ်ကတည်းက မိစုံဖစုံမနေခဲ့ရသူ တစ်ယောက်အဖို့ အဖေနဲ့နီးနီးကပ်ကပ် ပြန်နေခွင့်ရတာဟာ ကံကောင်းခြင်းတစ်ခု ပါပဲ။

ဒါပေမယ့် နိုင်ငံခြားဆိုတော့ ကိုယ့်မိခင်တိုင်းပြည်လိုတော့ ဘယ်ဟုတ်ပါ့မလဲ။ စက်ရုပ်တစ်ရုပ်အတိုင်း ပရိုဂရမ်တွေနဲ့ လှုပ်ရှား ရှင်သန်နေကြရတာမျိုး မဟုတ်လား။

အဲဒါတွေအပြင် ငယ်ငယ်ကတည်းက အဖေနဲ့ကျွန်မဟာ ခွဲ



www.burmeseclassic.com

www.burmeseclassic.com



ခွာနေခဲ့ရတော့ နွေးထွေးပေမယ့် သီးသန့်ဆန်တဲ့ ဆက်ဆံရေးပုံစံ ဖြစ်နေတယ်ဆိုပါတော့။

အဖေ လက်ထပ်လိုက်တဲ့ အန်တီမျိုးကတော့ ကျွန်မအပေါ် ကောင်းရှာပါတယ်။ ရေစိမ်းမြေစိမ်း နယ်ပယ်စိမ်းမှာ ဘယ်လိုနေ ဘယ်လိုထိုင် ဘယ်လိုသွား ဘယ်လိုစားဆိုတာမျိုးကို အမိန့်မဆန်ဘဲ ကရုဏာလေသံနဲ့ လမ်းညွှန်တယ်။

+++

"ကိုကို ကျွန်မ ရေ့တစ်ပတ်လောက်ဆိုရင် အလုပ်စဝင်ရမယ်ထင်တယ်၊ လောလောဆယ် လိုအပ်တဲ့ စာရွက်စာတမ်းတွေ အဖေ လုပ်ပေးနေတယ်၊ ကိုကိုရော နေကောင်းရဲ့လားဟင်၊ ကျန်းမာရေး ဂရုစိုက်နော်၊ အဖေနဲ့အန်တီမျိုးကို ကိုကို့အကြောင်း ပြောပြထားတယ်၊ ကျွန်မရဲ့ အခင်ဆုံးသူငယ်ချင်းဆိုပြီးတော့ပေါ့ကွာ၊ ကိုကို့ကို ကျွန်မ အရမ်းသတိရတာပဲ ကိုကိုရယ်"

+++

ကွန်ပျူတာတို့၊ အင်တာနက်တို့ ဆိုတာတွေနဲ့ အင်မတန် စိမ်းတဲ့ ကိုကိုဟာ ကျွန်မ နိုင်ငံခြားထွက်သွားပြီးနောက်မှာ အချိန်ပြည့်နီးပါး အင်တာနက်ကဖေးဆိုင်ထဲ ရောက်ဖြစ်သွားတယ်။

ကျွန်မ အလုပ်စဝင်တဲ့အခါ မရှိမဖြစ်တဲ့ ဆက်သွယ်ရေး အသုံးအဆောင်အဖြစ် ကဒ်ဖုန်းတစ်လုံးကို အဖေက ဝယ်ပေးပါတယ်။

အဲဒီဖုန်းလေးကြောင့်ပဲ ကိုကိုနဲ့ဆက်သွယ်ရာမှာ ကျွန်မ ပိုလွယ်ကူခဲ့ရတယ်။

"ဟယ်လို ဖြူသွယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူသွယ် ကိုယ်ပါ"

"ဟင်…ကိုကို၊ နေဦး ကိုကိုရဲ့၊ ဖြူသွယ် အခုအလုပ်များနေတယ်၊ နောက် မိနစ်နှစ်ဆယ်လောက်မှ ပြန်ဆက်ပေးနော်"

"Ok. Ok နောက်မှ ကိုယ်ပြန်ဆက်မယ်နော်"

ကျွန်မရဲ့ လက်ကိုင်ဖုန်းထဲကို အင်တာနက်ကနေတစ်ဆင့် ကိုကိုလှမ်းခေါ်တာပါ။ များသောအားဖြင့်တော့ ကိုကို့ဖုန်းကို ကျွန်မ မကိုင်နိုင်တာများပါတယ်။

ဒါကလည်း ကျွန်မရဲ့အလုပ်ချိန်က တစ်နေ့ကုန်ဖြစ်နေတဲ့အတွက်ကြောင့်ပေါ့။ အလုပ်ထဲမှာ ဖုန်းကိုင်ခွင့်ပေးထားပေမယ့် ကိုကိုက လိုတိုရှင်းပြောရုံနဲ့ အားမရတတ်ဘူး မဟုတ်လား။

နောက်ဆုံးတော့ အလုပ်ချိန်ပြီးလို့ ကျွန်မရဲ့ အိမ်အပြန်ခရီးလမ်းဟာ ကိုကို့အတွက် ဖုန်းပြောချိန်သီးသန့်ဖြစ်လာခဲ့လေရဲ့။

+++

"ဟယ်လို…ဖြူသွယ်၊ ကိုယ်ပါ…ဘယ်လိုလဲ"

"အခု အလုပ်ပြီးလို့ အိမ်ပြန်နေပြီ ကိုကိုရဲ့"

"ဟုတ်လား၊ ကားနဲ့လား…MRT နဲ့လား"

"ကားနဲ့ပြန်မယ် ကိုကို…ခုမှ ကျွန်မ မှတ်တိုင်ရောက်တယ်"

"မှတ်တိုင်မှာ လူဘယ်နှစ်ယောက်ရှိလဲ ဖြူသွယ်"

"အင်း…နေဦး တစ်၊ နှစ်၊ သုံး…ခြောက်ယောက်ရှိတယ် ကိုကို"

"ဟုတ်လား"

"ခဏနော်…ကိုကို၊ ဟိုမှာ ကားလာနေပြီ ကျွန်မစီးလိုက်ရမယ့်ကားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကားမျိုးလဲ၊ ကိုယ်တို့ဆီကလိုပဲလား"

"ဘယ်ဟုတ်မလဲ ကိုကိုရ…နှစ်ထပ်ကားကြီးကွ မိုက်တယ်"

+++

အစောပိုင်းကာလမှာ ကျွန်မရဲ့အားလပ်ချိန်တွေဟာ ကွန်ပျူတာရှေ့ထိုင်ရင်း ကိုကိုနဲ့အွန်လိုင်းပေါ် စကားလက်ဆုံကျပြီး ကုန်ဆုံးခဲ့ပေမယ့် နောက်ပိုင်းတော့ ကိုကို့အတွက် ကျွန်မ အချိန်မပေးဖြစ်တော့ဘူး။

တစ်နေ့တခြား စက်ရုပ်ဆန်လာတဲ့ ပရိုဂရမ်လူနေမှုစနစ်ကြီးက ကျွန်မကို ဖြည်းဖြည်းချင်း ဆွဲနှစ်စပြုနေခဲ့မှန်း မရိပ်စားမိသေးခင် အခြေအနေပေါ့…ကိုကိုရယ်။

ကိုကို အချိန်မှန်ပေးပို့ထားတဲ့ အီးမေးလ်တွေကို ဖွင့်မကြည့်ဖြစ်တာ များလာသလို ကိုကိုခေါ်ဆိုတဲ့ ဖုန်းတွေကိုလည်း ကျွန်မ သိပ်မကိုင်ဖြစ်ဘဲ ငြင်းဆန်လိုက်တဲ့ အကြိမ်တွေများလာခဲ့ရတယ်။

ဒီကြားထဲ အဖေ့ရဲ့စီစဉ်မှုနဲ့ အချိန်ပိုင်းသက်မွေးသင်တန်းကျောင်းတစ်ခုတက်ဖို့ ဖြစ်လာပြန်တော့ ပရိုဂရမ်တစ်ခု ထပ်ဆင့်လိုက်သလို ဖြစ်ရပြန်တာပေါ့။

ကြိုတင်တွက်ဆမထားမိတဲ့ မြို့ပြလှိုင်းဂယက်တွေကြားထဲ ဝင်ပန်းတကြီး ကူးခတ်နေခဲ့ရတဲ့ ကျွန်ဘဝအချိန်တွေလေ။ ဘယ်လောက်တောင် စိတ်ပျက်ဖို့ကောင်းလိုက်မလဲဆိုတာ ကိုကိုပဲစဉ်းစားကြည့်ပါတော့။

❑



www.burmeseclassic.com

www.burmeseclassic.com



(၂၆)

ကိုကို့ရင်ခွင်ထဲ ဒုတိယအကြိမ် ပြန်နိုဝင်ခဲ့တဲ့ ကောင်ဆိုးမလေးတစ်ယောက်ရဲ့ ဘယ်နှစ်ကြိမ်မြောက်မှန်း မသိတဲ့ နမော်နမဲ့နိုင်မှုတစ်ခုဟာ ကိုကိုနဲ့ကျွန်မရဲ့ တစ်ကျော့ပြန် အချစ်ဇာတ်လမ်းမှာ ရင်နာစရာ ဇာတ်ဝင်ခန်း တစ်ခန်း ဖြစ်ခဲ့လေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နဲ့ကျောင်းနဲ့ အိမ်နဲ့ကြားမှာ တြိဂံပုံစံချိတ်ဆက်ထားတဲ့ ကျွန်မရဲ့ဘဝဖြစ်တည်မှုတွေ အခြေခိုင်ဖို့ အတော်ကလေး ကြိုးစားရန်း ကန်ရပါတယ်။

ကျွန်မတက်တဲ့ကျောင်းက စီးပွားရေးနဲ့ ပတ်သက်တယ်။ ကံကောင်းတာ တစ်ခုက ကျောင်းမှာ ကျွန်မလို မြန်မာတွေအတက်များ တာပါပဲ။

ကျောင်းမှာ သူငယ်ချင်းတွေ ရလာတော့ ကျွန်မနေရထိုင်ရ တာ နည်းနည်းအဆင်ပြေလာတယ်။

အဲဒီအတွက်ကြောင့်တော့ ကျောင်းသင်ခန်းစာတွေဟာ ပိုလွယ် မလာပါဘူး။ ဆိုလိုတာက ကျောင်းသင်ခန်းစာတွေကတော့ ကျွန်မကို စိတ်ဖိစီးမှု ပေးနေတုန်းပဲပေါ့။

တစ်ရက်မှာ ကျွန်မကျောင်းတက်နေတုန်း ကိုကို့ဆီက ဖုန်းဝင် လာပါတယ်။

"ဟယ်လို...ဖြူသွယ် ကိုယ်ပါ"

"သြော်... ကိုကို၊ ဒီနေ့ အစောကြီးပဲနော်"

"အင်း...ဟုတ်တယ်၊ ဒီနေ့ ကိုယ်တမင် အစောကြီးထွက် ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ…ကိုကို၊ ကျွန်မ အခုကျောင်းချိန်လေ…ကိုကိုရဲ့၊ အဲဒါ ခဏနေ စာသင်ခန်းထဲ ဝင်ရတော့မယ်"

"ဟုတ်လား…အင်းလေ၊ ဒါနဲ့ ဖြူသွယ် ကိုယ့်ကို ဒီနေ့ တစ်ခုခုပြောဖို့ မရှိဘူးလား"

ကိုကို့စကားကြောင့် ကျွန်မ စဉ်းစားရပါတယ်။

ဒီနေ့ ကြာသပတေးလည်း မဟုတ်ပါဘူး။ ကိုကိုက ကျွန်မ မွေးနေ့ ကြာသပတေးနေ့တိုင်း ရွှေတိဂုံဘုရားတက်ပေးတယ်လေ။

"ကျွန်မက ဘာပြောရမှာလဲ ကိုကိုရဲ့"

"စဉ်းစားစမ်းပါဦးကွာ"

ကျွန်မ စဉ်းစားပါတယ်။

ခေါင်းတော်တော်ပူတဲ့အထိ စဉ်းစားတာတောင် အဖြေမရဘူး ဖြစ်နေတယ်။ အတန်းကလည်း တက်ခါနီးနေပြီ။

"မသိဘူး ကိုကို"

"တကယ်မသိဘူးလား"

"ကျွန်မ တကယ်မသိတာ ကိုကိုရဲ့"

"ဖြူသွယ်ရာ…မင်းကွာ"

"ဘာဖြစ်လို့လဲ ကိုကိုရဲ့၊ ပြောပြလေ၊ ဟိုမှာ ကျွန်မ အတန်းထဲ ဝင်ရတော့မယ်"

"ဖြူသွယ်"

"ပြောပါဆို"

"ဒီနေ့ ကိုယ့်မွေးနေ့"

+++



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ဆိုတာ တစ်ခါတလေကျရင် ရယ်စရာတော်တော်ကောင်းတယ်နော်။ ကိုယ့်ချစ်သူမွေးနေ့ကို အကောင်းဆုံးကျင်းပပေးချင်သလို ကိုယ့်မွေးနေ့ကိုလည်း ချစ်သူက တန်ဖိုးထား ဂရုစိုက်စေချင်တာ သဘာဝပဲမဟုတ်လား။

တကယ်တော့ အဲဒီသဘာဝဆိုတာ မုန့်ဟင်းခါးဟင်းရည် အစစ်တောင်းသောက်သလိုမျိုးပါပဲ။ ဟင်းရည်အစစ် တောင်းသောက်တာဟာ မထူးခြားပေမယ့် တောင်းမသောက်ရင်တော့ သဘာဝနဲ့ဆန့်ကျင်သလို ဖြစ်ရတယ်။

ဒီလိုပဲ အိမ်ထောင်ကျပြီးသား လင်မယားနှစ်ယောက်ကြားက မွေးနေ့ပွဲတစ်ခုဟာ သိပ်မထူးခြားပေမယ့် သမီးရည်းစားနှစ်ယောက်ကြားက မွေးနေ့ဆိုတာကတော့ ထူးခြားခမ်းနားတာ သဘာဝတစ်ခုဖြစ်နေတယ်။

ခက်တာက အဲဒီလို သဘာဝတွေပေါင်းစုံအောင် တည်ရှိနေတဲ့ ကမ္ဘာပေါ်မှာ ကျွန်မဟာ နမော်နမဲ့နိုင်လွန်းတဲ့ သဘာဝကိုပိုင်ဆိုင်သူတစ်ယောက် ဖြစ်နေခြင်းပါပဲ။

အနုပညာသမားပီပီ ထိခိုက်ခံစားလွယ်တတ်တဲ့ ကိုကို့အတွက် ကျွန်မရဲ့အခုတစ်ကြိမ် နမော်နမဲ့နိုင်မှုက မျှော်လင့်ထားတာထက် ပိုဆိုးရွားသွားခဲ့ရပြန်ပါတယ်။

+++

"ဖြူသွယ် မင်းငါ့မွေးနေ့ကို မေ့ရက်တယ်နော်…ဒီတလော မင်းဘာဖြစ်နေလဲကွာ၊ မင်းအချိုးတွေ ပြောင်းလာပြီ ဖြူသွယ်၊ အလုပ်ဆိုလည်း အလုပ်ထဲမှာမို့၊ ကျောင်းဆိုလည်း ကျောင်းတက်လို့၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့လည်း ပင်ပန်းပြီးနားချင်လို့ အဲဒီအကြောင်းပြချက်တွေနဲ့ မင်းငါ့ကို ဖုန်းကောင်းကောင်းမပြောဘူး၊ အေး…ဒီနေ့ မင်းငါ့မွေးနေ့ မေ့တဲ့အတွက် ငါ့ကိုယ်ငါ ဒဏ်ခတ်တဲ့အနေနဲ့ ငါ့လက်မောင်းငါ နာအောင် တစ်ခုခုနဲ့လုပ်ပြမယ်၊ မွေးနေ့ဆိုတာ ဘာမှတန်ဖိုးမရှိပါဘူး၊ တန်ဖိုးမထားတတ်ရင်ပေါ့ကွာ၊ ငါအခုပို့တဲ့မေးလ်ကို ဒီည မင်းဖတ်မိဖို့တော့ မျှော်လင့်ပါရဲ့ကွာ”

❑



www.burmeseclassic.com

www.burmeseclassic.com



(၂၇)

ကျွန်မရဲ့ ပေါ့ပျက်ပျက် အလေ့အထတွေအပေါ် စိတ်ပျက်လက်ပျက် ဖြစ်သွားရှာတဲ့ ကိုကို့ကို နှစ်သိမ့်ရမယ့်အစား ထွေပြားတဲ့အာရုံတွေအောက်မှာ ကျွန်မတွေဝေ ထုံအခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ကိစ္စနောက်ပိုင်း ကိုကိုနဲ့ကျွန်မ သိသိသာသာ အဆက်အသွယ်ပြတ်သွားပြန်တယ်။ ပုံစံကြည့်ရတာ ကျွန်မအပေါ် ကိုကို အတော်လေး စိတ်ပျက်သွားပုံပဲ။

ကျွန်မကလည်း ထုံးစံအတိုင်း တစ်ယောက်တည်းကိုပဲ ကြိုးရှုပ်နေတာလေ။ ပုံမှန် ကိုကို့ဆီက ဖုန်းဆက်လာနေကျ ကြာသပတေးညပိုင်းတွေမှာတောင် ဘုရားသွားပြီးကြောင်း မေးလ်တိုတိုလေး ပို့ထားတာကလွဲရင် တခြားအဆက်အသွယ် မရလာဘူး။

ပြဿနာဖြစ်ပြီးနောက်ပိုင်း ကျွန်မတောင်းပန်တဲ့ မေးလ်ကိုတော့ ကိုကိုဖွင့်ကြည့်မိမှာပါဆိုတဲ့ အတွေးနဲ့ ကိုကို့အိမ်ကို ဖုန်းလည်းမဆက်ဖြစ်ဘူးပေါ့။

ဒါပေမယ့် ရက်နည်းနည်းကြာလာတော့ ကျွန်မ စိုးရိမ်စိတ်ဝင်လာတယ်။ တစ်ယောက်တစ်နိုင်ငံစီမှာနေပြီး ရန်ဖြစ်စိတ်ကောက်ရတာ မလွယ်လှပါဘူး။ ကျွန်မတို့လို အောင်သွယ်တော်မရှိ မြားနတ်မောင်မကူဘဲ ချစ်ခဲ့တဲ့စုံတွဲအတွက် ပိုဆိုးပါရဲ့။

အလုပ်ကနေ အိမ်ပြန်ရောက်လာတဲ့ တစ်ညနေမှာတော့ ကျွန်မ ကိုကို့ဆီဖုန်းဆက်ဖို့ စိတ်ကူးမိတယ်။ ဒါနဲ့ပဲ ဖုန်းလေးကိုင်ပြီး ဝရံတာဖက် ကျွန်မထွက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့ လက်တွေ့မှာ ကိုကို့ဆီဖုန်းဆက်ဖို့ ကျွန်မ မရဲဘူးဖြစ်နေတယ်။ အရင်အခါတွေတုန်းက မကြုံဘူးတဲ့ စိတ်လှုပ်ရှားမှုမျိုး ရနေတယ်။ ကျွန်မမှန်းသိရင် ကိုကိုမပျော်ဘဲ စိတ်များဆိုးသွားလေမလား။

"ဘာလုပ်နေတာလဲ သမီး"

ရုတ်တရက် အနားရောက်လာတဲ့ အန်တီမျိုးကြောင့် ကျွန်မ ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားမိတယ်။

"ဟိုလေ…ဟို သမီး ဖုန်းဆက်မလို့"

"ဟိုကောင်လေးဆီကိုလား"

"ရှင်"

အန်တီမျိုးဗိုက်ထဲမှာ ပုဏ္ဏားလေးများ ရှိနေလားမသိဘူး။ ဒါမှမဟုတ် ကျွန်မကပဲ လူတကာရိပ်မိအောင် နေမိနေသလားမသိဘူး။

"သမီးရယ်…လူဆိုတာက ကိုယ့်ဘဝနဲ့ကိုယ် မဟုတ်လား၊ ကိုယ့်ဝမ်းနာ ကိုယ်သာသိတဲ့ သမီးရဲ့…အန်တီတို့လို နိုင်ငံရပ်ခြားမှာ အလုပ်လုပ်နေကြရတဲ့ လူတွေအတွက် အခွင့်အရေးတော်တော်များများဟာ ဆုံးရှုံးပြီးသားပဲလေ၊ မိတ်ဆွေ၊ သူငယ်ချင်းနဲ့ မိဘဆွေမျိုး သံယောဇဉ်တွေ အပါအဝင်ပေါ့"

"ရှင်"

ကျွန်မကြောင်ငေးပြီး အန်တီမျိုးကို စိုက်ကြည့်ဖြစ်သွားတယ်။ အန်တီမျိုးက တစ်ခုခုကို သိနေသလိုပါပဲ။ ခဏနေမှ ကျွန်မ သတိပြန်ဝင်လာပြီး…

"အန်တီမျိုးပြောတာ သမီးသိပ်မရှင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဒီလိုပါ သမီးရယ်၊ လူ့ဘဝဆိုတာ ပျော်ရာမှာ မနေ၊ တော်ရာမှာနေရတာ မဟုတ်လား၊ သမီးရွေးချယ်ခဲ့တာဟာ သမီးရဲ့ ဘဝပဲလေ၊ အဲဒါကို သမီးနားလည်လာပါလိမ့်မယ်…ကဲ…ကဲ… သမီးဖုန်းဆက်မယ်ဆို ဆက်လေ"

ပြောပြီး အန်တီမျိုး အိမ်ထဲ ပြန်လှည့်ဝင်သွားလို့ ကျွန်မ တစ်ယောက်တည်း အတွေးတွေဝေရင်း ကျန်ခဲ့တယ်။ လက်ထဲကဖုန်း လေးကို ငုံ့ကြည့်ပြီး သက်ပြင်းတစ်ချက် ကျွန်မ ချလိုက်မိတယ်။

ဘဝက အဲဒီလောက်တောင် ခက်ခဲလွန်းသလားလို့ ကျွန်မ တိုးတိုးလေး ရေရွတ်ဖြစ်သွားတယ်။ ပြီးတာနဲ့ ကျွန်မနှုတ်ခမ်းထောင့် စွန်းမှာ အပြုံးလေးပြုံးမိတယ်။ မချိပြုံးပေါ့…ကိုကိုရယ်။

ဒီလိုနဲ့ အဲဒီနေ့က ကိုကို့ဆီ ကျွန်မ ဖုန်းမဆက်ဖြစ်လိုက်ဘူး။

❑



www.burmeseclassic.com

www.burmeseclassic.com



(၂၈)

အနေဝေးရင် သွေးအေးတယ်တဲ့။ ဒီစကားက ကိုကို့အတွက်မမှန်ဘူးထင်တယ်နော်။ ဘာဖြစ်လို့လဲဆိုတော့ အနေဝေးသွားပေမယ့် ကိုကို့ဆီက တဂွမ်ဂွမ် ဆက်နေတဲ့ ဖုန်းခေါ်ဆိုသံတွေကို မကြားချင်အဆုံး ဖြစ်ခဲ့ရတော့ ရုံဖန်ရုံခါတွေဆို စိတ်အနှောင့်အယှက်တောင် ကျွန်မ ဖြစ်မိတတ်ရသေးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ဖက်ကတွေးကြည့်ပြီး စိုးရိမ်ရတာတချို့လည်း ရှိပါသေးတယ်။ အဲဒါကတော့ ကျွန်မ နိုင်ငံခြားရောက်ပြီးနောက်ပိုင်း အချိန်တော်တော်များများမှာ အင်တာနက်ဆိုင်ထဲ ရောက်ရောက်နေတတ်တဲ့ ကိုကို့ကို အင်တာနက်ဆိုင်ကပဲဖြစ်ဖြစ် အွန်လိုင်းပေါ်ကပဲဖြစ်ဖြစ် ရှိတတ်တွေ့ရတတ်တဲ့ ကောင်မလေးတစ်ယောက်ယောက်နဲ့ ငြိစွန်းသွားမှာစိုးတာပါပဲ။

တကယ်တော့ ဒါဟာ ကျွန်မရဲ့ အစိုးရိမ်လွန်မှုတစ်ခုသက်သက်ပါ။ ကျွန်မ သိရသလောက် ကိုကို့မှာ အထူးတလည် ခင်မင်ရတဲ့ မိန်းကလေးသူငယ်ချင်း တစ်ယောက်တစ်လေတောင် ရှိမနေခဲ့ပါဘူး။ (ကျောင်းတက်တုန်းက မိန်းကလေးသူငယ်ချင်းတွေ ရှိခဲ့ပေမယ့် အခုတော့ အဆက်အသွယ်တွေဘာတွေ ပြတ်တောက်နေပါပြီ)

နောက်ဆုံး အရင်းစစ်ရင်တော့ တခြားတစ်ယောက်ကို ကိုကို ချစ်သွားဖို့ အလားအလာဟာ မရှိသလောက်ပါပဲလေ။ ဒါပေမယ့်လည်း ခက်နေတာက ကျွန်မအနေနဲ့ ကိုကို့အပေါ် အဲဒီလို ယုံကြည်နေသလောက် ကိုကိုက ကျွန်မအပေါ် မယုံမကြည် စိုးရိမ်လွန်နေတဲ့ကိစ္စပဲ။

+ + +



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အင်တာနက်ဆိုင် အကြာကြီးထိုင်မနေနဲ့နော်၊ ကျွန်မနဲ့ ဖုန်းပြောပြီးတာနဲ့ အိမ်တန်းပြန်"

"ဘာဖြစ်လို့လဲ ဖြူသွယ်ရ…ကိုယ်က ဖြူသွယ့်ဆီ ဖုန်းခေါ်ရအောင် လာတာလေ၊ ဘာမှားလို့လဲ"

"ဟင့်အင်း မမှားပါဘူး၊ ဒါပေမယ့် အဲဒီအင်တာနက်ဆိုင်မှာ ရှိတတ်တဲ့ ခပ်ကဲကဲကောင်မလေးတွေနဲ့ ကိုကို့ကို စိတ်မချလို့"

"ဟာကွာ…ကိုယ်က ကင်းပါတယ်၊ ဖြူသွယ်သာ ကျောင်းတက်ရင် မြန်မာကောင်လေးတွေနား သိပ်မကပ်ဖို့ သတိထားပါ"

+++

နိုင်ငံခြားကို ရောက်ပြီးကတည်းက ကိုကို့စကားသံတွေထဲမှာ သဝန်တိုတဲ့ စိုးရိမ်လွန်တဲ့ လေသံတွေ ရောစွက်နေတတ်ပါတယ်။

မကြာခဏ တဂွမ်ဂွမ်ဆက်လေ့ရှိတဲ့ ဖုန်းသံတွေကြောင့် ကျွန်မ စိတ်အနှောင့်အယှက်ဖြစ်ပြီး ကိုကိုနဲ့စကားများတဲ့အချိန်တွေဆိုရင် ကိုကို့ဆီက ထွက်လာတတ်တဲ့ မယုံသင်္ကာလေသံဟာ ကျွန်မနားအခါးဆုံးအရာတစ်ခု ဖြစ်လာတယ်။

"ဟယ်လို ဖြူသွယ်ပါ"

"ကိုယ်ပါ ဖြူသွယ်"

"…"

"ဟယ်လို ဖြူသွယ်…ကိုယ်ပါ၊ ကိုယ်ပြောနေတာ ကြားလား"

"…"

"ဟယ်လို…ဖြူသွယ်…ဖြူသွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ် ကိုကို…ကြားတယ်၊ အရမ်းအော်မနေနဲ့"

"ကြားရင် ထူးလေကွာ…ဘာလို့မထူးရတာလဲ၊ ဒီမှာ အရူး ကျနေတာပဲ"

"မထူးချင်လို့ ကိုကိုရေ…ဒီမှာ ကျွန်မအလုပ်လုပ်နေတယ် …ကိုကို…အလုပ်ချိန်မှန်းသိရဲ့နဲ့ ဘာလို့ဖုန်းဆက်ခေါ်နေတာလဲ"

"ခါတိုင်း အလုပ်ချိန်တွေလည်း ကိုယ်ခေါ်တာပဲလေ၊ ခုမှ ဖြူသွယ်က ဘာဖြစ်ရတာလဲ၊ ဘေးမှာ ဘယ်သူရှိနေလို့လဲ"

"ဘယ်သူရှိရမှာလဲ ကိုကိုရဲ့"

"မသိဘူးလေကွာ၊ အလုပ်ထဲက မြန်မာကောင်လေးတစ် ယောက်များ ဖြူသွယ့်ဘေးနား ရှိနေလို့ ဖုန်းမကိုင်ချင်တာလားလို့"

"လဲ…သေ…လိုက် ကိုကို"

အဲဒီလိုမျိုးပေါ့။

ကိုကိုက ဖုန်းတဂွမ်ဂွမ်ဆက်လေလေ ကျွန်မက စိတ်ညစ် လေလေ ဖြစ်ရတယ်။ အဓိကစိတ်ညစ်ရတာက အလုပ်ရှုပ်ချိန်မှာ ကိုကို့ဆီက ဝင်လာတဲ့ဖုန်းတွေကိုပေါ့။

အစပိုင်းမှာ ကိုကို့ဆီက ဖုန်းမှန်သမျှ ကျွန်မကြိုးစားပြီး ဖြေဆို ခဲ့ပေမယ့် ကိုကို့ရဲ့ သက်မရှင်းတဲ့ စကားတွေ ကြားရဖန်များလာ တော့ အလုပ်ချိန်ရောက်ရင် ဖုန်းပိတ်ထားတတ်တဲ့ အကျင့်တစ်ခုကို ကျွန်မရလာတယ်။

အမှန်အတိုင်းပြောရရင် ကျွန်မဟာ ကိုယ့်အဆင်ပြေမှုသက်သက် သက်အတွက်သာ ကြည့်တတ်ခဲ့သူပါ…ကိုကိုရယ်။

ဒီလိုနဲ့ ကျွန်မ ဖုန်းပိတ်ထားတဲ့ အချိန်တွေမှာ ကိုကိုဟာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားမှုများစွာနဲ့ ကျွန်မဆီ စိုးရိမ်တကြီး ဖုန်းတွေခေါ်ဆိုနေခဲ့ရတယ်လေ။ ကျွန်မရဲ့ တစ်ကိုယ်ကောင်းဆန်ဆန် လုပ်ရပ်တွေက ကိုကို့အတွက် စိတ်ဒဏ်ရာတွေ ဖြစ်စေခဲ့သလားကွယ်။

+++

တဂွမ်ဂွမ်ခေါ်ဆိုနေတတ်တဲ့ ကိုကို့ရဲ့ ဖုန်းသံတွေဟာ ကိုကို့မွေးနေ့နောက်ပိုင်းမှာတော့ လုံးလုံးလျားလျား အေးစက်တိတ်ဆိတ်သွားပါတယ်။

ထုံးစံအတိုင်း ကိုကို့အပေါ် နိုင်ချင်လွန်းတဲ့ ကျွန်မဟာ ဒီတစ်ခါလည်း အလျှော့မပေးဘဲ ကိုကို့ဆီ မဆက်သွယ်ဘဲ တင်းခံမြဲတင်းခံနေမိတယ်။

ဒါပေမယ့် ကိုကို့ရဲ့ဖုန်းခေါ်သံတွေကို ကျွန်မ သတိရလွမ်းဆွတ်နေမိတာကတော့ ဒီကမ္ဘာပေါ်မှာရှိနေတဲ့ မှားယွင်းမှုတွေထဲက သေချာတဲ့ အမှန်တရားတစ်ခုပေါ့…ကိုကိုရယ်။

ရက်ပေါင်းများစွာကြာပြီး တစ်ရက်မှာတော့ အေးစက်စပြုလာတဲ့ ကိုကိုနဲ့ကျွန်မရဲ့ ဆက်ဆံရေးကို ပြန်လည်အသက်သွင်းပေးမယ့် ဖုန်းမြည်သံလေး ထွက်ပေါ်လာတယ်။

ဘယ်သူရှိရမလဲ။

ကိုကို့ဆီကပဲပေါ့။

"ဟယ်လို… ဖြူသွယ် ပြောနေပါတယ်"

"ဖြူသွယ်… ကိုယ်ပါ"

"ဟင်… ကိုကို"

ကိုကို ဖုန်းပြန်ဆက်တဲ့နေ့က ခံစားရတဲ့ ကျွန်မရဲ့ပျော်ရွှင်မှု



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပြောမပြတတ်လောက်အောင်ပါပဲ။

"ကိုကို…ကိုကို နေကောင်းလားဟင်"

"အင်း…ကောင်းတယ်၊ ဖြူသွယ်ရော"

"ကောင်းတယ် ကိုကို…ဖြူသွယ်လည်း နေကောင်းပါတယ်"

အဲဒီနောက်တော့ ဘာမှပြောစရာ ရှာမတွေ့ဘဲ ကိုကိုရော ကျွန်မရော ခဏတိတ်ဆိတ်သွားပြီးမှ…

"ဖြူသွယ်"

"ရှင်"

"ကိုယ့်ကို စိတ်မဆိုးနဲ့နော်"

"ဟင် ကိုကိုကလည်း ပြောင်းပြန်ကြီး"

"ပြောင်းပြန်ပြန်ကွာ"

ကိုကိုနဲ့ကျွန်မ ရယ်ဖြစ်သွားပါတယ်။

နေ့ရက်အတော်ကြာကြာ ပျောက်ဆုံးနေခဲ့ရတဲ့ ကိုကိုနဲ့ကျွန်မရဲ့ကြားက ရယ်မောသံလေးတွေလေ။

ကံဆိုးချင်တော့ အဲဒီရယ်မောသံလေးတွေဟာ အချိန်ကြာကြာ မခံလိုက်ဘူး ဖြစ်သွားရတယ်။

ဒီလိုပါ။

တိုက်တိုက်ဆိုင်ဆိုင် မမျှော်လင့်ဘဲ ကိုကိုဖုန်းဝင်လာတဲ့ အချိန်မှာ ကျွန်မက အန်တီမျိုးနဲ့ အပြင်တစ်ခုသွားဖို့ အဆင့်သင့်ဖြစ်နေချိန်လေ။

"ဩော်…ကိုကို…ဟိုလေ ကျွန်မအခု အန်တီမျိုးနဲ့အပြင်



www.burmeseclassic.com

www.burmeseclassic.com



သွားစရာရှိလို့…အဲဒါ”

“ဘာလဲ…ထုံးစံအတိုင်း နောက်မှပြန်ဆက်ပေါ့ ဟုတ်လား ဖြူသွယ်”

“ဟုတ်…ဟို ကိုကို စိတ်မဆိုးနဲ့နော်”

“ရပါတယ်ကွာ…ဒါဆို ဖုန်းချလိုက်တော့မယ်”

‘နောက်တော့မှ ဆုံကြမယ်နော်’ဆိုတဲ့ နှုတ်ဆက်စကားအဆုံး ဖုန်းချလိုက်ရင်း ကျွန်မကိုယ်ကျွန်မ သိပ်ပြီးအတ္တဆန်လွန်းသွား သလားတောင် တွေးမိလိုက်ပါရဲ့။

❑



www.burmeseclassic.com

www.burmeseclassic.com



(၂၉)

အပြင်မှာ မိုးတွေတောင် တိတ်သွားပြီ…ကိုကို၊ ဒီမိုးဟာ ဒီနှစ်ရဲ့ နောက်ဆုံးမိုးဆိုရင် သိပ်ပြီးမကြာတော့တဲ့အချိန်မှာ နှင်းစက်နှင်းမှုန်တွေ ပေလူးနေတဲ့ နံနက်ခင်းတွေတောင် ရောက်လာတော့မယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကိုကိုလည်း ပြန်ချင်ရောပေါ့။

ကိုကို့ရဲ့ ကြိုတင်ဖိတ်ခေါ်မှုမပါဘဲ ကိုကိုသောက်နေကျ ဟောဒီမြေစိုက်ကဖေးဆိုင်လေးထဲ ခပ်တည်တည်ဝင်ချလာပြီး ကိုကို့ရှေ့မှာ ကိုကိုပြန်မကြားလိုတော့တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို နာရီအတန်ကြာအောင် နားထောင်နေရတာ ပင်ပန်းလှရောပေါ့နော်။

စိတ်ချပါ ကိုကိုရယ်။

ဒီနေ့ကစလို့ ကျွန်မနဲ့ပတ်သက်သမျှ ကိုကို စိတ်ချမ်းသာစေရပါ့မယ်။

ဒါပေမယ့် တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ကိုကိုနဲ့ကျွန်မရဲ့ နောက်ဆုံးဖြစ်စဉ်လေးအကြောင်း အောင့်အည်းသည်းခံ နားထောင်ပေးသွားပါဦးလားကွယ်။

ဟောဒီ နောက်ဆုံးဖြစ်စဉ်လေးအကြောင်း ပြောပြဖို့ နေ့ရွှေညရွှေနဲ့ တစ်ဆောင်းမသစ်ပါရစေနဲ့တော့။

ဘာဖြစ်လို့လည်းဆိုတော့ အေးမြစွတ်စိုပြီး နှင်းငွေ့တွေဝေနေတဲ့ ဆောင်းညတစ်ညမှာ ဖြစ်ခဲ့တဲ့ အကြောင်းတွေကို စိတ်မကောင်းစွာနဲ့ ပြန်ပြောရမှာမို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနဲ့ကျွန်မရဲ့ မမေ့နိုင်ဆုံးသော ရက်စက်ခါးသီးစရာ ဆောင်းလယ်ညတစ်ညအကြောင်းဆိုရင်လည်း မှားမယ်မထင်ပါဘူး။

ကောင်းကင်က မိုးစက်မိုးပေါက်တွေ အမြောက်အများ ကျပါများတဲ့အခါ လှိုင်းထန်တဲ့ ပင်လယ်ပြင်တစ်ခု ဖြစ်လာနိုင်သလို ဘယ်လောက်ပဲ ခိုင်ခံ့တဲ့ အဆောက်အအုံဖြစ်နေပါစေ၊ ကာလကြာရှည် ပစ်ပယ်ထားလိုက်ရင် အလွယ်တကူ ပြိုကွဲပျက်ဆီးသွားတတ်တာမျိုး မဟုတ်လား။

မိုင်ပေါင်းများစွာ ဝေးကွာနေတဲ့ ကိုကိုနဲ့ကျွန်မရဲ့ ရင်ဘတ်တွေထဲက ချစ်ခြင်းမေတ္တာကလည်း အတွင်းမှာ ခြကောင်တွေ လိုက်စားနေတဲ့ စာအုပ်သေတ္တာတစ်လုံးနဲ့ တူလာတယ်။

အဲဒီသေတ္တာကို တစ်စုံတစ်ယောက်က လှပ်မကြည့်မိခင်ထိတော့ အရာရာဟာ အကောင်းအတိုင်းပဲပေါ့။

"ဟယ်လို ဖြူသွယ်လား…ကိုယ်ပါ၊ ကိုယ်အခု ဘုရားက ပြန်လာတာကွ"

"သြော်…ကိုကို၊ ညကျမှ ပြန်ခေါ်တော့နော်၊ လောလောဆယ် ကျွန်မ မအားလို့ ဒါပဲနော်"

ကျွန်မရဲ့မွေးနေ့တွေတိုင်း ဘုရားသွားပေးပြီး ဖုန်းဆက်လာတဲ့ ကိုကို့ကို ကျေးဇူးတင်စကားတစ်ခွန်းတောင် ဝတ်ကျေတန်းကျေ မပြောလိုက်နိုင်အောင်ဘဲ ကျွန်မဟာ နမော်နမဲ့နိုင်လွန်းလှပါရဲ့။

"ဒီလိုလေ ဖြူသွယ်ရဲ့…ကိုယ် တိုင်ပင်စရာရှိလို့ ဖုန်းလှမ်းဆက်လိုက်တာ"

"နေဦး ကိုကိုရာ…ကျွန်မ ကျောင်းစာတွေလုပ်ရဦးမှာ ဒါအရမ်းအရေးကြီးနေတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



အချစ်တစ်ခုမှာ ဂရုစိုက်မှုရာခိုင်နှုန်းဟာ ဘယ်လောက်အတိုင်းအတာအထိ ရှိတတ်သလဲမသိဘူးနော်။

တကယ်လို့သာ တိကျတဲ့ တိုင်းတာမှုတွေရှိနေခဲ့ရင် ကိုကို့အပေါ် ကျွန်မရဲ့ ဂရုစိုက်မှုရာခိုင်နှုန်းကတော့ သေချာပေါက် စိုးရိမ်ရေမှတ် ရောက်နေပြီဆိုရမှာပဲ။

လျော့ရဲလာတဲ့ ကျွန်မရဲ့ ဂရုစိုက်မှုတွေကို ကြာလာတော့ ကိုကိုလည်း ချဉ်လာတယ်ထင်ပါရဲ့။ ကျွန်မဆီ ဖုန်းခေါ်ဆိုမှုတွေ သိသိသာသာ ကျဲသွားတယ်။

ပုံမှန်ဆက်နေကျ ကြာသပတေးနေ့တွေမှာတောင် အမြဲတမ်း ဖုန်းမခေါ်တော့ဘဲ 'ဒီနေ့ ဖြူသွယ့်အတွက် ကိုယ် ရွှေတိဂုံဘုရားသွားပေးထားတယ်'ဆိုတဲ့ မေးလ်စာတိုတိုလေးသာ ကျွန်မမေးလ်ထဲ ထည့်ထားတာ တွေ့ရတော့တယ်လေ။

+++

အဲဒီလိုနဲ့...

ကိုကိုက ကျွန်မဆီဆက်သွယ်လိုက် ပျောက်သွားလိုက်ပေါ့။

ဆက်သွယ်လာတော့လည်း ကိုကိုက ရိတဲ့ ခနဲ့တဲ့လေသံတွေနဲ့ ကျွန်မကို စကားပြောတတ်လာတယ်။ ကျွန်မကလည်း အချိန်တစ်ခုပေးပြီး ကိုကို့ကို မနှစ်သိမ့်ဘဲ တစ်ကိုယ်ကောင်းဆန်ဆန် အမူအကျင့်တွေနဲ့ပဲ ဆက်ဆံနေခဲ့တယ်။

ဘယ်လိုပြောရမလဲ။

အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ဖုံးတယ်ဆိုတဲ့ အတိုင်းပဲပေါ့...ဆိုကိုရယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေးကြည့်လိုက်မယ်ဆိုရင် ကျွန်မအပေါ် ကိုကို့ရဲ့ အလို လိုက်သည်းခံမှုတွေ များပြားလွန်းခဲ့သလောက် ကျွန်မဘက်ကတော့ ကိုကို့အပေါ် အများကြီးလိုအပ်ခဲ့တယ် မဟုတ်လား။

တစ်ခါတလေမှာ မြှူပြဖိစီးမှုတွေကြောင့် ဘာမဟုတ်တဲ့ ကိုကို့ ရဲ့ ရိသဲ့သဲ့စကားလုံးတွေကို မျက်ကွယ်ပြုပြီး နှစ်သိမ့်ရမယ့်အစား အဲဒီစကားလုံးတွေကိုပဲ တန်ပြန်တိုက်စစ်ဆင်လို့ ကျွန်မ ထွက်ပေါက် ရှာဖွေမိသွားတယ်။

ကျွန်မက ကျွန်မဘက်ကိုပဲ ကျွန်မကြည့်မိနေတာလေ။ နိုင်ငံခြားရောက်နေတုန်း ကိုကို့နဲ့ပတ်သက်လို့ ကျွန်မ လုံးဝနီးပါး မေ့လျော့နေခဲ့တာ တစ်ခုရှိတယ်။

အဲဒါကတော့ ကိုကိုဟာ သာမန်ထက် ခံစားထိခိုက်လွယ်တဲ့ နှလုံးသားနဲ့ရှင်သန်သူ အနုပညာသမားတစ်ယောက်ဆိုတဲ့ အချက်ပါပဲ။

+ + +

"ဖြူသွယ်…ကိုယ်ပြောထားတဲ့ စာအုပ်တွေ ဘယ်တော့ပို့ မှာလဲ"

"ဘာစာအုပ်တွေလဲ ကိုကိုရ"

"ဟိုတစ်ခါပြောထားတဲ့ စာအုပ်တွေလေကွာ၊ ယန်းချီ သဘော တရား စာအုပ်တွေလေ"

"သြော် ဟုတ်သားပဲ ကျွန်မ မေ့နေလို့…ဒါပေမယ့် အဆင် မပြေဘူး ကိုကို၊ ကျွန်မ အဲဒီစာအုပ်တွေရှာဖို့ လုံးဝအားမှာမဟုတ် ဘူး"

"ဘယ်လို…အားမှာ မဟုတ်ဘူး ဟုတ်လား၊ ဟိုတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ဖြူသွယ့်အစ်မ ကျော့ရှင်းဝေအတွက် မိန်းကလေးအလှပြင် ပစ္စည်းတွေတော့ ဖြူသွယ် အချိန်ပေးရှာဖွေ ဝယ်ပို့ပေးပြီးတော့"

+++

ကံမကောင်းတဲ့ တစ်နေ့မှာတော့ ကိုကိုနဲ့ကျွန်မရဲ့ကြားက ခြစားနေတဲ့ စာအုပ်သေတ္တာဟာ တစ်စုံတရာ ပယောဂကြောင့် ပွင့်ထွက်ဖို့ ကြုံလာရတော့တယ်။

ပိုပြီး ကံဆိုးစေဖို့ ဖြစ်လာရတာက အဲဒီနေ့က ကျွန်မ တက်ရောက်နေတဲ့ ကျောင်းစာမေးပွဲအတွက် သူငယ်ချင်းတစ်ယောက်နဲ့ စာအတူကျက်နေချိန် ဖြစ်နေတာပါပဲ။

အဲဒီနေ့တစ်နေ့လုံး ကိုကိုဟာ နေ့လည်ကတည်းကစပြီး ညနက်ပိုင်းရောက်ချိန်ထိအောင် ကျွန်မဆီ အင်တာနက်ထဲကတစ်ဆင့် ဖုန်းတောက်လျှောက် ခေါ်ဆိုနေခဲ့တယ်။

"ဟယ်လို...ဖြူသွယ်လား"

"ဟယ်လို မကြားရဘူး ဘယ်သူလဲ"

"အခုပြောနေတာ ဘယ်သူလဲ၊ ဖြူသွယ် ဘယ်မှာလဲ၊ ဖြူသွယ့်ဖုန်း မဟုတ်လား"

"သြော်...အေး ဖြူသွယ်ရှိတယ်၊ ဘာပြောပေးရမလဲ"

"ဘာမှမပြောပေးနဲ့ ဟော့ကောင်...ငါ ဖြူသွယ်နဲ့ပဲ စကားပြောချင်တယ်"

ဖုန်းလက်ခံစကားပြောသူဟာ ကျွန်မနဲ့ စာအတူကျက်နေတဲ့ ယောကျ်ားလေးသူငယ်ချင်းတစ်ယောက် ဖြစ်နေတာကတော့ ကိုကို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားဆူဝေနေတဲ့စိတ်ကို ချက်ချင်းလက်ငင်း ပွက်ထစေဖို့ ဖြစ်လာရတော့တာပဲပေါ့။

"ဟယ်လို...ဖြူသွယ် ပြောနေပါတယ်"

"ဟား...ဘယ်လိုဖြစ်ရတာလဲ ဖြူသွယ်ရာ၊ ဒီဖုန်းကို ခေါ်နေတာ နေ့လယ်ကတည်းကပဲ၊ ဒါနဲ့ နေပါဦး...မင်းဖုန်းကိုကိုင်တာ ဘယ်သူလဲ"

"သူငယ်ချင်းပါ"

"ဒီအချိန်ထိ မင်းတို့ဘာလုပ်နေတာလဲ ဖြူသွယ်၊ ကိုယ့်ဖုန်းကိုရော ဘာလို့ တစ်နေကုန်မကိုင်တာလဲ"

ကိုကို့ရဲ့ဒေါသသံက ဖုန်းထဲကနေ အတော်ကျယ်လောင်နေခဲ့တော့ ကျွန်မဘေးနားက သူငယ်ချင်းတောင် တစ်စွန်းတစ်စ ကြားမိမယ်ထင်ပါရဲ့။

"ကိုကို...ကျွန်မဖုန်းက ပိုက်ဆံအိတ်ထဲမှာ၊ နောက်ပြီး... အသံကိုလည်း ခါတိုင်းထက် တိုးထားလို့ ဘယ်ဖုန်းလာတာကိုမှ ကျွန်မ မသိခဲ့ဘူး ကိုကို"

"နေစမ်းပါဦး ဖြူသွယ်၊ ဘာဖြစ်လို့ မင်းဖုန်းကို တခြားကောင်က နားထောင်ဖြေဆိုပေးရတာလဲ"

"ကျွန်မ မနက်ဖြန် စာမေးပွဲဖြေရမှာ ကိုကို၊ အဲဒါ သူနဲ့ ကျွန်မ စာကျက်နေကြတာ၊ ခုနမှ ကျွန်မဖုန်းကိုထုတ်ပြီး သူ့ရှေ့ချထားမိတာ"

"မင်း ဘာမှ ဝေ့လည်ကြောင်ပတ် ရှင်းပြမနေပါနဲ့တော့ကွာ၊ မင်းကိုငါ တော်တော်စိတ်ပျက်သွားပြီ ဖြူသွယ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရဲ့ နားမချမ်းသာစရာ စကားအဆုံးမှာ ကျွန်မ ရှင်းပြထားသမျှ လေထဲလွင့်သွားတယ်။ ကျွန်မရဲ့ စိတ်ရှည်သည်းခံစိတ်ကလေးလည်း လေထဲ တစ်ခါတည်း လွင့်သွားတယ်။

ကိုကိုကတော့ ကျွန်မကို ဆက်ပြောတယ်။

"ကိုယ့်ဖုန်းဆိုရင် ခုနောက်ပိုင်း မင်းအမြဲတမ်း အကြောင်းအမျိုးမျိုးပြပြီး ရှောင်နေတာ၊ ဒီကောင့်ကြောင့်လား ဖြေသွယ်"

ကိုကို့စကားတွေက တစ်နေကုန် ရုန်းကန်ရပ်တည်ထားရတဲ့ ကျွန်မ ပင်ပန်းမှုတွေအတွက် ဆေးဖက်မဝင်ဘဲ ဖိစီးမှုသာပိုလာစေတယ်။

"ကိုညိန်းကိုကို အခု ကျွန်မရောက်နေတာ နိုင်ငံခြားလေ၊ ဒီအချိန်က ဒီမှာ အလုပ်လုပ်နေကြတုန်း၊ ဒီအချိန်မှာ ယောကျ်ားလေးတစ်ယောက်နဲ့ အတူရှိမှာ ဒီမှာဘာမှမဆန်းဘူး'

ကျွန်မစကားကြောင့် ကိုကို ခဏငြိမ်သွားတယ်။ ဒါပေမယ့် ချက်ချင်းဆိုသလိုပဲ…

"အေး…အဲဒီနိုင်ငံခြားမှာမို့ ပိုပြီး စိတ်ပူရတာပဲ၊ ပြီးတော့ မင်းပြောတဲ့စကားတွေကို ဘယ်လိုယုံကြည်ရမှာလဲ ပြောပါဦး ကိုယ့်ကို ပြောစမ်းပါဦး"

"တော်ပါပြီ…ကိုညိန်းကိုကို၊ ကျွန်မအတွက် ရှင်မလိုအပ်တော့ဘူးထင်တယ်"

"ဘာ…ဘာပြောလိုက်တယ်"

"ဟုတ်တယ်…ကျွန်မအတွက် ရှင်မလိုအပ်တော့ဘူး၊ သိပ်မကြာခင်ရက်က ဒီမှာ ကျွန်မချစ်သူ အသစ်ရတယ်၊ အဲဒါ မောစောက



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုင်တဲ့လူပဲ…ရှင်းပြီလား ကိုညိန်းကိုကို ကျွန်မ ဖုန်းချလိုက်တော့မယ်"

မြင်းဖောင်းတစ်ခုထဲက မြင်းရိုင်းတွေ လွတ်ပြေးသွားသလိုမျိုး စကားလုံးတွေက ကျွန်မနှုတ်ခမ်းလွှာပေါ် တရစပ်ဖြတ်ပျံ့ဝဲပြီး ကိုကို့နားထဲ ရောက်သွားမယ်ထင်တယ်။

"ဖြူသွယ် မင်းအတည်ပြောနေတာလား၊ ကိုယ့်ကို မရွဲ့နဲ့နော်"

"ကျွန်မ မရွဲ့ဘူး ကိုညိန်းကိုကို…စဉ်းစားကြည့်ပေါ့၊ ဘာမဟုတ်တဲ့ ပန်းချီဆရာတစ်ယောက်နဲ့ ကျွန်မ လက်ထပ်ချင်မယ်ထင်လို့လား…ကျွန်မ အတည်ပြောနေတာ"

ဒီတစ်ခါတော့ ကျွန်မရဲ့ ချွန်မြနေတဲ့ စကားလုံးတွေက ကိုကို့အရိုက်တည့်တည့် ထိုးစိုက်မိသွားပြီနဲ့ တူပါရဲ့။

"ဟုတ်ပါပြီလေ…ရပါတယ်…မင်းဘက်က ပြတ်သေးတာပဲ ငါကလည်း ပြတ်…တယ်…Goodbye baby"

ရက်ပေါင်းများစွာ ခြစားနေတဲ့ စာအုပ်သေတ္တာကြီးဟာ နောက်ဆုံးတော့ ကလေးဆန်ဆန် အတွေးအခေါ်နဲ့ မကြာမကြာ နမော်နမဲ့နိုင်တတ်လွန်းသူ ကိုကို့ရဲ့ ကောင်ဆိုးမလေးကြောင့် ပွင့်ထွက်သွားရပြီလေ။

ဒါဟာ ကျောခိုင်းခြေလှမ်းတွေနဲ့ အပြန်လမ်းမှာ ကိုကို့ရဲ့ အရိပ်ဖြူဖြူဆီ ပြန်မလှည့်ဖြစ်တော့တဲ့ ဒုတိယမြောက် နောက်ဆုံးညလေး အဖြစ် ကျွန်မနှလုံးသားထက် ထပ်မံတံဆိပ်ခတ်ခံလိုက်ရတဲ့ နေ့ရက်ပဲပေါ့။

❑



www.burmeseclassic.com

www.burmeseclassic.com



(၃၀)

အရာအားလုံးအတွက် ကျေးဇူးပါပဲ… ကိုကို။
Thank 4 everything ko ko.



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦးလား။

ဟောဒီကဖေးဆိုင်လေးရဲ့ ပြတင်းပေါက်ကနေတစ်ဆင့် လှမ်းမြင်နိုင်တဲ့ ပြာလွှလွှပြန့်ကျယ်တဲ့ ဆုံးစမဲ့ ကောင်းကင်လွင်ပြင်ကြီးဆီကိုလေ။

စောစောက မိုးတွေ တအုန်းအုန်းရွာချခဲ့တာ သူမဟုတ်သလိုပုံနဲ့ မှင်မောင်းကောင်းလွန်းတဲ့ ကောင်းကင်ကြီးပဲပေါ့။

ခုတော့...

ခုတော့ ကျွန်မလည်း အဲ့ဒီကောင်းကင်ကြီးလိုပဲ ဘာမှ နောက်ထပ်ရွာချစရာ မရှိတော့ပါဘူး။

ကျွန်မပြောသမျှ အချိန်ပေးပြီး စိတ်ဝင်တစား နားထောင်ပေးခဲ့တဲ့ရှင့်ကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါရဲ့။ ဒီအတွက် ရှင်စားသောက်ထားတဲ့ ကျသင့်ငွေကို ကျွန်မ စေတနာအပြည့်နဲ့ ပေးချေပါရစေနော်။

အခုလို ရှင်တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သုံးဆောင်မှုအပေါ် အခွင့်ကောင်းယူပြီး ကျွန်မရဲ့ အစမ်းလေ့ကျင့်မှု သင်ခန်းစာအတွက် အသုံးချရတာ စိတ်မကောင်းလှပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်မရှာဖွေနေတဲ့ ကိုကို့ကိုသာ တစ်ချိန်မှာ ပြန်တွေ့ခွင့်ရမယ်ဆိုရင် အခုအစမ်းလေ့ကျင့်မှုဟာ အတော်ကလေး အသုံးဝင်လာမှာပါပဲ။

ကိုကိုနဲ့ပတ်သက်လာရင် ဘာကိုမှ အလေးအနက်မရှိဘဲ နမော်နမဲ့နိုင်လွန်းလို့ အစမ်းလေ့ကျင့်မှု အကြိမ်ကြိမ်ကို ကျွန်မ ပြုလုပ်နေရတာပါ။

ကိုကို့ကို မတွေ့ခင်ထိတော့ ဒီလိုအစမ်းလေ့ကျင့်မှုတွေကို ဆက်ကာဆက်ကာ လုပ်နေရဦးမှာပဲလေ။

သိတဲ့အတိုင်း နောက်ထပ်တစ်ကြိမ် ကျွန်မ ကိုကိုနဲ့ ထပ်မလွဲချော်ချင်တော့ဘူး။

ကိုကို့ကို အမြန်ဆုံးပြန်ရှာတွေ့ဖို့ ရှင်လည်း ကျွန်မအတွက် ဆန္ဒရှိရင် ဆုတောင်းပေးပေါ့။

နှုတ်ဆက်ခဲ့ပါတယ်။

BURMESE CLASSIC

ကျွန်မ သွားတော့မယ်။

ဩော်... ဒီဝိုင်းအတွက် ကျသင့်ငွေကို ကောင်တာမှာ ကျွန်မ ရှင်းပေးခဲ့မယ်နော်။

❑

မှူးသူ

၂၀၀၉



www.burmeseclassic.com